ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၁၄)ရက် ၊ စနေနေ့ ၊ (10-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၆၃)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# မြန်မာ့ပေါ်ဆန်းဆန် ကမ္ဘာ့အကောင်းဆုံးဆန်ဆု(World's Best Rice Award) ရရှိခြင်းအတွက် ဂုဏ်ပြုသဝဏ်လွှာ

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပသည့် International World Rice Conference 2026 ၌ မြန်မာနိုင်ငံ၏ အရည်အသွေးမြင့် ပေါ်ဆန်းဆန်သည် ကမ္ဘာ့အကောင်းဆုံးဆန်ဆု(World's Best Rice Award)ကို ဒုတိယအကြိမ်မြောက် ထပ်မံဆွတ်ခူးရရှိခဲ့သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီ ဂုဏ်သိက္ခာရှိသော ဆုတံဆိပ်ကို ရရှိခြင်းသည် **"မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းရမည်"**ဆိုသည့် စကားရပ်နှင့်အညီ မြန်မာ့ဆန်၏ အရည်အသွေး၊ အနံ့အရသာနှင့် ထူးခြားကောင်းမွန်မှုတို့ကို ကမ္ဘာက အသိအမှတ်ပြုခြင်းဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အမျိုးသားဂုဏ်ယူမှုကိုလည်း မြှင့်တင်ပေးနိုင်သည့် ထူးခြားသောအောင်မြင်မှုတစ်ရပ်ဖြစ်ပါသည်။

ဤအောင်မြင်မှုသည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ ကြိုးပမ်းအားထုတ်မှုနှင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ပါဝင်ဆောင်ရွက်ကြသူများ၏

စာမျက်နှာ ၁၆ ကော်လံ ၁

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၉**

၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊

စာမျက်နှာ ၁၆ ကော်လံ ၁



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

# မြန်မာ့ပေါ်ဆန်း ကမ္ဘာ့အကောင်းဆုံးဆန်(World's Best Rice Award 2026)ဆုရရှိ




၁။ အမေရိကန်ပြည်ထောင်စုအခြေစိုက် International Commodity Institute, The Rice Trader အဖွဲ့အစည်းက ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပသော International World Rice Conference 2026 တွင် နိုင်ငံတကာဆန်အမျိုးအစားများ ပါဝင်ပြသခဲ့ပြီး ဆန်အရည်အသွေးယှဉ်ပြိုင်ပွဲကို ကျင်းပခဲ့ရာ မြန်မာ့ပေါ်ဆန်းဆန်သည် World's Best Rice Award ဆု ချီးမြှင့်ခြင်းကို လက်ခံရရှိခဲ့ပါသည်။ ၂၀၁၁ ခုနှစ် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပသော နိုင်ငံတကာဆန်စပါးညီလာခံနှင့် ဆန်အမျိုးအစားများပြပွဲနှင့် ယှဉ်ပြိုင်ပွဲတွင် မြန်မာပေါ်ဆန်းသည် ကမ္ဘာ့အကောင်းဆုံးဆန်(World's Best Rice Award)ကို လက်ခံရရှိခဲ့၍ ယခုရရှိမှုသည် ဒုတိယအကြိမ်ဖြစ်ပါသည်။နိုင်ငံတော်၏ "မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းစေရမည်"ဆိုသော

စာမျက်နှာ ၂၃ ကော်လံ ၄

ရတနာပုံ **ယနေ့ဖတ်စရာ**

**ပြည်ထောင်စုဝန်ကြီးတာဝန်မှ အနားယူခွင့်ပြု** စာမျက်နှာ - ၂၀

**တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပ** စာမျက်နှာ - ၇

**တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပ** စာမျက်နှာ - ၉

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်

**အယ်ဒီတာ့အာဘော်**

# မြန်မာ-မလေးရှား နှစ်နိုင်ငံပြည်သူတို့အတွက် အကျိုးရှိသောခရီးစဉ်

မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် တူညီသည့်သမိုင်းကြောင်းများရှိပြီး ပထဝီအနေအထားအရ အရှေ့တောင်အာရှကျွန်းဆွယ်၌ အတူတည်ရှိနေသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည်။ ထို့ပြင် နှစ်နိုင်ငံဆက်ဆံရေးသည် နိုင်ငံရေးနှင့်သံတမန်ရေးရာကဏ္ဍများအပြင် စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဆက်သွယ်ရေးနှင့် နည်းပညာ၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ ပညာရေးနှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍများအထိ ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင်လည်း နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါဘင် အီဘရာဟင်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ အောက်တိုဘာ ၇ ရက်မှ ၈ ရက်ထိ တရားဝင်ခရီးစဉ် သွားရောက်ခဲ့သည်။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် အောက်တိုဘာ ၇ ရက်က ကွာလာလမ်ပူမြို့ရှိ Inter Contenental Kuala Lumpur Hotel ၌ ကျင်းပခဲ့သော မြန်မာ-မလေးရှား နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။ အဆိုပါဆွေးနွေးပွဲသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် မလေးရှားနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ် (NCCIM) တို့က ဦးစီးကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲဖြစ်ပြီး နှစ်နိုင်ငံ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်လုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးအတွက် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

မလေးရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ အရေးပါသည့်ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၆၂ ဘီလီယံရှိပြီး ယခုနှစ် ဩဂုတ်လအထိ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁ ဘီလီယံကျော်ရှိသည်။ မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များ၊ ရော်ဘာနှင့် ကုန်ကြမ်းများ၊ ချုပ်ပြီးအထည်များ တင်ပို့လျက်ရှိပြီး မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ စက်ဆီ၊ ချောဆီနှင့် ရေနံထွက်ပစ္စည်းများ၊ စားအုန်းဆီ၊ စားသောက်ကုန်၊ စက်မှုကုန်ချောများ၊ အီလက်ထရောနစ်ပစ္စည်းနှင့် ပလတ်စတစ်ကုန်ကြမ်းပစ္စည်း၊ ဓာတုကုန်ကြမ်းနှင့် ဆေးဝါးပစ္စည်း စသည်တို့ကို တင်သွင်းလျက်ရှိသည်။

မြန်မာနိုင်ငံသည် လက်ရှိတွင် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဖိတ်ခေါ်လျက်ရှိသည်။ ထို့ကြောင့် မလေးရှားနိုင်ငံ၏ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူပူးပေါင်းပြီး စားသောက်ကုန်ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ လယ်ယာအခြေခံသွင်းအားစုထုတ်လုပ်ခြင်း၊ မွေးမြူရေးနှင့် အသားငါးပြုပြင်ထုတ်လုပ်ခြင်း၊ ရော်ဘာနှင့် ရေထွက်ကုန်ပြုပြင်ထုတ်လုပ်ခြင်း စသည့်တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုစက်ရုံများ တည်ထောင်ခြင်းဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် ကမ္ဘာ့ကုန်ထုတ်လုပ်မှုတန်ဖိုးကွင်းဆက်များတွင် အတူပူးပေါင်းရင်းနှီးမြှုပ်နှံရန် မြန်မာနိုင်ငံအစိုးရက ဖိတ်ခေါ်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတ၏ ယခုခရီးစဉ်မှသည် မြန်မာ-မလေးရှားနှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးများစွာ ရရှိလာစေမည်ပင်ဖြစ်ပါကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ ရေးသားလိုက်ရပေသည်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၃၅၃၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မြင်းမူ အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၃၅၃၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၈၄၀၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလဒုတိယပတ်မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၃၅၃၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၃ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ပဲတီစိမ်း ၁၈၄၀၂ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၃၅၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ရိတ်သိမ်းပြီးစီးတဲ့ ပဲတီစိမ်းတွေ ဈေးကွက်ရရှိဖို့ကိုလဲ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ချိတ်ဆက် ဆောင်ရွက်ပေးနေပါတယ်" ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေးဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ဖလန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖလန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၁ ဒသမ ၈၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖလန်ကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၀၀ ကို ငွေကျပ် ၃၄ ဒသမ ၉ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦးကို ငွေကျပ်၂၆ ဒသမ ၉၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၁ ဒသမ ၈၅ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှ သိရသည်။

**အောင်ရဲကျော်**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးသလဲထိုးပိဿာချိန် ၄၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးသလဲထိုး ပိဿာချိန် ၄၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးသလဲထိုး ပိဿာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးသလဲထိုး ပိဿာချိန် ၄၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးသလဲထိုး တစ်ပိဿာလျှင် ငွေကျပ် ၂၀၅၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း မော်လမြိုင်ကျွန်း မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးသလဲထိုး ပိဿာချိန် ၄၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကိုပဲ ရေထွက်ကုန်တွေကို အဓိက တင်ပို့ရောင်းချနေတာပါ။ ငါးသလဲထိုးတွေကို လက်ရှိမှာလဲ ရန်ကုန်ဈေးကွက်က မှာယူနေသလို နောက်ထပ်လဲ မှာယူဖို့ရှိနေပါတယ်။ ကုန်ချိန်အများအပြား တင်ပို့ရတော့ ရေလုပ်သားတွေ အပါအဝင် ရေထွက်ကုန်အရောင်းအဝယ်လုပ်ငန်းနဲ့ ဆက်စပ်သူတွေလဲ အဆင်ပြေပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုး အပါအဝင် ရေထွက်ကုန်များတင်ပို့အား ကောင်းလာသည့်အတွက် ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အဆင်ပြေနေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးထံမှ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၀ေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ပုသိမ်ကြီးမြို့နယ် ထန်းတောမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ်ကြီး အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ထန်းတောတောင်ကျေးရွာနှင့် ထန်းတောမြောက်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၈ ရက်က ထန်းတောမြောက်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၂ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါ ကျေးရွာနှစ်ရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၁၄ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် ၂၅ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၂ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၄ ဦးကို ရန်ပုံငွေကျပ် ၅၂ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**ဝက်လက် အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၃၆၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ဩဂုတ်လပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၁ ဒသမ ၅၀ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ မြေပဲ ၅၃၆၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲကေတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် မြေပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်း ကောင်းမွန်ရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၇ သန်းဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

နတ်မြောင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၃ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၅၃ ဒသမ ၄၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို ရန်ပုံငွေကျပ် ၅၇ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မိုင်းဖြတ်မြို့နယ် နမ့်ခမ်းတောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းဖြတ် အောက်တိုဘာ ၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နမ့်ခမ်းတောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ နမ့်ခမ်းတောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နမ့်ခမ်းတောင်ကျေးရွာ၌ ရေရရှိရေးအတွက် အရှည်ပေ ၉၉၀၀ ရှိ ရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၆၉ ဒသမ ၈၈ သန်းဖြင့် ကမ္ဘာမြေကုမ္ပဏီက စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဇင်မာ**

# သာပေါင်းမြို့နယ်တွင် ဒေသထွက် ခဲဝဲသီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**သာပေါင်း အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ဒေသထွက် ခဲဝဲသီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း သာပေါင်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ဒေသထွက် ခဲဝဲသီးများ အောက်တိုဘာလ ပထမပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ လက်ရှိတွင် တစ်ရက်လျှင် ခဲဝဲသီးပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ခဲဝဲသီးတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ပေါက်စျေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ ခဲဝဲသီးတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ ဝယ်ယူတာများနေပါတယ်။ လက်ရှိ တစ်ရက်တာ ရောင်းအားအနေနဲ့ ခဲဝဲသီး ပိဿာချိန် ၄၀၀၀ ကနေ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ခဲဝဲသီးက သာပေါင်းမြို့နယ်ရဲ့ ဒေသထွက်ကုန်တစ်ခုပါ။ အခုအရောင်းအဝယ်ကောင်းနေတဲ့ ခဲဝဲသီးတွေက အရည်အသွေးကောင်းပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ သန့်ရှင်းလတ်ဆတ်ပါတယ်။ အခြားဒေသတွေကလဲ သာပေါင်းမြို့နယ်က ထွက်ရှိတဲ့ ခဲဝဲသီးကို အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်ကုန် ခဲဝဲသီးတွေ ဝယ်ယူအားကောင်းလာတော့ စိုက်တဲ့တောင်သူတွေ၊ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေ အဆင်ပြေလာပါတယ်" ဟု သာပေါင်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် လက်ရှိ ခဲဝဲသီးများအပါအဝင် ဒေသထွက် ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ ခဲဝဲသီးများ ဝယ်ယူအားကောင်း၍ အရောင်းအဝယ်ကောင်းမွန်နေသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် တောင်သူများ ပြင်ဆင်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဆေးဖက်ဝင် ပုံလုံသီး သို့မဟုတ် ပဲလင်းမြွေသီး

ဒေါက်တာလပြည့်ခင်

**ပုံလုံသီး ခေါ် ပဲလင်းမြွေသီး**

ပုံလုံသီးသည် မိုးတွင်း၌တွေ့ရပြီး နွယ်ပင်မျိုးနွယ်ဖြစ်သောကြောင့် စင်နှင့်စိုက်ပျိုးရသော အသီးအနှံတစ်မျိုးဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် Snake Gourd ဟုလူသိများသည့် ပုံလုံသီးမျိုးရင်း (Family) မှာ ဘူး၊ သခွား၊ ဖရုံတို့ပါဝင်သော Cucurbitaceae မျိုးရင်းဖြစ်ပြီး သိပ္ပံအမည်မှာ Trichosanthes cucumerina သို့မဟုတ် Trichosanthes cucumerina var. anguina ဟု ခေါ်ဆိုကြသည်။

ပုံလုံသီးကို ရှေးကာလကတည်းက ဆေးဖက်ဝင်တန်ဖိုးကြီးမားသောကြောင့် အာယုဗေဒဆေးပညာ စာတမ်းများတွင် မှတ်တမ်းတင်ထားသည်။ လူသိများပြီး မြန်မာတို့၏မီးဖိုချောင်တွင် မကြာခဏချက်ပြုတ်စားသုံးလေ့ရှိသည့် ပုံလုံသီးသည် အရသာရှိရုံသာမက ကျန်းမာရေးအတွက်လည်း အလွန်အသုံးဝင်သော ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်သည်။

**ပုံလုံသီးပေါက်ရောက်ရာဒေသများ**

ပုံလုံသီး၏မူလဇာစ်မြစ်မှာ အိန္ဒိယတိုက်နှင့် အရှေ့တောင်အာရှဒေသများဖြစ်ကြပြီး ရှေးယခင်ကတည်းက စိုက်ပျိုးစားသုံးခဲ့ကြသည့် ရိုးရာသီးနှံတစ်မျိုးဖြစ်သည်။ အိန္ဒိယ၊ သီရိလင်္ကာ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ နီပေါ၊ အင်ဒိုနီးရှား၊ မလေးရှားအပါအဝင် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသအပူပိုင်းဒေသများတွင် သဘာဝအတိုင်းပေါက်ရောက်လေ့ရှိပြီး အာရှဒေသတွင်းနိုင်ငံအများစုတွင် ဟင်းလျာတစ်ခွက်အနေနှင့် နှစ်ခြိုက်စွာစားသုံးလေ့ရှိကြသည်။

**ပုံလုံသီးစားသုံးမှုပုံစံ**

ပုံလုံသီးကို သီရိလင်္ကာ၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် ဟင်းခတ်အမွှေးအကြိုင်များနှင့် ကြော်ချက်ခြင်း၊ ကာရီချက်ခြင်းများ ပြုလုပ်ကြပြီး အချို့ဒေသများတွင် ဆေးဖက်ဝင်ဖျော်ရည်အဖြစ်လည်းသောက်သုံးကြသည်။ ပြည်တွင်း(မြန်မာနိုင်ငံ)၌ တစ်နှစ်ပတ်လုံး လွယ်ကူစွာစိုက်ပျိုးနိုင်ပြီး အခွံပါးပါးခြစ်ကာ ကြော်ချက်ချက်ခြင်း၊ ပုဇွန်၊ အသားတို့ဖြင့် ဟင်းချိုချက်ခြင်း သို့မဟုတ် ပြုတ်၍ အတို့အမြုပ်အဖြစ် စားသုံးကြသည်။

**ပုံလုံသီးအစေ့နှင့်အရည်၏အကျိုးများ**

ပုံလုံသီးအစေ့သည် သွေးပေါင်မြင့်တက်ခြင်းကို လျှော့ကျစေနိုင်ခြင်း၊ ဝမ်းလျှောခြင်းကိုကုသရာတွင် အသုံးပြုနိုင်ခြင်း၊ ဆီးချိုရောဂါလက္ခဏာများကို ထိန်းညှိပေးခြင်း၊ အရေပြားနှင့် ဆံပင်အတွက် ကောင်းမွန်ခြင်း၊ အရေပြားပိုးဝင်မှုကို တားဆီးခြင်း၊ ဆံပင်ကြီးထွားမှုမြှင့်တင်ခြင်း၊ ဆံပင်ဗောက်လျှော့စေခြင်းအကျိုးများရရှိစေပြီး Snake gourd hair gel များလည်း ပြုလုပ်အသုံးပြုနိုင်သည်။ ပုံလုံသီးအရည်ကို ဖျားနာခြင်း၊ အသားဝါရောဂါ၊ နှလုံးရောဂါများ၊ ဆံပင်ကျွတ်ခြင်း၊ အဆစ်ရောဂါများကိုသက်သာစေရန်၊ ကိုယ်ခံစွမ်းအားတိုးစေခြင်း၊ Thyroid ကိုထိန်းညှိပေးခြင်းနှင့် နှစ်ခြိုက်စွာအိပ်ပျော်စေရန် အသုံးပြုလေ့ရှိသည်။

**ပုံလုံသီးတွင်ပါဝင်သော အာဟာရဓာတ်များ**

ပုံလုံပင်၏ အသီး၊ အစေ့၊ အရွက်နှင့် အရည်တွင် ကယ်လိုရီ၊ အစိုဓာတ်၊ ကာဗိုဟိုက်ဒရိတ် (ကစီဓာတ်)၊ အဆီဓာတ်၊ ပရိုတင်း၊ အမျှင်ဓာတ်၊ ကိုလက်စထရော၊ ဆိုဒီယမ်၊ ပိုတက်စီယမ်ဓာတ်တို့အပြင် ဗီတာမင် A၊ ဗီတာမင် B6 (Pyridoxine)၊ ဗီတာမင် B1 (Thiamine)၊ ဗီတာမင် B2 (Riboflavin) နှင့် ဗီတာမင် B3 (Niacin)၊ ဗီတာမင် C၊ ဗီတာမင် E နှင့် Phenolics Cucurbitacins၊ မီးစုန်းဓာတ်၊ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်၊ ဇင့်၊ သံဓာတ်၊ အိုင်အိုဒင်းတို့ ပါဝင်သည်။ အခြားဓာတ်များဖြစ်သည့် အမျှင်ဓာတ်၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် ရေဓာတ် ၉၀ ရာခိုင်နှုန်းကျော်ပါဝင်သည်။ ဤကဲ့သို့ ဗီတာမင်နှင့် သတ္တုဓာတ်များစွာပါဝင်နေသည့်ပုံလုံသီးကို စားသုံးပေးခြင်းဖြင့် ရရှိနိုင်သော ခန္ဓာကိုယ်အတွက် ပေးစွမ်းနိုင်သည့် အကျိုးကျေးဇူးများကို ဆက်လက်ဖော်ပြလိုပါသည်။

**ပုံလုံသီး ၁၀၀ ဂရမ်တွင် ပါဝင်သည့်အာဟာရများ**

ပုံလုံသီး ၁၀၀ ဂရမ်တွင် ကယ်လိုရီ ၈၆ ဒသမ ၂ ကီလိုကယ်လိုရီပါဝင်ပြီး အဓိကအာဟာရများအနေဖြင့် အဆီ ကိုးဂရမ်၊ ပြည့်ဝဆီ သုည ဒသမ ၅ ဂရမ်၊ ကာဗိုဟိုက်ဒရိတ် ၁၂ ဒသမ ၅ ဂရမ်၊ အမျှင်ဓာတ် သုည ဒသမ ၆ ဂရမ်၊ ပရိုတင်း ၂ ဂရမ်၊ ကိုလက်စထရော သုည မီလီဂရမ်၊ ဆိုဒီယမ် ၃၃ မီလီဂရမ်၊ ပိုတက်စီယမ် ၃၅၉ ဒသမ ၁ မီလီဂရမ်တို့အပြင် ဗီတာမင် A ၉ ဒသမ ၈ ရာခိုင်နှုန်း၊ ဗီတာမင် B6 ၁၁ ဒသမ ၃ ရာခိုင်နှုန်း၊ ဗီတာမင် C ၃၀ ဒသမ ၅ ရာခိုင်နှုန်း၊ ဗီတာမင် E ၁ ဒသမ ၁ ရာခိုင်နှုန်း စသည့်ဗီတာမင်များနှင့် သတ္တုဓာတ်များဖြစ်သည့် ကယ်လ်စီယမ် ၅ ဒသမ ၁ ရာခိုင်နှုန်း၊ မဂ္ဂနီစီယမ် ၆ ဒသမ ၇ ရာခိုင်နှုန်း၊ ဖော့စဖရပ် ၅ ရာခိုင်နှုန်း၊ သွပ်ဓာတ် ၇ ဒသမ ၂ ရာခိုင်နှုန်း၊ သံဓာတ် ၅ ဒသမ ၇ ရာခိုင်နှုန်း၊ မဂ္ဂနီစီယမ် ၁၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် အိုင်အိုဒင်း ၅ ဒသမ ၉ ရာခိုင်နှုန်း အစရှိသည့် အရေးကြီးဓာတ်များပါဝင်သည်။



**ဆီးချိုရောဂါကို ကာကွယ်နိုင်ခြင်း**

ပုံလုံသီးတွင် သွေးတွင်းသကြားဓာတ်ကိုလျှော့ချပေးပြီး ဆီးချိုကိုလည်း ထိန်းချုပ်နိုင်သည်ဟု သိရသည်။ ကယ်လိုရီပါဝင်မှုနည်းပြီး အာဟာရဓာတ်မြင့်မားသောကြောင့် ဆီးချိုဝေဒနာရှင်များစားသုံးရန်သင့်တော်သည့် အစားအစာတစ်မျိုးဖြစ်သည်။ အထူးသဖြင့် ကာဗိုဟိုက်ဒရိတ်ပါဝင်မှုနည်းပြီး အင်ဆူလင်ထုတ်လုပ်မှုကို အထောက်အကူပြုသဖြင့် ကိုယ်အလေးချိန်ကို ထိန်းညှိပေးနိုင်သောကြောင့် အမျိုးအစား(၂)ဆီးချိုရောဂါရှိသူများအတွက် အထူးသင့်တော်ပြီး ပုံလုံသီးကိုစားသုံးပေးခြင်းဖြင့် ဆီးချိုကျစေသကဲ့သို့ ဆီးချိုရောဂါကိုလည်း ကာကွယ်ပေးနိုင်သည်။

**ကိုယ်အလေးချိန်လျှော့ကျစေခြင်း**

ဖုံလုံသီးတွင် ကယ်လိုရီနှင့် အဆီဓာတ် ပါဝင်မှုနည်းပါးပြီး ရေဓာတ်နှင့်အမျှင်ဓာတ် ကြွယ်ဝစွာပါဝင်နေသောကြောင့် အစာခံနိုင်ပြီး ဗိုက်ပြည့်လွယ်စေကာ ကိုယ်အလေးချိန်ကို လျှော့ကျစေနိုင်သည့်အတွက် ကိုယ်အလေးချိန်လျှော့ကျလိုသူများ စားသုံးပေးသင့်သည့် ဟင်းလျာအစားအစာတစ်မျိုးဖြစ်သည်။

**အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်ခြင်း**

ပုံလုံသီးကိုစားသုံးပေးခြင်းဖြင့် ခန္ဓာကိုယ်တွင်းရှိ အင်္ဂါအစိတ်အပိုင်းများတွင်ရှိနေသော အဆိပ်အတောက်များကို အထိရောက်ဆုံးဖယ်ရှားပေးနိုင်သည်။ ဆီးရွှင်စေသောကြောင့် ဆီးမှတစ်ဆင့် အဆိပ်အတောက်များကိုဖယ်ရှားပေးပြီး အသည်း၏လုပ်ဆောင်ချက်များကို ကောင်းမွန်စေနိုင်သည်။

**အသားဝါခြင်းကို သက်သာစေနိုင်ခြင်း**

ပုံလုံသီးပင်၏ အရွက်နှင့် ဒန့်သလွန်ရွက်ကို တွဲဖက်စားသုံးပေးခြင်းဖြင့် Bilirubin ဟုခေါ်သည့် သွေးတွင်းအဝါဓာတ်ကို ကျဆင်းစေနိုင်ပြီး အသားဝါခြင်းကို သက်သာစေနိုင်သည်။ ပုံလုံသီးပင်၏အရွက်ကို နံနံစေ့နှင့်ရောပြုတ်ပြီး တစ်နေ့သုံးကြိမ် ခန္ဓာကိုယ်အနှံ့လိမ်းပေးခြင်းဖြင့်လည်း အသည်းရောင်အသားဝါရောဂါကို ကောင်းစွာကုသနိုင်ကြောင်း သိရသည်။

**ခန္ဓာကိုယ်အပူဒဏ် လျှော့ချပေးနိုင်ခြင်း**

ပုံလုံသီးသည် အေးသောသတ္တိရှိသဖြင့် နွေရာသီတွင်စားသုံးပါက ခန္ဓာကိုယ်တွင်း အပူကင်းစေသည်။

**နှလုံးကိုကျန်းမာစေနိုင်ခြင်း**

ပုံလုံသီးတွင် ပိုတက်စီယမ်ဓာတ်ပါဝင်သဖြင့် သွေးဖိအားကိုမျှတစေပြီး နှလုံးအားကောင်းစေသောကြောင့် နှလုံးနှင့်ပတ်သက်သည့်ရောဂါများ ကင်းစင်စေရန်အတွက် ပုံလုံသီးကိုစားသုံးပေးနိုင်သည်။ စိတ်ဖိစီးမှုနှင့် ခန္ဓာကိုယ်မနာကျင်မှုများကြောင့် နှလုံးကို သက်ရောက်မှုဖြစ်စေခြင်းကိုလည်း အကောင်းဆုံးကာကွယ်ပေးနိုင်သည်။ နှလုံးပုံမှန်အလုပ်မလုပ်နိုင်သူများ၊ နှလုံးအားနည်းသူများ၊ ရင်တုန်တတ်သူများနှင့် နာတာရှည်နှလုံးရောဂါသည်များအနေဖြင့် လတ်ဆတ်သောပုံလုံရွက်ကို အရည်ညှစ်ယူပြီး စားပွဲတင်ဇွန်းတစ်ဇွန်းမှနှစ်ဇွန်းထိ တစ်နေ့သုံးကြိမ် ပုံမှန်သောက်သုံးပေးခြင်းအားဖြင့် နှလုံးကို ပုံမှန်ကျန်းမာစေသည်။

**ဝမ်းမှန်စေခြင်း**

ပုံလုံသီးတွင် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်နေသောကြောင့် အစာခြေစနစ်ကို ကောင်းမွန်စေပြီး ဝမ်းမှန်စေသည်။ အစာမကြေခြင်း၊ လေပွခြင်းနှင့် ဝမ်းချုပ်ခြင်းတို့ကိုသက်သာစေပြီး အစာအိမ်လမ်းကြောင်းကိုသန့်စင်ပေးကာ အူမကြီးဆိုင်ရာပြဿနာများကိုလည်း ဖြေရှင်းပေးနိုင်စွမ်းရှိသည်။ နေ့စဉ်ဝမ်းမှန်စေရန်အတွက် နံနက်တိုင်း ပုံလုံသီးကြိတ်ရည်ကို တစ်ဇွန်းမှ နှစ်ဇွန်းထိ သောက်ပေးသင့်သည်။

**ကိုယ်ခံအားကောင်းစေနိုင်ခြင်း**

ပုံလုံသီးကို စားသုံးပေးခြင်းဖြင့် ကိုယ်ခံအားစနစ်ကို တိုးတက်ကောင်းမွန်စေပြီး ခန္ဓာကိုယ်ကိုလည်း ကျန်းမာစေနိုင်သည်။

**အရိုးနှင့်သွားကို ကျန်းမာကြံ့ခိုင်စေနိုင်ခြင်း**

ပုံလုံသီးတွင် ကယ်လ်စီယမ်ဓာတ်ပါဝင်နေသောကြောင့် ပုံလုံသီးကို စားသုံးပေးခြင်းဖြင့် အရိုးနှင့်သွားများကို ကျန်းမာကြံ့ခိုင်စေနိုင်သည်။

**ဆံပင်နှင့်ဦးရေပြားကို အကျိုးပြုနိုင်ခြင်း**

ပုံလုံသီးကိုအရည်ညှစ်ယူပြီး ဦးရေပြားတွင် လိမ်းပေးပြီးနောက် နာရီဝက်ခန့်ထားပေးပြီး ခေါင်းလျှော်ပေးခြင်းဖြင့် ဦးရေပြားကို အစိုဓာတ်ထိန်းပေးပြီး ဗောက်ထခြင်းနှင့် ဦးရေပြားမှိုစွဲခြင်းတို့ကို သက်သာပျောက်ကင်းစေသည်။ ဆံပင်ပါးခြင်းနှင့် ဆံပင်ကျွတ်ခြင်းကို သက်သာစေပြီး ဆံသားကို ကောင်းမွန်စေသည်။ ပုံလုံရွက်သတ္တုရည်ကိုလိမ်းပေးခြင်းဖြင့်လည်း ထိပ်ပြောင်ခြင်းကိုသက်သာစေသည်။

**အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများကို သက်သာစေနိုင်ခြင်း**

ပုံလုံသီးစားသုံးပေးခြင်းဖြင့် အသက်ရှူလမ်းကြောင်းတွင်အခက်အခဲဖြစ်စေသည့် ချွဲနှင့် ပြင်းမဖုန်မှုန့်များ၊ အညစ်အကြေးများကို ပျော့လွယ်စေပြီး စွန့်ထုတ်ပေးနိုင်သောကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို သက်သာပျောက်ကင်းစေသည်။

**ဖျားနာခြင်းကို သက်သာစေနိုင်ခြင်း**

ပုံလုံသီးပြုတ်ရည်ကို သောက်သုံးပေးခြင်းဖြင့် ဖျားနာခြင်းကို သက်သာစေသည်။ ကိုယ်ပူပြီး အပြင်းဖျားနေသည့်အခါတွင် ပုံလုံသီးနှင့်အရွက်ကို ကြိတ်ခြေပြီး ပျားရည်နှင့်ရောသောက်ခြင်းဖြင့် ဖျားနာခြင်းကို ယူပစ်သလိုကဲ့သို့ သက်သာပျောက်ကင်းစေသည်။

**တီဘီရောဂါကို သက်သာစေနိုင်ခြင်း**

ပုံလုံသီးသည် ချွဲသလိပ်နှင့်ပြည်များကို ပျော်စေနိုင်သောကြောင့် အဆုတ်နာနှင့် တီဘီဝေဒနာရှင်များကို များစွာကောင်းကျိုးပြုသည်။

**အပူငြိမ်းစေသောပုံလုံသီး**

ပုံလုံသီးတွင် ရေဓာတ်နှင့် သတ္တုဓာတ်များပါဝင်သောကြောင့် အရေပြားခြောက်သွေ့ခြင်းကိုသက်သာစေပြီး ခန္ဓာကိုယ်၏ရေဓာတ်ထုတ်လွှတ်မှုကို များစွာအထောက်အကူပြုသည့်အတွက် အပူငြိမ်းစေကာ ခန္ဓာကိုယ်ကိုလည်း အေးမြစေသည်။

**ရှောင်ကြဉ်ရန်အချက်များ**

အအေးသတ္တိရှိသောပုံလုံသီးကို အလွန်အကျွံစားသုံးပါက အချို့သူများတွင် အစာမကြေခြင်း သို့မဟုတ် ဝမ်းလျှောခြင်းဖြစ်နိုင်သည်။ ရေခဲရိုက်ထားသော သို့မဟုတ် အလွန်အေးသောအစားအစာများနှင့်တွဲဖက်၍ အများအပြားစားသုံးခြင်းမှ ရှောင်ကြဉ်ရမည်။ အစာအိမ်အေးသူများ၊ မကြာခဏဝမ်းပျော့တတ်သူများ အလွန်အကျွံမစားသင့်ပေ။ ပုံလုံသီးကို ပဒုမ္မာကြာရွက်နှ၊ လင်းမြွေသား၊ ပီလောပီနံ့ဥတို့နှင့်တွဲဖက်စားသုံးပါက အန္တရာယ်ဖြစ်စေနိုင်သည်။

**အနှစ်ချုပ်**

ဈေးနှုန်းချိုသာပြီး လွယ်ကူစွာဝယ်ယူရရှိနိုင်သော အရသာရှိလှသည့်ပုံလုံသီးကို စားသုံးပေးခြင်းဖြင့် ကိုယ်အလေးချိန်လျှော့ကျစေခြင်း၊ နှလုံးလုပ်ဆောင်မှုကောင်းစေခြင်း၊ ကျောက်ကပ်သန့်စင်စေခြင်း၊ အစာခြေစနစ်တိုးတက်စေခြင်း၊ အသက်ရှူစနစ်အားကောင်းစေခြင်း၊ Ketogenic Diet နှင့် ကိုက်ညီခြင်း၊ စိတ်ကျရောဂါ၊ စိုးရိမ်ပူပန်မှုသက်သာစေခြင်း၊ အစာပြန်တက်ခြင်းကိုလျှော့ကျစေခြင်း၊ PCOS လက္ခဏာများသက်သာစေခြင်း၊ ဆီးချိုရောဂါကို ကာကွယ်နိုင်ခြင်း၊ အသားဝါသက်သာစေခြင်း၊ ကိုယ်တွင်းမှအဆိပ်အတောက်များ ဖယ်ရှားပေးခြင်း၊ ဝမ်းမှန်စေခြင်း၊ အရိုးနှင့်သွားများကို ကြံ့ခိုင်စေခြင်း၊ ဗောက်ပျောက်စေခြင်း အစရှိသည့် ကျန်းမာရေးအကျိုးကျေးဇူးများစွာရရှိစေနိုင်သောကြောင့် ဆေးဖက်ဝင်ပုံလုံသီးကို အစာလည်းဆေး ဆေးလည်းအစာဆိုသကဲ့သို့ သင့်တင့်မျှတစွာ စားသုံးသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ဆားလင်းကြီး အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ကေ ၁၈၅၈၀ ထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ဩဂုတ်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၀ တင်းကျော်ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဆားလင်းကြီးမြို့နယ်မှာ နှမ်းကေ ၁၈၅၈၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ လက်ရှိမှာ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြသည်။

ဆားလင်းကြီးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

## ကွမ်းခြံကုန်းမြို့နယ် မန်းကလိပ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ကွမ်းခြံကုန်း အောက်တိုဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မန်းကလိပ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်ရွေးချယ်ရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အထွေး**

## ပညာဂုဏ်ရည်

\- အရာရာ တတ်သိကျွမ်းတော့
ဘဝလမ်း ဖြောင့်ဖြူးပေ၊
ကူညီနိုင် အများကျိုး
သယ်ပိုးစို့လေ၊
တန်ဖိုးရှိ ဘဝအခြေ
မြှင့်တင်စေ ဂုဏ်ရှိ၊
ပညာကို အသုံးချ
စံပြဖြစ်၏။

\- ကောင်းကျိုးတွေ ပြုလုပ်ကျင့်
နေထိုင်သင့် လောကဃ်၊
တတ်ပညာ မရှိမဲ့တော့
ချည့်နဲ့တတ်တယ်၊
ပညာပန်း ဆင်မြန်းကွယ်
လူ့ပုံအလယ် တင့်တယ်လှ၊
သင်ယူကာ ကြိုးစားစွမ်းလို့
လန်းဆန်းရွှင်ပျ။

\- ဖွဲစိတ်ကို ရှေ့တန်းထား
စဉ်လှုပ်ရှား နေသောအခါ၊
တတ်သိကာ စဉ်းစားတတ်
မှန်မြတ်ပညာ၊
ဘဝတစ်ခု ထူထောင်ရာ
ပညာသာ အဓိက၊
လှဂုဏ်ရည် ပညာနန်းကို
ကြိုးပမ်းသင်ကြ။ ။

**မောင်မျိုးချစ်(အညာမြေ)**

## တံတားဦးမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘလဲ့ဘကျေးရွာနှင့် စစ်ကိုင်းစုကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ ခရိုင်၊ မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာနှစ်ရွာမှ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၇ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်း ဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာနှစ်ရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၈ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၂၂ ဒသမ ၀၅ သန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၉ ဒသမ ၃၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၉၀ ကို စီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

# တနင်္ဂနွေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ တိုက်စစ်ကစားပုံထက်မြက်တဲ့ မန်စီးတီးအသင်း၊ လာဇီယိုအသင်း၊ ဘက်တစ်အသင်းတို့ကို အားပေးရမှာပါ

M L



ဒီတစ်ပတ်တနင်္ဂနွေနေ့ညကစားမဲ့ အမှတ်ပေးပွဲစဉ်တွေမှာလဲ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုနဲ့ ခြေရည်တူအသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာသေချာပါတယ်။ ဒီတစ်ပတ်မှာလဲ အသင်းကြီးတွေတွေ့ဆုံနေတဲ့အထဲက အိမ်ကွင်းအားသာချက်အပြင် တွေ့ဆုံမှုအစဉ်အလာပိုင်းမှာလဲ အသာရထားတဲ့အသင်းတွေကိုသာ အဓိကချဉ်းကပ်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် တနင်္ဂနွေနေ့ညပွဲစဉ်တွေထဲက တိုက်စစ်ကစားပုံကောင်းပြီး အသင်းလိုက်စုဖွဲ့မှုကောင်းနေတဲ့ မန်စီးတီးအသင်း၊ လာဇီယိုအသင်း၊ ဘက်တစ်အသင်းတို့ကို အားပေးရမှာဖြစ်ပါတယ်။

## မန်စီးတီးအသင်းကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ ပရီးမီးယားလိဂ် ပွဲစဉ် (၆) မှာအကြိုက်တွေ့မိတာကတော့ လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နည်းပြသစ်လက်ထက် ပရီးမီးယားလိဂ်ငါးပွဲကစားခဲ့ရာမှာတော့ နှစ်ပွဲနိုင်၊ သုံးပွဲသရေနဲ့ ရမှတ်ကိုးမှတ်သာ စုဆောင်းနိုင်သေးတာကြောင့် ချန်ပီယံဆုကိုစိန်ခေါ်နိုင်ဖို့တော့ ရမှတ်လိုအပ်ချက်ရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲအဖွင့်ပွဲမှာတော့ နယူးကာဆယ်နဲ့တွေ့ဆုံခဲ့ပြီး သရေတစ်မှတ်သာရခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း နော်တင်ဟမ်နဲ့ပွဲမှာလဲ နောက်ကလိုက်ကစားပြီး သရေတစ်မှတ်သာရခဲ့သလို ခြေစွမ်းပိုင်းအားနည်းတဲ့အစ်ဗှစ်အသင်းကိုသာ နှစ်ဂိုးပြတ်နဲ့နိုင်ခဲ့တာကိုသတိပြုရမှာပါ။ အဲဒီနောက်မှာတော့ ဖူလ်ဟမ်ကိုသရေ၊ ဘုန်းမောက်ကို ကျဉ်းမြောင်းတဲ့ရလဒ်နဲ့ နိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် လီဗာပူးအသင်းရဲ့ခြေစွမ်းပိုင်းဟာ ပုံမှန်အခြေအနေရှိမနေလို့ မန်စီးတီးလို ခြေစွမ်းပိုင်းထက်မြက်နေတဲ့အသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။

မန်စီးတီးအသင်းကတော့ နည်းပြဂွါဒီယိုလာထွက်ခွာပြီးနောက်ပိုင်း နည်းပြမာရက်စ်ကာကိုခန့်အပ်ခဲ့ပေမဲ့ အသင်းရဲ့ကစားပုံကျဆင်းသွားခြင်းမရှိဘဲ လက်ရှိအချိန်ထိ ခံစစ်တိုက်စစ် အကောင်းဆုံးပုံစံရရှိနေတာကို တွေ့ရမှာပါ။ မန်စီးတီးဟာ အမှတ်ပေးပွဲငါးပွဲအပြီးမှာ ငါးပွဲနိုင်နဲ့ အမှတ်ပေးဇယားကိုဦးဆောင်နိုင်ခဲ့ပြီး ကစားသမားခေါ်ယူမှုမှာလဲ အသင်းရဲ့ကစားကွက်နဲ့ ကိုက်ညီမဲ့ကစားသမားတွေကိုသာ အရခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အဖွင့်ပွဲမှာ ဘုန်းမောက်ကို နှစ်ဂိုးတစ်ဂိုး၊ ပဲလေ့စ်ကို လေးဂိုးတစ်ဂိုး၊ ကိုဗင်ထရီကို တစ်ဂိုးဂိုးမရှိ၊ မန်ယူအသင်းကို တစ်ဂိုးဂိုးမရှိ၊ ဆန်းဒါးလန်းကို ငါးဂိုးသုံးဂိုးနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အခုပွဲမှာကွင်းလယ်ပိုင်းအားနည်းချက်ရှိနေတဲ့လီဗာပူးအသင်း ရှုံးကန်ရမှာသေချာပါတယ်။ မန်စီးတီးအသင်းဟာ ၂၀၁၆ ခုနှစ်ကစလို့ လီဗာပူးအသင်းနဲ့ တွေ့ဆုံမှုတွေမှာလဲအသာရထားခဲ့ပြီး လက်ရှိခြေစွမ်းပိုင်းမှာလဲပုံစံကောင်းရနေတာကြောင့် အခုပွဲမှာ မန်စီးတီးကိုပဲအားပေးရမှာပါ။

### လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အစ်ဗှစ် | ၀ | - | ၂ | လီဗာပူး |
| လီဗာပူး | ၂ | - | ၁ | အေဗာတန် |
| လီဗာပူး | ၀ | - | ၀ | ဖူလ်ဟမ် |
| လီဗာပူး | ၃ | - | ၁ | စပါး |
| ဘုန်းမောက် | ၀ | - | ၁ | လီဗာပူး |

### မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၁ | - | ၀ | ကိုဗင်ထရီ |
| ပေါ်တို | ၀ | - | ၂ | မန်စီးတီး |
| မန်ယူ | ၀ | - | ၁ | မန်စီးတီး |
| မန်စီးတီး | ၅ | - | ၀ | နော့ဗှစ် |
| မန်စီးတီး | ၅ | - | ၃ | ဆန်းဒါးလန်း |

## လာဇီယိုအသင်း နိုင်ပွဲရမှာပါ

အီတလီစီးရီးအေပြိုင်ပွဲမှာ အကြိုက်တွေ့မိတာကတော့ လာဇီယိုအသင်းနဲ့ မွန်ဇာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လာဇီယိုအသင်းဟာ နည်းပြဂတ်တူဆိုလက်ထက်မှာ ထိပ်တန်းအဆင့်ကစားသမားတွေ ထပ်မံအားမဖြည့်နိုင်ခဲ့ပေမဲ့ ကစားသမားအားလုံးဟာ နည်းပြရဲ့ကစားကွက်မှာ အကောင်းဆုံးကစားနိုင်ခဲ့တာကြောင့် ရလဒ်ကောင်းပိုင်ဆိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ဂတ်တူဆိုလက်ထက်မှာ ခံစစ်ကစားပုံပိုကောင်းလာခဲ့ပြီး တိုက်စစ်ပိုင်းကလဲ ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့တာကြောင့် အဖွင့်ပွဲမှာ ဘိုလော့နာကို တစ်ဂိုးဂိုးမရှိ၊ ဂျီနိုအာကို တစ်ဂိုးဂိုးမရှိ၊ အူဒီးနီးစ်ကို နှစ်ဂိုးတစ်ဂိုး၊ ဗီနီဇီယာကို နှစ်ဂိုးဂိုးမရှိနဲ့နိုင်ခဲ့ပြီး အေစီမီလန်တစ်သင်းကိုသာ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာလဲ အသင်းရဲ့ကစားပုံဟာ ပြိုင်ဘက်ကိုထိန်းချုပ်ပြီး အားနည်းချက်ကိုရှာတွေ့မှ တိုက်စစ်ဆင်တဲ့ ပုံစံတွေကြောင့် မွန်ဇာလိုကစားသမားစုဖွဲ့မှုအားနည်းပြီး ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့အသင်းကိုတော့ ထိန်းချုပ်ကစားနိုင်မှာသေချာပါတယ်။

မွန်ဇာအသင်းကတော့ စီးရီးအေ ငါးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးနဲ့ ရမှတ်လေးမှတ်သာရခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့် (၁၆) မှာရောက်ရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပွဲစကတည်းက အင်တာမီလန်၊ အူဒီးနီးစ်တို့နဲ့တွေ့ဆုံခဲ့တာကြောင့် ရှုံးပွဲဆက်ခဲ့တာတွေ့ရမှာပါ။ အဲဒီနောက်ပိုင်းမှာတော့ ယုံကြည်မှုပိုင်းပျောက်ဆုံးသွားခဲ့ပြီး ပါးမားကိုသရေ၊ လက်ချီကို ရှုံးခဲ့တာကိုတွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာတော့ အိမ်ကွင်းမှာဆက်ဆူအိုလိုကို နိုင်ပွဲရခဲ့တာကြောင့် စီးရီးအေနိုင်ပွဲရှာနိုင်ခဲ့ပေမဲ့ ခြေစွမ်းပိုင်းကတော့ အားရစရာမရှိသေးတာကို တွေ့ရမှာပါ။ လက်ရှိမှာ သူတို့အသင်းဟာ လာဇီယိုနဲ့ယှဉ်ရင် အဘက်ဘက်ကအားနည်းချက်ရှိနေပြီး ကစားကွက်ပိုင်းနဲ့ နည်းစနစ်ပိုင်းမှာလဲ လာဇီယိုအသင်းကအကောင်းဆုံးပုံစံရှိနေတာကြောင့် အခုပွဲမှာ အိမ်ရှင်အားသာချက်နဲ့ လာဇီယိုအသင်းပဲ နိုင်ပွဲရသွားမှာပါ။

### လာဇီယိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အူဒီးနီးစ် | ၁ | - | ၂ | လာဇီယို |
| လာဇီယို | ၂ | - | ၂ | အေစီမီလန် |
| ဗီနီဇီယာ | ၀ | - | ၂ | လာဇီယို |
| လာဇီယို | ၂ | - | ၀ | အရီဇို |
| လာဇီယို | ၃ | - | ၃ | ဂျူဗီစတက်ဗီးယား |

### မွန်ဇာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| တိုရီနို | ၀ | - | ၁ | မွန်ဇာ |
| ပါးမား | ၁ | - | ၁ | မွန်ဇာ |
| လက်ချီ | ၃ | - | ၂ | မွန်ဇာ |
| မွန်ဇာ | ၂ | - | ၁ | ဆက်ဆူအိုလို |
| ဘရက်စ် | ၂ | - | ၂ | မွန်ဇာ |

## ဘက်တစ်အသင်းနဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ လာလီဂါပွဲစဉ် (၈) မှာအကြိုက်တွေ့မိတာကတော့ ဘက်တစ်အသင်းနဲ့ အိုဆာဆူနာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘက်တစ်အသင်းဟာ နည်းပြပယ်လီဂရီနီလက်အောက်မှာ ခြေစွမ်းပိုင်းတိုးတက်လာတဲ့အသင်းဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၂၄-၂၀၂၅ မှာလဲ ဥရောပပြိုင်ပွဲမှာ ကွန်ဖရင့်လိဂ်ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့တာကို တွေ့ရမှာပါ။ အခုရာသီ အဖွင့်ပွဲစဉ်မှာ ဆိုစီဒက်အသင်းနဲ့တွေ့ခဲ့ပေမဲ့ တစ်ဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့ပြီး ဗလင်စီယာ၊ ရီးရဲလ်မက်ဒရစ်၊ ဗီလာရီးရဲလ်၊ ဂီတာဖေးတို့လိုအသင်းတွေကိုလဲနိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ အန်တိုနီ၊ ဖော်နယ်လ်၊ အစ္စကို၊ ဟန်နာဒက်စ်တို့အတွဲက အသင်းရဲ့အဆုံးအဖြတ်ဂိုးတွေကို သွင်းယူဖန်တီးပေးနေတာဖြစ်ပါတယ်။ အခုပွဲမှာ အသင်းရဲ့အဓိကကစားသမားအားလုံးပါဝင်ကစားနိုင်မှာဖြစ်လို့ အိုဆာဆူနာလို ခြေစွမ်းပိုင်းကျဆင်းနေတဲ့အသင်းကိုဖိအားပေးနိုင်မှာသေချာပါတယ်။

အိုဆာဆူနာအသင်းကတော့ လာလီဂါပြိုင်ပွဲကို ၂၀၁၉ ခုနှစ်က တန်းတက်လာပြီးနောက်ပိုင်း တန်းမဆင်းရတော့ဘဲထိပ်သီးပြိုင်ပွဲမှာ ကစားနေတဲ့အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ ဘောလုံးရာသီတိုင်းမှာ အိမ်ကွင်းပွဲတွေမှာသာနိုင်ပွဲရဖို့ကြိုးစားလေ့ရှိပြီး အဝေးကွင်းတွေမှာတော့ အားနည်းချက်တွေများနေတဲ့ အသင်းဖြစ်တာကိုတွေ့ရမှာပါ။ အခုနှစ်မှာလဲ အိမ်ကွင်းလေးပွဲမှာတစ်ပွဲသာရှုံးထားပြီး အဝေးကွင်းသုံးပွဲမှာတော့နှစ်ပွဲရှုံးခဲ့တာကြောင့် အဝေးကွင်းခြေစွမ်းပိုင်းဆိုးရွားနေဆဲဖြစ်ပါတယ်။ ဒါ့ပြင် နောက်ဆုံးကစားခဲ့တဲ့လေးပွဲဆက်မှာ ခံစစ်ပိုင်းက ပေးဂိုး ၁၀ ဂိုးထိရှိခဲ့တာကလဲ အသင်းရဲ့ခံစစ်ပိုင်းဆိုးရွားနေမှုကို တွေ့ရမှာပါ။ အသင်းရဲ့တိုက်စစ်ပိုင်းကလဲ နောက်ဆုံးငါးပွဲမှာ နှစ်ဂိုးသာသွင်းယူနိုင်ခဲ့တာကြောင့် အခုပွဲမှာ အိမ်ကွင်းကစားပုံမာကျောတဲ့ ဘက်တစ်အသင်းကို ယှဉ်ကစားဖို့တော့မဖြစ်နိုင်ပါဘူး။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ရာသီတွေ့ဆုံမှုနှစ်ကြိမ်မှာလဲ နိုင်ပွဲမရခဲ့တာကြောင့် အခုပွဲမှာ အိမ်ကွင်းခြေစွမ်းပိုင်းထက်မြက်နေတဲ့ ဘက်တစ်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

### ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၁ | - | ၀ | ရီးရဲလ်မက်ဒရစ် |
| လိုင်လီ | ၂ | - | ၃ | ဘက်တစ် |
| ဗီလာရီးရဲလ် | ၁ | - | ၂ | ဘက်တစ် |
| ဘက်တစ် | ၁ | - | ၀ | ဂီတာဖေး |
| ကိုရူနာ | ၁ | - | ၁ | ဘက်တစ် |

### အိုဆာဆူနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အိုဆာဆူနာ | ၁ | - | ၀ | ဂီတာဖေး |
| အလာဗက် | ၅ | - | ၂ | အိုဆာဆူနာ |
| အိုဆာဆူနာ | ၀ | - | ၂ | အက်စ်ပန်ညို |
| အေတီကို | ၄ | - | ၀ | အိုဆာဆူနာ |
| အိုဆာဆူနာ | ၁ | - | ၁ | ဗယ်လ်ကာနို |

**ပြင်ဆင်ဖတ်ရှုပါရန်**

၉-၁၀-၂၀၂၆ ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၆ ကော်လံ ၃ ဒုတိယပိုဒ် စာကြောင်းရေ ၆ ပါ ၁၄၀၀ ကျော်ကို မြန်မာ့တပ်မတော် ရေယာဉ်သင်္ဘောနဲ့ပြန်ခေါ်သွားပြီဖြစ်ပါတယ် **(အစား)** ၁၀၄၉၃ ဦးကို လေယာဉ်၊ တပ်မတော်ရေယာဉ်တို့နဲ့ ပြန်ခေါ်သွားပြီဖြစ်ပါတယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ စာတည်းအဖွဲ့

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

တတိယအကြိမ် ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လူမှုရေးခက်ခဲသည့်မြို့နယ်များမှ နိုင်ငံ့ဝန်ထမ်းများ ဒေသစရိတ်ခံစားခွင့်ရရှိရေး၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရေး၊ မြို့ကွက်သစ်ဧရိယာအဖြစ်သတ်မှတ်ပေးရေး၊ ကျေးရွာအမည်ပေါက်ရရှိရေး၊ ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းခန့်ထားပေးရေး၊ လယ်ယာမြေပုံစံ(၇)အမည်ပြောင်းခြင်းလုပ်ငန်းစဉ်ဖြေလျှော့ပေးရေး၊ လယ်ယာမြေများ၌ ပိုးမွှားအန္တရာယ် ကင်းရှင်းအောင်ဆောင်ရွက်ပေးရေး၊ အခွန်လျှော့ချရေး၊ စိုက်ပျိုးစရိတ်ချေးငွေအတွက် အထူးစီမံချက်များချမှတ်ရေးနှင့် အခွန်အခြေခံကျယ်ပြန့်လာစေရန် ဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေးဇုန်များတည်ထောင်ပေးရေး၊ နည်းပညာ၊ အခြေခံအဆောက်အအုံ၊ ထွက်ကုန်များအသိအမှတ်ပြုလက်မှတ်ရရှိရေး၊ ဈေးကွက်တင်ပို့မှုများကို ကူညီပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၁ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၏ **လူမှုရေးခက်ခဲသည့် မြို့နယ်များမှ နိုင်ငံ့ဝန်ထမ်းများအတွက် လက်ရှိလစာနှင့်ညီမျှသည့်ဒေသစရိတ်ကို မည်သည့်ဘဏ္ဍာနှစ်တွင် စတင်ခံစားခွင့်ပြုမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် သတ်မှတ်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ စိစစ်ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသသတ်မှတ်ရေးကော်မတီများက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ ဒေသစရိတ်ခံစားခွင့်ပြုထားသည့် မြို့နယ်၊ မြို့များ၊ ဒေသစရိတ်ခံစားခွင့်ပြုရန် ထပ်မံတင်ပြသင့်သည့် မြို့နယ်၊ မြို့များ၊ ကျေးရွာအုပ်စုများစာရင်းကို လုံခြုံရေး၊ တည်ငြိမ်အေးချမ်းမှု၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဆက်သွယ်ရေးစနစ်ခက်ခဲမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးစနစ်ဖွံ့ဖြိုးမှု၊ လျှပ်စစ်ဓာတ်အားလုံလောက်မှု၊ စီးပွားရေးလုပ်ငန်းများဖြစ်ထွန်းမှု၊ ရာသီဥတုအခြေအနေ၊ လူမှုပတ်ဝန်းကျင်ခက်ခဲမှုနှင့် စက်သုံးဆီဖြန့်ဖြူးပေးနိုင်မှုအခြေအနေစသည့် အချက်များနှင့်အညီ စိစစ်သုံးသပ်ထားရှိပါကြောင်း။

သို့ဖြစ်ပါ၍ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသဖြစ်သည့် ကြာအင်းဆိပ်ကြီးမြို့နယ်အပါအဝင်ကျန်မြို့နယ်များ၏လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရာသီဥတုနှင့် လူမှုစီးပွားအခြေအနေတို့ကို ပြန်လည်သုံးသပ်နိုင်ရေးအတွက် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် စိစစ်ရေးကော်မတီများကို အခြေခံအချက် ၁၁ ချက်နှင့်အညီ စိစစ်တင်ပြစေခြင်း၊ ရရှိလာသည့် အချက်အလက်များကို သုံးသပ်ဆွေးနွေးခြင်း၊ ဒေသစရိတ်ခံစားခွင့်ရှိသည့် ဒေသများကိုလို အပ်သလို တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်းများပြုလုပ်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်းများဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လတ်တလောအခြေအနေတွင် လက်ရှိလစာနှင့် ညီမျှသည့်ငွေကို ဒေသစရိတ်အဖြစ်ခွင့်ပြုရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မြင်းမူမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၏ **မြင်းမူမြို့နယ် မြို့မရဲစခန်းဝင်းအတွင်း ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက



မြင်းမူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြင်းမူမြို့မရဲစခန်းဝင်းအတွင်း၌ ၃၈x၂၅ x ၁၀ ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းလုံးချင်းနေအိမ် ငါးလုံး၊ ၂၈x၂၂x၁၀ ပေသွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း လုံးချင်းနေအိမ် သုံးလုံး၊ ၃၅x၂၆x၁၀ ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း အရာရှိလုံးချင်းနေအိမ် တစ်လုံး၊ ၄၂x၁၆x ၁၀ ပေ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း နှစ်ခန်းတွဲ တစ်ထပ်နေအိမ် ၁၂ လုံး၊ ၄၀x၁၉x၁၀ ပေ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း နှစ်ခန်းတွဲ တစ်ထပ်နေအိမ် တစ်လုံး စုစုပေါင်း ၂၂ လုံးရှိပါကြောင်း၊ ယင်းနေအိမ်များအနက် ၄၂x၁၆x၁၀ ပေ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း နှစ်ခန်းတွဲတစ်ထပ်နေအိမ် သုံးလုံးမှာ ဆွေးမြည့်ပျက်စီးနေသဖြင့် ဖျက်သိမ်းခွင့်တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြင်းမူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြင်းမူမြို့မရဲစခန်းဝင်းအတွင်း တပ်ဖွဲ့ဝင်နှင့် မိသားစုများ နေထိုင်ရေးအဆင်ပြေစေရန်အတွက် ၁၃၀x၃၆x၂၅ ပေ ခြောက်ခန်းတွဲနှစ်ထပ်သံကူကွန်ကရစ် တစ်လုံး ဆောက်လုပ်နိုင်ရေးအတွက် မြင်းမူမြို့နယ်တွင် ဖြစ်ပေါ်နေသော လုံခြုံရေးအခြေအနေများကြောင့် ဆောက်လုပ်ရေးကုမ္ပဏီများက ဆောက်လုပ်ရန် အခက်အခဲရှိပါသဖြင့် လုံခြုံရေးအခြေအနေကောင်းမွန်မှသာ နီးစပ်ရာဘဏ္ဍာနှစ်တွင် လျာထားတောင်းခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့ကရိတ်မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၏ **ကော့ကရိတ်မြို့ ဥယျာဉ်ခြံမြေ ၃၈၅ ဧက ကို မြို့ကွက်သစ်ဧရိယာအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ကော့ကရိတ်မြို့ မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်သည် ဧရိယာအကျယ်အဝန်း ဧက ၈၄၀ ရှိပြီး မြို့မြေဧရိယာ ၄၅၃ ဧကနှင့် ဥယျာဉ်ခြံမြေ ဧရိယာ ၃၈၅ ဧကရှိပါကြောင်း၊ ဥယျာဉ်ခြံမြေ ဧရိယာ ၃၈၅ ဧကတွင် နေအိမ်များ ဆောက်လုပ်နေထိုင်လျက်ရှိပြီး ရပ်ကွက်အလိုက် ဆောက်လုပ်နေထိုင်မှုအခြေအနေမှာ အမှတ်(၁)ရပ်ကွက်တွင် ၅၈ ဧက၊ အမှတ်(၂)ရပ်ကွက်တွင် ၃၁ ဧက၊ အမှတ်(၃)ရပ်ကွက်တွင် ၁၅ ဧက၊ အမှတ်(၄)ရပ်ကွက်တွင် ၃၁ ဧက၊ အမှတ် (၅) ရပ်ကွက်တွင် ၈၈ ဧက၊ အမှတ်(၆)ရပ်ကွက်တွင် ၅၃ ဧက၊အမှတ်(၇) ရပ်ကွက်တွင် ၁၀၉ ဧက ဖြစ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။

သို့ဖြစ်ပါ၍ ကော့ကရိတ်မြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက်မီးလောင်ဆုံးရှုံးခဲ့ရသော ဒေသခံပြည်သူများ၏ နေအိမ်များဆောက်လုပ်ရန် မူလပိုင်ဆိုင်သော မြေအမျိုးအစားများမှာ ဥယျာဉ်ခြံမြေများဖြစ်သည့်ဧရိယာ ၃၈၅ ဧကကို မြို့ကွက်သစ်ဧရိယာအဖြစ် တိုင်းတာသတ်မှတ်ပေးနိုင်ရန် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ ကရင်ပြည်နယ်အစိုးရအဖွဲ့က လယ်ယာမြေကိုအခြားနည်းဖြင့်အသုံးပြုနိုင်ရေး ခွင့်ပြုမိန့်ရရှိရန် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် ခွင့်ပြုချက်ရရှိပါက ၂၀၁၉ ခုနှစ် နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေနှင့်အညီ မြို့မြေတိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်ရန် အနီးစပ်ဆုံးဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေတွင် လျာထားထည့်သွင်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာစည်မဲဆန္ဒနယ်မှ ဒေါ်ကြူကြူမော်၏ **သာစည်မြို့နယ် ကျွဲကျနှင့် ထိန်ကန်ကြီးကျေးရွာတို့ကို ဝန်ကြီးဌာနအမည်ပေါက် ကျေးရွာအဖြစ်တိုးမြှင့်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စုအတွင်းရှိ ကျွဲကျကျေးရွာနှင့် ထိန်ကန်ကြီးကျေးရွာတို့ကို ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာများအဖြစ် သတ်မှတ်နိုင်ရေး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က နိုင်ငံတော်သမ္မတထံထောက်ခံတင်ပြပြီး ခွင့်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လဟယ်မဲဆန္ဒနယ်မှ ဦးမဖိုးလောင်ဝီး၏ **လဟယ်မြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာကို ဝန်ကြီးဌာနအမည်ပေါက် ကျေးရွာအဖြစ်ရရှိနိုင်ရေး သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်တွင် မြို့ နှစ်မြို့၊ ရပ်ကွက်ငါးခု၊ ကျေးရွာအုပ်စု ၃၆ စု၊ ကျေးရွာပေါင်း ၉၇ ရွာရှိပါကြောင်း၊ လဟယ်မြို့နယ်အတွင်း၌ တရားဝင်ကျေးရွာအဖြစ် သတ်မှတ်ခြင်းမခံရသေးသော ကျေးရွာ ကိုးရွာရှိပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာများအဖြစ် သတ်မှတ်နိုင်ရေး သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါကျေးရွာ ကိုးရွာသည် လဟယ်မြို့မှ မိုင်၅၀ ခန့်အကွာရှိ မြန်မာ-အိန္ဒိယနယ်စပ်အနီးတွင်တည်ရှိကာ တောရိုင်းမြေပေါ်တွင် အခြေချနေထိုင်လျက်ရှိသည့် ကျေးရွာများဖြစ်သည့်အပြင် တောင်ပေါ်ဒေသတွင် နေထိုင်သည့်ကျေးရွာများဖြစ်ပါသဖြင့် တောတောင်အတက် အဆင်းပေါများခြင်း၊ ဆိုင်ကယ်၊ ခြေကျင်ခရီးဖြင့် သွားလာနိုင်သည့် သွားလာရခက်ခဲသော ကျေးရွာများဖြစ်ခြင်းတို့ကြောင့် လက်ရှိကာလတွင် ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာအဖြစ် ဆောင်ရွက်ရခြင်းမရှိသေးသော်လည်း ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒဖြင့် တင်ပြလာပါက အထက်ဌာနအဆင့်အဆင့်သို့ လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်၍ ကျေးရွာအုပ်စု၊ ကျေးရွာများတိုးချဲ့၊ ပယ်ဖျက်၊ အမည်ပြောင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းအတိုင်း နယ်မြေဒေသအခြေအနေအရ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကွင်းဆင်းစိစစ်၍ မြေရာဇဝင် စိစစ်ချက်များဖြင့် နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ရရှိရေး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က ထောက်ခံတင်ပြဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လောင်းလုံးမဲဆန္ဒနယ်မှ ဦးတင့်လွင်၏ **ထားဝယ်မြို့နယ် ဒေသဆိုင်ရာရောဂါရှာဖွေရေးဓာတ်ခွဲခန်းတွင် ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်း ခန့်ထားပေးရန်နှင့် ဓာတ်ခွဲခန်းဝန်ထမ်းအင်အား သီးခြားဖွဲ့စည်းပုံဖွဲ့စည်းပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး၊ ရောဂါရှာဖွေရေး၊ အစားအသောက် ဘေးကင်းလုံခြုံစိတ်ချစေရန်အတွက် စစ်ဆေးရှာဖွေနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ် (နေပြည်တော်၊ ကရင်၊ ကချင်၊ စစ်ကိုင်း၊ တနင်္သာရီ၊ မကွေး၊ မန္တလေး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း) တို့တွင် ရည်ညွှန်းဓာတ်ခွဲခန်းနှစ်ခု၊ မီနီဓာတ်ခွဲခန်းငါးခု၊ ဒေသဆိုင်ရာ ဓာတ်ခွဲခန်းနှစ်ခု၊ တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးဓာတ်ခွဲခန်း ခုနစ်ခု၊ ခွာနာလျှာနာ ရောဂါရှာဖွေရေးဓာတ်ခွဲခန်း(BSL-2) တစ်ခု၊ တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးအရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်း (Assay Lab) တစ်ခု ဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း။

ထားဝယ်ဓာတ်ခွဲခန်းအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဓာတ်ခွဲခန်းများမှာ ပြည်ထောင်စုဖွဲ့စည်းပုံ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် လည်ပတ်ဆောင်ရွက်လျက်ရှိပြီး တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ဓာတ်ခွဲခန်းတွင် ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူးနှင့်အဆင့်တူ ဓာတ်ခွဲခန်းကျွမ်းကျင်ဝန်ထမ်းတစ်ဦးခန့်အပ်ထားရှိပြီး လက်ရှိလုံလောက်မှုရှိသဖြင့် ဒေသတွင်းတိရစ္ဆာန်ရောဂါရှာဖွေစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်း၏ **လယ်ယာမြေပုံစံ(၇) အမည်ပြောင်းခြင်း လုပ်ငန်းစဉ်ဖြေလျှော့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ကွယ်လွန်သွားသည့် မူလပိုင်ရှင်၏ အမွေဆက်ခံသားသမီးများ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ယူရရှိနိုင်ရေးအတွက် လယ်ယာမြေပုံစံ(၇) အမည်ပြောင်းခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေ ဆက်ခံသူသည် အမွေဆက်ခံခွင့်ရှိကြောင်း အထောက်အထားခွင့်ရရှိသူ အမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်း(ပုံစံ-၉)ဖြင့် မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်အားအမွေဆက်ခံခြင်းကိစ္စရပ်နှင့်စပ်လျဉ်း၍ အမွေဆက်ခံခွင့်ရှိသည့် မိသားစုဝင်များက အမည်ပြောင်းလဲပေးနိုင်ရေးတင်ပြလျှောက်ထားရာတွင် အမွေဆက်ခံခွင့်ရှိသူသည် ဦးစွာစီရင်ပိုင်ခွင့်ရှိသည့် သက်ဆိုင်ရာတရားရုံးမှ အမွေဆက်ခံခွင့် လက်မှတ် ရရှိရေးလျှောက်ထားရယူဆောင်ရွက်ရမည်ဖြစ်ပြီး အမွေဆက်ခံခွင့်လက်မှတ် မိတ္တူပူးတွဲ၍ မြို့နယ် မြေစာရင်းဦးစီးဌာနရုံးသို့ လျှောက်ထားရမည်ဖြစ် ပါကြောင်း။

မြို့နယ်မြေစာရင်းဦးစီးဌာနရုံးမှ ရုံးရှိ မှတ်ပုံတင်စာရင်းပုံစံ(၅)၊လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) (ရုံးလက်ခံ)တို့နှင့် တိုက်ဆိုင်စစ်ဆေးပြီး ၁၅ ရက်အတွင်း မြို့နယ်ဦးစီးဌာနရုံးနှင့် လယ်ယာမြေတည်ရှိရာ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများတွင် လယ်ယာမြေလုပ်ပိုင်ခွင့် အမည်ပြောင်းလဲလျှောက်ထားခြင်းကို ကန့်ကွက်လိုသူတို့က ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့် ကြော်ငြာစာ ပုံစံ(၂-၀)ကို ကပ်ထားရမည်ဖြစ်ပါကြောင်း။

ရက်ပေါင်း ၃၀ ပြည့်ပြီးနောက် ကန့်ကွက်လွှာရရှိသည်ဖြစ်စေ၊ **စာမျက်နှာ ၈ သို့**

စာမျက်နှာ ၇ မှ အဆက်

မရရှိသည်ဖြစ်စေ ခုနစ်ရက်အတွင်း သဘောထားမှတ်ချက်နှင့်အတူ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံသို့ တင်ပြရမည်ဖြစ်ပါကြောင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ကန့်ကွက်ချက်သည် ခိုင်လုံမှုမရှိပါက အမည်ပြောင်းလဲဆောင်ရွက်ရန် အကြောင်းကြားခြင်း၊ ကန့်ကွက်ချက်သည် ငြင်းပယ်ရန်ခိုင်လုံကြောင်း စစ်ဆေးတွေ့ရှိပါက ငြင်းပယ်ကြောင်း အကြောင်းကြားစာ ပုံစံ (၈-ခ) ထုတ်ပေးနိုင်ရေး အကြောင်းကြားခြင်းတို့ကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၁၅ ရက်အတွင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အမည်ပြောင်းလဲဆောင်ရွက်ပေးရန် အကြောင်းကြားချက်ရရှိလျှင် ၁၅ ရက်အတွင်း ဦးပိုင်လုပ်ကွက်တစ်ခုအတွက် မှတ်ပုံတင်ကြေးငွေကို မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ပေးသွင်းစေပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့်(ပုံစံ-၇) ပြောင်းလဲပြင်ဆင်ထုတ်ပေးရမည်ဖြစ်ပြီး အမွေဆက်ခံခြင်းကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင်စာရင်းပုံစံ(၅-က)တွင် မှတ်ပုံတင်ထားရမည်ဖြစ်ပါကြောင်း။

တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ လွယ်ကူလျင်မြန်စွာ ထုတ်ချေးပေးနိုင်ရေးအတွက် အသိပေးခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်း၏ **ပုသိမ်မြို့နယ်လယ်ယာမြေများ၌ ခရုအန္တရာယ်မှ လွတ်မြောက်နိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)နှင့် တိုင်းဒေသကြီး၊ ပြည်နယ် ခရိုင်အလိုက် တာဝန်ပေးခန့်အပ်ထားသည့် သီးနှံကာကွယ်ရေးကျွမ်းကျင်ပညာရှင်များ ပူးပေါင်းပြီး ရွှေခရုအပါအဝင် စပါးသီးနှံတွင် ကျရောက်လေ့ရှိသည့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများ၊ ပိုးသတ်ဆေးစနစ်တကျသုံးစွဲနည်းနှင့် သုံးစွဲသင့်သည့် ဆေးအမျိုးအစားများကို အကြံပြုချက်များပေးပြီး ကူညီဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးနှင့် အရည်အသွေးကောင်းသီးနှံများ ထုတ်လုပ်နိုင်ရေးအတွက် ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းရေး နည်းစနစ်များကိုစာတွေ့လက်တွေ့သင်ကြားပြသခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း ကျန်ရှိသည့် မိုးစပါးရာသီသက်တမ်း တစ်လျှောက်တွင် ရွှေခရုကြိုတင်ကာကွယ်နှိမ်နင်းရေး အသံဖိုင်ဖြင့် နှိုးဆော်သတိပေးခြင်းလုပ်ငန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ အသံဖိုင်များဖြန့်ဝေဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရွှေခရုကာကွယ်နှိမ်နင်းရေး နည်းလမ်းများကို တောင်သူများစုပေါင်းပြီး လက်တွေ့လိုက်နာကျင့်သုံးလုပ်ဆောင်ခြင်းဖြင့် စပါးသီးနှံတွင် ရွှေခရုကျရောက်ဖျက်ဆီးမှုလျော့ပါး သက်သာစေမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှဒေါက်တာကျော်ဆွေ၏ **လယ်ယာမြေလုပ်ကိုင်ခွင့် လက်မှတ်အမည်ပြောင်းရာတွင် အခွန်လျှော့ချရေး၊ စိုက်ပျိုးစရိတ်ချေးငွေအတွက် အထူးစီမံချက်များချမှတ်ရေး၊ အခွန်အခြေခံကျယ်ပြန့်လာစေရေး အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက လယ်ယာမြေလုပ်ပိုင်ခွင့် အမည်ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ပိုင်ခွင့်အမည်ပြောင်းလဲခြင်းကိစ္စနှင့် သက်ဆိုင်သည့် တံဆိပ်ခေါင်းခွန်နှုန်းထားများနှင့် စာချုပ်စာတမ်း မှတ်ပုံတင်ခနှုန်းထားများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြဋ္ဌာန်းသတ်မှတ်ထားရှိသည့် စာချုပ်စာတမ်းမှတ်ပုံတင်ခနှုန်းထားများအတိုင်းသာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ယူရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ချေးငွေညွှန်ကြားချက်ပါအတိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် အမွေဆက်ခံခြင်း၊ အဖိုးစားနားမပါဘဲ မေတ္တာဖြင့်ပေးကမ်းခြင်း၊ မိသားစုအတွင်း လွှဲပြောင်းခြင်းစသည့် ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဝင်ငွေခွန်စည်းကြပ်ကောက်ခံခြင်းမပြုဘဲ၊ ပိုင်ဆိုင်မှုခိုင်မာစေရန်အတွက် ပြုလုပ်ချုပ်ဆိုကြမည့် စာချုပ်စာတမ်းများ အပေါ်တွင်သာ ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်ကို ပေးသွင်းထမ်းဆောင်စေလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ငဖဲမဲဆန္ဒနယ်မှ ဦးမိုးမင်းဦး၏ **"ခာတုကင်းလွတ် စိုက်ပျိုးရေးဇုန်များ" တည်ထောင်ပေးရန်နှင့် နည်းပညာများသင်တန်းပေးရန်၊ အခြေခံအဆောက်အအုံများပံ့ပိုးပေးရန်၊ ထွက်ကုန်များအတွက် အသိအမှတ်ပြုလက်မှတ်များရရှိရန်နှင့် ဈေးကွက်တင်ပို့နိုင်ရန်တို့ကို ကူညီပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ခာတုကင်းလွတ် စိုက်ပျိုးရေးဇုန်များ စနစ်တကျတည်ထောင်ပေးရန် ကိစ္စနှင့်စပ်လျဉ်းပြီး ဆန္ဒအလျောက် တောင်သူများအစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်လိုမှုအပေါ် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးကူညီခြင်းနှင့် အသိအမှတ်ပြုလက်မှတ်များ လွယ်ကူလျင်မြန်စွာရရှိရေး ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

တစ်နိုင်တစ်ပိုင် ဆောင်ရွက်နေကြသည့် တောင်သူများကို အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာ ဖြန့်ဖြူးမှုအနေဖြင့် အော်ဂဲနစ်မြေသြဇာများ၊ သဘာဝသွင်းအားစုများ၊ သဘာဝပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများ၊ တီကောင်မွေးမြူခြင်းအစရှိသည့် ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများကို ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနနှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံသုတေသနဌာနတို့၌ စမ်းသပ်ဆောင်ရွက်လျက်ရှိပြီး အော်ဂဲနစ်စိုက်ပျိုးသူများနှင့် အများပြည်သူများကို နည်းပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၌ အော်ဂဲနစ်ထောက်ခံချက်လက်မှတ်ထုတ်ပေးသည့် ပုဂ္ဂလိကအဖွဲ့ လေးဖွဲ့ရှိပြီး IFOAM နှင့် USDA ကဲ့သို့သော နိုင်ငံတကာအော်ဂဲနစ်ထောက်ခံချက်လက်မှတ်များကို လျှောက်ထားရယူလိုပါက တောင်သူများအနေဖြင့် Control Union ကဲ့သို့သောကုမ္ပဏီများမှတစ်ဆင့် ရရှိနိုင်ရေးအတွက် လိုအပ်သည့် ချိတ်ဆက်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များအပါအဝင် မြန်မာ့ထွက်ကုန်ပစ္စည်းများကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် နိုင်ငံ ၁၂ နိုင်ငံတွင် စီးပွားရေးသံမှူး ၁၇ ဦးကို စေလွှတ်ထားရှိပြီး ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စိုက်စရိတ်ချေးငွေများ စိုက်ချိန်မီထုတ်ချေးရန်၊ သွင်းအားစုများကို အခွန်လျှော့ပေးရန်၊ စပါးများကို ပြည်တွင်း၌ လွတ်လပ်စွာရောင်းချနိုင်ရန်နှင့် ပြည်ပဈေးကွက်ရရှိရန်၊ အတိုးနှုန်းသက်သာသော နှစ်ရှည်ဘဏ်ချေးငွေ ဆောင်ရွက်ပေးရန်၊ Export zone သို့မဟုတ် ဆန်စပါးအထူးဇုန်များ သတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားစုတွင် အဓိကအရေးပါသည့် စိုက်ပျိုးထုတ်ကုန် တိုးတက်ဖွံ့ဖြိုးရေးအတွက် တောင်သူလယ်သမားလိုအပ်သည့် နှစ်စဉ်ရာသီအလိုက်(မိုး၊ ဆောင်း၊ မိုးကြို) စိုက်ပျိုးစရိတ်ချေးငွေများနှင့် ဖွံ့ဖြိုးရေး ချေးငွေများကို နိုင်ငံတော်၏မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ သက်သာသောအတိုးနှုန်းဖြင့် ပံ့ပိုးထုတ်ချေးပေးလျက်ရှိပါကြောင်း၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ယခင်နှစ်များက မေ ၁၉ ရက်ဝန်းကျင်ခန့်တွင် စတင်ထုတ်ချေးခဲ့ရာမှ ယခုနှစ်တွင် မေ ၁၂ ရက်မှစ၍ စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးလျက်ရှိပါကြောင်း၊ ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ စပါး၊ ဆန်၊ ဂျုံစေ့၊ ဖွဲကြမ်းစသည့်ကုန်စည်များ၊ ပဲအမျိုးမျိုး၊ ပြောင်းအမျိုးမျိုးစသည့် ကုန်စည်များ၊ ကြက်သွန်၊ အာလူး၊ ငရုတ်၊ ဟင်းခတ်အမွှေးအကြိုင် စသည့်ကုန်စည်များ၊ ဟင်းသီးဟင်းရွက်များ၊ လက်ဖက်ခြောက်နှင့် ဆီအမျိုးမျိုး စသည့်ကုန်စည်များ၊ မြေဆီနှင့် ဓာတ်မြေသြဇာအမျိုးမျိုး၊ ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ ရောဂါပိုးသတ်ဆေးအမျိုးမျိုးစသည့် ကုန်စည်များ၊ အပင်မျိုးစေ့၊ မျိုးပင် စသည့်ကုန်စည်များ၊ လယ်ယာသုံးကိရိယာများ၊ လယ်ယာသုံး စက်ပစ္စည်းနှင့် စက်အပိုပစ္စည်းများ စသည့်ကုန်စည်အမျိုးမျိုးတို့ကို ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုခြင်း၊ အခွန်လျှော့ပေါ့ခြင်း သို့မဟုတ် အခွန်လုံးဝလျှော့ချခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လယ်ယာသုံးစက်ကိရိယာများကို ဝယ်ယူနိုင်ရန် ချေးငွေသက်တမ်း တစ်နှစ်နှင့် ချေးငွေပမာဏ ငွေကျပ်သိန်း ၁၀၀မှ ငွေကျပ်သိန်း ၅၀၀ထိကို နှစ်ချင်းဆပ်ချေးငွေအဖြစ်လည်းကောင်း၊ ချေးငွေပမာဏ ငွေကျပ်သိန်း ၅၀၁မှ ကျပ်သိန်း ၁၀၀၀ ထိကို နှစ်တိုချေးငွေအဖြစ်လည်းကောင်း၊ ငွေကျပ်သိန်း ၁၀၀၁ မှ ငွေကျပ်သိန်း ၃၀၀၀ ထိတစ်ကဏ္ဍ၊ ငွေကျပ်သိန်း ၃၀၀၁မှ ငွေကျပ်သိန်း ၅၀၀၀ထိ တစ်ကဏ္ဍကို နှစ်ရှည်ချေးငွေအဖြစ်လည်းကောင်း၊ အရစ်ကျပေးဆပ်မှုစနစ်ဖြင့် ထုတ်ချေးပေးလျက်ရှိပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်ပြီးငွေကျပ် ဘီလီယံ ၂၃၀ ဖြင့် နွေစပါး၊ မိုးစပါးသီးနှံများတွင်လည်းကောင်း၊ ငွေကျပ် ၅၆ ဒသမ ၃၁ ဘီလီယံဖြင့် ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ) သီးနှံများတွင်လည်းကောင်း အရင်းမပျောက်မတည်ငွေပုံစံဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်နေပါကြောင်း၊ တောင်သူများ ဝင်ငွေတိုးစေရန်နှင့် လူနေမှုဘဝမြှင့်တင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် အရည်အသွေးတူဆန်များ အရေအတွက်အမြောက်အမြား စဉ်ဆက်မပြတ် ဈေးကွက်တင်ပို့ရောင်းချနိုင်ရေးရည်ရွယ်၍ ဇုန်အလိုက်၊ တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးထုတ်လုပ်သည့် ပြည်ပတင်ပို့မည့် ဆန်စပါးစိုက်ပျိုးရေးဇုန် စီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး တင်သွင်းသည့် **"မြန်မာမှုရိုးရာစားစရာ "ထမနဲ"ကိုလည်းကောင်း၊ မြန်မာမှုလက်ရာရက်ကန်းပညာ "လွန်းရာကျော် ကြိုးကြိုးအချိတ်လုပ်ငန်း"ကိုလည်းကောင်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရန် ယူနက်စကိုသို့ ပေးပို့လုပ်ဆောင်သင့်ကြောင်း"အဆိုကို** လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး**က မြန်မာ့ကြိုးကြိုးအချိတ် အထည်သည် မြန်မာ့ရိုးရာရက်ကန်းအနုပညာ၏ ထူးခြားသောအစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဒီဇိုင်း၊ အရောင်၊ ပိုးချည်မျှင် ရွေးချယ်မှု၊ ရက်လုပ်နည်း၊ ပန်းဖော်နည်းနှင့် အချိန်ကြာမြင့်စွာလက်ဖြင့်လုပ်ကိုင်ရသည့် ကျွမ်းကျင်မှုများပါဝင်ပါကြောင်း၊ ကြိုးကြိုးအချိတ်တို့၏ သမိုင်းကြောင်း၊ လက်ရှိကျင့်သုံးပုံ၊ ရိုးရာအသိပညာ၊ ပညာရှင်များ၊ မျိုးဆက်လက်ဆင့်ကမ်းမှု၊ လက်ရှိအခက်အခဲများနှင့် ထိန်းသိမ်းရေးအစီအစဉ်တို့ကို ဓာတ်ပုံ၊ ဗီဒီယို၊ အသံဖိုင်၊ စာရွက်စာတမ်းနှင့် အင်တာဗျူးများဖြင့် မှတ်တမ်းများထားရှိရမည် ဖြစ်ပါကြောင်း။

UNESCO သတ်မှတ်ထားသည့် Nomination Form နှင့်လုပ်ထုံးလုပ်နည်းအတိုင်း အမျိုးသားအဆင့်အဆိုပြုလွှာကိုပြင်ဆင်ပြီး သက်ဆိုင်ရာအမျိုးသားအာဏာပိုင်အဖွဲ့မှ UNESCO သို့ တင်သွင်းရမည်ဖြစ်ပါကြောင်း၊ မြန်မာမှုရိုးရာစားစရာ ထမနဲနှင့် မြန်မာ့ကြိုးကြိုးအချိတ် ရက်ကန်းပညာနှင့် ရိုးရာဒီဇိုင်းဖန်တီးမှုစသည့် အဓိကအကြောင်းအရာများဖြင့် စနစ်တကျ မှတ်တမ်းတင်၍ အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ ထည့်သွင်းကာ UNESCO သတ်မှတ်ချက်များနှင့်အညီ အဆင့်ဆင့်အဆိုပြုတင်ပြသင့်ကြောင်း ဆွေးနွေးသည်။

**ကျေးသီးမဲဆန္ဒနယ်မှ ဒေါ်နန်းတင်ဦး**က ရိုးရာပညာရပ်များကို ယနေ့မျိုးဆက်၌ ရပ်တန့်မသွားစေဘဲ နောင်လာမည့်မျိုးဆက်သစ်များထိ လက်ဆင့်ကမ်းနိုင်ရေးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရိုးရာပညာရှင်ထံမှ ပညာရပ်များကို မှတ်တမ်းတင်ခြင်း၊ သင်တန်းပေးခြင်း၊ လူငယ်များကို အလုပ်သင်စနစ်နှင့် လက်တွေ့သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်သင့်ပါကြောင်း၊ အထူးသဖြင့် ယူနက်စကိုသို့ တင်သွင်းခြင်းကို နိုင်ငံတကာအသိအမှတ်ပြုမှု ရရှိရန်အတွက်သာမဟုတ်ဘဲ မိမိတို့၏ ရိုးရာအမွေအနှစ်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်အတွက် အခွင့်အရေးတစ်ခုအဖြစ် အသုံးပြုသင့်ပါကြောင်း၊ ထမနဲနှင့် အချိတ်ရက်ကန်းပညာသည် ယဉ်ကျေးမှု ခရီးသွားလုပ်ငန်းနှင့် ချိတ်ဆက်ပြီး ဒေသခံများအတွက် စီးပွားရေးအခွင့်အလမ်းများဖန်တီးပေးနိုင်ပါကြောင်း သို့ဖြစ်ပါ၍ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်ဌေး**က မြန်မာ့ရိုးရာစားစရာ ထမနဲနှင့် မြန်မာမှုလက်ရက်ကန်းပညာ "အချိတ်လုပ်ငန်း"သည် မြန်မာတို့၏ ရှေးမင်းဆက်များ ခေတ်ကတည်းက ရိုးရာယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းလက်ဆင့်ကမ်းလာခဲ့သည်မှာ ယနေ့မျက်မှောက်ကာလထိပင်ဖြစ်ပါကြောင်း၊ ရက်ကန်းနှင့် အချိတ်သည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကို မျိုးဆက်တစ်ခုမှတစ်ခုသို့ ထိန်းသိမ်းလက်လွှဲပြောင်းပေးနေသော အဖိုးတန်အတတ်ပညာတစ်ခုဖြစ်ပါကြောင်း၊ အမျိုးဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး မြန်မာကို ကမ္ဘာကသိရှိနိုင်ရေး လေးထားဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် အဆိုကို အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

**သပိတ်ကျင်း မဲဆန္ဒနယ်မှ ဒေါ်အေးမြမြစိုး**က "ထမနဲ" ဟူသည် ရိုးရာအစားအစာတစ်မျိုးကို ပြုလုပ်စားသုံးခြင်းမျှသာမဟုတ်ပါကြောင်း၊ ထူးခြားချက်မှာ လူတစ်ဦးတည်းက ပြုလုပ်ခြင်း မဟုတ်ဘဲ လူအများစုပေါင်း၍ ဝိုင်းဝန်းလုပ်ကိုင်ကြခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်တွင် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယူနက်စကိုလူသားမျိုးနွယ်၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကိုယ်စားပြုစာရင်းတွင် ပထမဆုံးစာရင်းဝင်အောင် တင်သွင်းနိုင်ခဲ့ပါကြောင်း၊ ယင်းအတွေ့အကြုံကိုအခြေခံပြီး မြန်မာ့ရိုးရာအစားအစာများထဲမှ ထမနဲနှင့်ဆက်စပ်သည့် ရိုးရာဓလေ့များကိုလည်း စနစ်တကျ သုတေသနပြုမှတ်တမ်းတင် ထိန်းသိမ်းပြီး ယူနက်စကိုသို့ တင်သွင်းနိုင်ရေးကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း။

မြန်မာနိုင်ငံတွင် ရက်ကန်းပညာသည် အလွန်ရှေးကျသည့် လက်မှုပညာတစ်ရပ်ဖြစ်ပြီး ပျူမြို့ပြနိုင်ငံများခေတ်ကတည်းက ရက်ကန်းပညာရှိခဲ့သည်ကို သုတေသနစာတမ်းများက ဖော်ပြထားပါကြောင်း၊ ထို့ကြောင့်လွန်းရာကျော် ကြိုးကြိုးအချိတ်လက်ရက်ကန်းစင်နှင့် ရိုးရာရက်လုပ်ပညာရပ်များကို စနစ်တကျမှတ်တမ်းတင်ပြီး ပညာရှင်များ၊ လူငယ်များနှင့် ဒေသခံလက်မှုပညာရှင်များ ပူးပေါင်းကာ နိုင်ငံတကာအဆင့်တွင် မိတ်ဆက်မြှင့်တင်သင့်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်အဖြစ် လွန်းရာကျော်ရက်ကန်းအချိတ်ကို ယူနက်စကိုတင်သွင်းခြင်းသည် မြန်မာ့ယဉ်ကျေးမှုအတွက် ကမ္ဘာ့အဝန်းအဝိုင်းထဲတွင်

စာမျက်နှာ ၉ သို့

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၈ ဦးတက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးဝင်းတင့်၏ **စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသော ဘုန်းတော်ကြီးကျောင်းတိုက် အဆောက်အအုံများနှင့် သီလရှင်ကျောင်းတိုက်အဆောက်အအုံများကို နိုင်ငံတော်အစိုးရက ပြန်လည်ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်က စစ်ကိုင်းမြို့နယ်တွင် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီ ၃၇ ဆူအနက် ဝါးချက်ကျေးရွာရှိ ဆင်မဝပ်စေတီ၊ လောကထွန်းမှုတင်ရန်အောင်မြင်ဘုရား၊ မင်းလှစေတီ၊ ပုဂံရပ်ရှိ ရှင်ပင်အုံ့ဆင်းစေတီ၊ ရွှေမင်းဝံရပ်ကွက်ရှိ ကမ္ဘာ့ငြိမ်းချမ်းရေးစေတီ စသည့် ဘုရား၊ စေတီ ငါးဆူကို ပြန်လည်ပြုပြင်ပြီးစီးပြီဖြစ်ပါကြောင်း၊ ရှေးဟောင်းဘုရား၊ စေတီ ၁၁၈ ဆူအနက် သီတဂူဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်များနှင့် အလှူရှင်များ၏ လှူဒါန်းမှုနှင့် ပြုပြင်ပြီး ၁၉ ဆူ၊ ပြုပြင်ဆဲ ၁၇ ဆူဖြစ်ပြီး ပြုပြင်ရန်ကျန် ၈၂ ဆူဖြစ်ပါကြောင်း၊ ရှေးဟောင်းဘုရားများဖြစ်ကြသော ပျူကံစေတီအုပ်စုဘုရား ခုနစ်ဆူ၊ လောကမန်ကင်းလိုဏ်ဂူနှင့် မိပေါက်ကြီးစေတီတို့ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပြုပြင်ထိန်းသိမ်းရန်အတွက် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက လျာထားပြီးဖြစ်ပါကြောင်း၊ ဘုန်းတော်ကြီးကျောင်း ၆၉၄ ကျောင်းနှင့် သီလရှင်ကျောင်း ၃၇၇ ကျောင်းကို ပြန်လည်ပြုပြင်နိုင်ရေး အလှူရှင်ရှာဖွေလျက်ရှိပါကြောင်း။




စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျောင်းအဆောက်အအုံများ ပြုပြင်မပြီးမီ ရဟန်း၊ သာမဏေနှင့် သီလရှင်များ အဆင်ပြေစွာသီတင်းသုံးနိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပေးပို့လှူဒါန်းသည့် Prefabricated House အလုံး ၂၂၀ ကို သာသနာရေးဝန်ကြီးဌာန၏စီမံမှုဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများက ဘုန်းကြီးကျောင်း ၁၁၀ နှင့် သီလရှင်ကျောင်း ၉၇ ကျောင်းတို့သို့ ၂၀၂၆ ခုနှစ် မေ ၂၁ ရက်မှစ၍ ပို့ဆောင်တပ်ဆင်ပေးခဲ့ရာ ၂၀၂၆ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် သက်ဆိုင်ရာကျောင်းတိုက်အသီးသီးတွင် တပ်ဆင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ သို့ပါ၍ စစ်ကိုင်းမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ဘုန်းတော်ကြီးကျောင်းတိုက်အဆောက်အအုံများနှင့် သီလရှင်ကျောင်းတိုက်အဆောက်အအုံများကို ပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် သက်ဆိုင်ရာကျောင်းတိုက်များသို့ အလှူရှင်များပေါ်ပေါက်လှူဒါန်းလာမှသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၆) ဒေါ်အေးချမ်းမုံ၏ **ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအနက် အသက် ၁၈ နှစ်ပြည့်၍ နိုင်ငံသားစိစစ်ရေးကတ်(မှတ်ပုံတင်)အသစ် လျှောက်ထားရန် လိုအပ်သူများနှင့် မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းတို့ကြောင့် ပြန်လည်လဲလှယ်လျှောက်ထားရန် လိုအပ်သူများကို မိမိတို့ရောက်ရှိနေသည့် ဒေသများတွင် အလွယ်တကူ လျှောက်ထားထုတ်ယူနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် မည်သို့သောအစီအစဉ်များချမှတ်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မည်ကဲ့သို့ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းက မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆)ဖြင့် နေထိုင်ခဲ့သော ယာယီနေရပ်စွန့်ခွာ ပြည်သူများက နိုင်ငံသားစိစစ်ရေးကတ် ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း၊ အသက် ၁၈ နှစ်ပြည့်၍ လဲလှယ်လိုခြင်း၊ အသက် ၁၀ နှစ်၊ ၁၈ နှစ် ပြည့်လာသည့် သားသမီးများအတွက် နိုင်ငံသားစိစစ်ရေးကတ်အသစ် ပြုလုပ်လိုခြင်း စသည့်အကြောင်းအမျိုးမျိုးဖြင့် လက်ရှိနေထိုင်ရာဒေသတွင် နိုင်ငံသားစိစစ်ရေးကတ်လျှောက်ထားပါက e-ID Server အတွင်း ဖြည့်သွင်းထားသည့် ၎င်းတို့၏ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နံပါတ် မှန်၊ မမှန်၊ ကိုယ်ရေးအချက်အလက် မှန်၊ မမှန် ဦးစွာတိုက်ဆိုင်စိစစ်ပြီး မှန်ကန်ပါက နိုင်ငံသားစိစစ်ရေးကတ်များကို ဆောင်ရွက်ထုတ်ပေးလျက်ရှိပါကြောင်း။

အကယ်၍ လျှောက်ထားသူသည် တိုင်းရင်းသားဖြစ်ပြီး ယာယီနေရပ်စွန့်ခွာလာသည့် မြို့နယ်တွင်လည်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် မရှိသူဖြစ်ပါက မူလနေထိုင်ရာဒေသတွင် နေထိုင်မှုရှိ၊ မရှိကို သက်ဆိုင်ရာမြို့နယ် လဝကရုံးသို့ချိတ်ဆက်စစ်ဆေး၍ မူလနေထိုင်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ "နေထိုင်ခဲ့သည်မှာ မှန်ကန်ကြောင်း ထောက်ခံချက်"ရယူပြီး လက်ရှိနေထိုင်သည့် မြို့နယ်မှ မြို့နယ်လဝက၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့ပါဝင်သော မြို့နယ်နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးရေးလုပ်ငန်းစိစစ်ကြီးကြပ်ရေးအဖွဲ့ (ငါးဦးကော်မတီ)ဖြင့် စိစစ်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းသားမဟုတ်သည့် ဥပဒေအရ နိုင်ငံသားအဆုံးအဖြတ်ခံယူရမည့်သူများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်ပြီး အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဧည့်နိုင်ငံသားလက်မှတ်နှင့် စိစစ်ရေးကတ်၊ နိုင်ငံသားပြုခွင့်လက်မှတ်နှင့် စိစစ်ရေးကတ်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မူလဒေသမှ ယာယီနေရပ်စွန့်ခွာလာသည့် ပြည်သူများအတွက် ၎င်းတို့ရောက်ရှိနေထိုင်ရာ မြို့နယ်အသီးသီးတွင် အိမ်ထောင်စုလူဦးရေစာရင်းဆိုင်ရာလုပ်ငန်းများဖြစ်သည့် မွေးဖွား၍ အိမ်ထောင်စုလူဦးရေစာရင်းတွင် အမည်စာရင်းထည့်သွင်းခြင်း၊ သေဆုံး၍ အမည်စာရင်းပယ်ဖျက်ခြင်း၊ ပြောင်းဝင်ခြင်း၊ ပြောင်းထွက်ခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း ပျောက်ဆုံး၊ ပျက်စီး၍ မိတ္တူထုတ်ပေးခြင်းတို့ကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်၊ မိတ္တူ ထုတ်ပေးခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ပေးလျက်ရှိရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၆ ရက်ထိ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ယခုအစိုးရလက်ထက်တွင် ရက်ပေါင်း ၁၀၀ စီမံချက်ဖြင့် အသက် ၁၈ နှစ် ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းကို မြို့နယ်လဝကရုံးများ၌လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းများ၌ ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများကို အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးရန်အတွက် လမင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးခဲ့ပြီးရက်ပေါင်း ၁၀၀ ကာလအလွန်တွင်လည်း လမင်းစီမံချက်ဖြင့်မြို့နယ်လဝကရုံးများ၌ အိမ်ထောင်စုလူဦးရေစာရင်းဆိုင်ရာလုပ်ငန်းများနှင့် အသက် ၁၀ နှစ်၊ ၁၈ နှစ်ပြည့်လာသူများကို နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်း၊ လဲလှယ်ပေးခြင်း၊ ပျောက်ဆုံး၊ ပျက်စီးသဖြင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ စတင်ဆောင်ရွက်သည့် ၂၀၂၆ ခုနှစ် ဧပြီ ၂၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၆ ရက်ထိ နိုင်ငံသားစိစစ်ရေးကတ် ၁၀၁၇၉၆၃ ကတ် ထုတ်ပေးခဲ့ပြီး UID ကောက်ယူမှုအနေဖြင့် ၁၁၄၃၇၉၄ ဦး ဆောင်ရွက်ပေးခဲ့ပါကြောင်း ဖြေကြားသည်။ **စာမျက်နှာ ၁၀ သို့**

**စာမျက်နှာ ၈ မှအဆက်**

ကိုယ်ပိုင်ရိုးရာအမွေအနှစ် ပေါ်ထွက်လာစေခြင်းဖြစ်ကြောင်း ထောက်ခံဆွေးနွေးသည်။

**အင်းစိန်မဲဆန္ဒနယ်မှ ဦးငြိမ်းထွေး**က ထမနဲကို မြန်မာ့ရိုးရာအစားအစာတစ်ခုတည်း ရှုထောင့်ဖြင့် ကြည့်၍ မလုံလောက်ပါကြောင်း၊ မြန်မာရိုးရာ တပို့တွဲလ၏ ရာသီပွဲတော်တစ်ခုဖြစ်သကဲ့သို့ လူမှုအဖွဲ့အစည်း၏ စည်းလုံးညီညွတ်မှုကို ဖော်ကျူးနေသည့် အသက်ဝင်နေဆဲ ဒြပ်မဲ့တစ်ခုဖြစ်ပါကြောင်း၊ ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်သတ်မှတ်ချက်များနှင့်ကိုက်ညီနေသည့် အချက် သုံးချက်ရှိပါကြောင်း၊ မြန်မာ့ရိုးရာထမနဲပွဲတော်သည် လူမျိုးတစ်မျိုး၏ စည်းလုံးညီညွတ်မှုကို ဖော်ပြနေခြင်း၊ ရှေးဟောင်းရိုးရာနည်းပညာကို မျိုးဆက်တစ်ခုမှ တစ်ခုသို့ လက်ဆင့်ကမ်းပေးနိုင်ခြင်း၊ မြန်မာပြည်သူပါဝင်ဆင်နွှဲနိုင်သည့် အသက်ဝင်နေဆဲယဉ်ကျေးမှုအစဉ်အလာဖြစ်ခြင်းတို့သည် ယူနက်စကိုဒြပ်မဲ့ယဉ်ကျေးမှုစာရင်းတွင် ပါဝင်သည်ဆိုသည့် အရည်အချင်းများနှင့်ပြည့်စုံနေကြောင်း တွေ့ရှိရပါသဖြင့် မြန်မာ့ရိုးရာစားစရာ ထမနဲကို ပွဲတော်များနှင့်တွဲဖက်၍ တပို့တွဲလဆန်းတွင် ထမနဲထိုးပွဲတော်နှင့် ရိုးရာဓလေ့ ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ်သာ အဆိုတင်သွင်းသင့်ကြောင်း။

လွန်းရာကျော် ရှေးရိုးရာမြန်မာ့လက်ခတ်ရက်ကန်းစင်များနှင့် လက်ခတ်ရက်ကန်းပညာကို ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေးအတွက် လေ့လာရာတွင် အထည်အလိပ်ရက်လုပ်ခြင်းအတတ်ပညာသည် ကမ္ဘာတစ်ဝန်းတွင်ရှိကြသော်လည်း မြန်မာ့လက်ခတ်ပညာသည် ရှေးခေတ်ပျူမြို့ဟောင်းများမှစ၍ ပုဂံ၊ အင်းဝ၊ အမရပူရနှင့် ကုန်းဘောင်ခေတ်ထိ ရာစုပေါင်းများစွာတိုင်အောင် မပျောက်ပျက်ဘဲ မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်းလာသည့် ယဉ်ကျေးမှုတစ်ခုဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုရှင်တင်သွင်းသည့် မြန်မာ့ထမနဲနှင့် လွန်းရာကျော် ရှေးရိုးရာမြန်မာ့လက်ခတ်ရက်ကန်းစင်များနှင့် လက်ခတ်ရက်ကန်းပညာကို ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် ယူနက်စကိုကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းပေးနိုင်ရေးအတွက် အဆိုကို လေးနက်စွာ ထောက်ခံဆွေးနွေးသည်။

အလားတူ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်က အကြံပြုထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက "မြန်မာ့ထမနဲယဉ်ကျေးမှု"ကို ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ သတ်မှတ်ကာလဖြစ်သော ၂၀၂၇ ခုနှစ် မတ် ၃၁ ရက်မတိုင်မီ စံသတ်မှတ်ချက်များနှင့်အညီ အဆိုပြုလွှာတင်သွင်းနိုင်ရေးအတွက် ထမနဲယဉ်ကျေးမှုနှင့်ပတ်သက်သော လှုပ်ရှားမှုများ၊ ဆွေးနွေးပွဲများကျင်းပခြင်း၊ ရပ်ရွာလူထုအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ ထမနဲထိုးပြိုင်ပွဲများကျင်းပခြင်း၊ ထမနဲရောင်းချသူလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လိုအပ်သောလုပ်ငန်းစဉ်များကို မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(မန္တလေး)၊ လူမှုရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့များ၊ တိုင်းရင်းသားရေးရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြည်သူလူထုလှုပ်ရှားမှုပိုမိုပါဝင်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ကျင်းပသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ အခမ်းအနားများ၌ လွန်းရာကျော်ကြိုးကြီးအချိတ်ပညာရပ်နှင့် ပတ်သက်၍ ဆွေးနွေးခြင်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိသည့် အပြင်လွန်းရာကျော်ကြိုးကြီးအချိတ်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်"အဖြစ် စံသတ်မှတ်ချက်များနှင့်အညီ တင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာအသင်းအဖွဲ့များ၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကဲ့သို့သော ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာ့ထမနဲယဉ်ကျေးမှုကို ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ ၂၀၂၇ ခုနှစ် မတ် ၃၁ ရက်နောက်ဆုံးထား၍ တင်သွင်းနိုင်ရေးနှင့် "လွန်းရာကျော်ကြိုးကြီးအချိတ်လုပ်ငန်း"ကို ၂၀၂၈ခုနှစ် မတ် ၃၁ရက်နောက်ဆုံးထားပြီး ဆက်လက်တင်သွင်းရေးအတွက် ပြည်သူများပူးပေါင်းပါဝင်မှု၊ ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုမှု၊ ပြည်သူနှင့်အသင်းအဖွဲ့များ ကောင်းစွာလှုပ်ရှားဆောင်ရွက်မှုများဖြင့် ဤဝန်ကြီးဌာနက ဆက်လက်ကြိုးပမ်းသွားပါမည်ဖြစ်ကြောင်း၊ သို့ပါ၍ အဆိုကို မှတ်တမ်းတင်ပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က သတ်မှတ်အချိန်ကာလအတွင်း ဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို အောက်တိုဘာ ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

စာမျက်နှာ ၉ မှအဆက်

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အင်းငယ်ကျေးရွာအုပ်စုအတွင်းရှိ လျှပ်စစ်မီးရရှိရန်ကျန်ရှိနေသော ကျေးရွာ သုံးရွာတွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အင်းငယ်ကျေးရွာအုပ်စု ညောင်ပင်ဝိုင်းကျေးရွာ၊ ပြင်သာကျေးရွာနှင့် ရွှေပုထိုးကျေးရွာ သုံးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ပင်းတယဓာတ်အားခွဲရုံ၏ ၁၁ ကေဗွီ ထိုးပွံ့ဖီဒါဓာတ်အားလိုင်းမှ ချိတ်ဆက်၍ ဓာတ်အားဖြန့်ဖြူးပေးရမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အင်းငယ်ကျေးရွာအုပ်စု ညောင်ပင်ဝိုင်းကျေးရွာ၊ ပြင်သာကျေးရွာနှင့် ရွှေပုထိုးကျေးရွာ သုံးရွာ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာနှင့် ၄၀၀ ဗို့လိုင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ ရှမ်းပြည်နယ်အစိုးရ ငွေလုံးငွေရင်းရန်ပုံငွေတွင် ဘဏ္ဍာနှစ်အလိုက် လျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) စောမြတ်ထွဋ်ဝင်း ခေါ် ကိုဆို၏ **ကရင်ပြည်နယ် လှိုင်းဘွဲ့နှင့် ဖာပွန်မြို့နယ်ကြား သံလွင်မြစ်ပေါ်တွင် တည်ဆောက်ရန်ရည်ရွယ်ထားသော ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းကြီးကို ပြန်လည်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် စူးစမ်းလေ့လာမှု ဆက်လက်ပြုလုပ်ခဲ့ရာ တမံအောက်ခြေတွင် ထုံးကျောက်လိုဏ်များ တွေ့ရှိမှုနှင့်စပ်လျဉ်း၍ ကုမ္ပဏီများက ၂၀၁၁ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် တင်ပြလာခဲ့ပါကြောင်း၊ ကုမ္ပဏီများဘက်မှ Karst အတွက် စူးစမ်းလေ့လာမှုပြုလုပ်ပြီးမှသာ စီမံကိန်းကုန်ကျစရိတ်များ တွက်ချက်တင်ပြနိုင်မည်ဖြစ်ပါကြောင်း ၂၀၁၃ ခုနှစ် ဇွန် ၅ ရက်တွင် ပြန်လည်တင်ပြခဲ့ပါကြောင်း၊ စီမံကိန်း၏ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် တင်ပြခဲ့ပြီး ယင်းနောက်ပိုင်း ကုမ္ပဏီများအနေဖြင့် စီမံကိန်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ဌာနသို့ သီးခြားဆက်သွယ်ဆောင်ရွက်ခြင်း မရှိပါကြောင်းနှင့် စီမံကိန်းအကောင်အထည်ဖော်ရန်မှာ စီမံကိန်းနေရာသို့ ဝင်ထွက်သွားလာနိုင်သည့်နေ့တွင် စူးစမ်းလေ့လာမှုလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်ပြီး ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုအစီရင်ခံစာတင်ပြနိုင်သည့် နောက်ပိုင်းမှသာ သိရှိနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးအောင်ကျော်မင်း၏ **ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၏ အလျင်အမြန်တိုးတက်လာသည့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို အချိန်မီဖြည့်ဆည်းနိုင်ရန်အတွက် တည်ဆောက်လျက်ရှိသော မအူပင်-ကျိုက်လတ် 66 KVA ဓာတ်အားလိုင်းသွယ်တန်းခြင်း၊ 66 KV ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို နှစ်တိုအတွင်း အချိန်မီအမြန်ဆုံးပြီးစီးရန် လိုအပ်နေပါသဖြင့် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်မှစ၍ လုံလောက်သည့် ရန်ပုံငွေများကို တိုးမြှင့်ချထားပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ကို ကေဗွီ ၂၃၀ ကျိုက်လတ်ပင်မဓာတ်အားခွဲရုံမှ ၃၃ ကေဗွီ ကျိုက်လတ်-မအူပင် ဓာတ်အားလိုင်း ၂၂ ဒသမ ၃ မိုင်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ အဆိုပါဓာတ်အားလိုင်းတွင် ကြံ့ခိုင်မှုအားနည်းလာခြင်းနှင့် အရွယ်အစားသေးငယ်သည့် ACSR 70 $mm^2$ ကြိုးများပါဝင်နေသဖြင့် ဝန်အားသုံးစွဲမှုများသည့် အချိန်များတွင် ဝန်အားမနိုင်နင်းမှုနှင့် ဗို့အားကျဆင်းမှုများဖြစ်ပေါ်လျက်ရှိပါကြောင်း။

မအူပင်မြို့သည် ခရိုင်မြို့ဖြစ်ပြီး ဓာတ်အားသုံးစွဲမှုများပြားခြင်းနှင့် နောင်တွင် အကောင်အထည်ဖော်မည့် စက်မှုဇုန်နှင့် ဓာတ်အားတိုးတက်သုံးစွဲမှုများ ရှိလာမည်ဖြစ်ခြင်းတို့ကြောင့် ၃၃ ကေဗွီအစား ၆၆ ကေဗွီဖြင့် ဓာတ်အားဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ၆၆ ကေဗွီ ကျိုက်လတ်-မအူပင်ဓာတ်အားလိုင်း ၂၂ ဒသမ ၃ မိုင်ကို 12 M Concrete H-Pole Suspension Type နှင့် ACSR 477 MCM ဖြင့် တည်ဆောက်ရန် စုစုပေါင်းခန့်မှန်းကုန်ကျစရိတ်ငွေကျပ် ဖြ၅၁၂ ဒသမ ၈၄၈ သန်းကုန်ကျမည်ဖြစ်ပြီး Survey တိုင်းတာခြင်းနှင့် ပထမအဆင့်ပစ္စည်းဝယ်ယူခြင်းများအတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၇၈၄၆၀၀ နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၄၂၁ ဒသမ ၅၂၈ သန်းကို နှစ်အလိုက် လျာထား၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်ပစ္စည်းဝယ်ယူခြင်းနှင့် ဓာတ်အားလိုင်းအပြီးတည်ဆောက်ခြင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆက်လက်လျာထား၍ ရန်ပုံငွေခွင့်ပြုရရှိမှုအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၆၆ ကေဗွီ မအူပင်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းကို ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ရန်ပုံငွေခွင့်ပြုရရှိမှုအရ ဆက်လက်လျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဒေါက်တာကျော်ထွန်း၏ **ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိနိုင်စေရေးအတွက် ကေဗွီ ၂၃၀ နမ့်စန်-မိုင်းပျဉ်း-ကျိုင်းတုံ မဟာဓာတ်အားလိုင်းမှတစ်ဆင့် မိုင်းဖြတ်မြို့နယ်သို့ မဟာဓာတ်အားလိုင်း ချိတ်ဆက်သွယ်တန်းခြင်း၊ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများ စီမံကိန်းချမှတ်ဆောင်ရွက်မည့်ကာလနှင့် စီမံကိန်းစတင်ဆောင်ရွက်နိုင်မည့် ဘဏ္ဍာနှစ်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ၂၀၂၀ ပြည့်နှစ်တွင် ကေဗွီ ၂၃၀ နမ့်စန်-မိုင်းပျဉ်း-ကျိုင်းတုံ မဟာဓာတ်အားလိုင်း၊ ကေဗွီ ၂၃၀ မိုင်းပျဉ်းပင်မဓာတ်အားခွဲရုံနှင့် ကေဗွီ ၂၃၀ ကျိုင်းတုံပင်မဓာတ်အားခွဲရုံများကို တည်ဆောက်အကောင်အထည်ဖော်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ နိုင်ငံတော်ဓာတ်အားစနစ် စတင်ရောက်ရှိခဲ့ပါကြောင်း။

ရှမ်းပြည်နယ် တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့သည် နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အားရရှိပြီးဖြစ်သည့် ကျိုင်းတုံမြို့မှ ၅၁ မိုင် ကွာဝေးပါကြောင်း၊ မိုင်းဖြတ်မြို့နယ်နှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရေးအတွက် ၆၆ ကေဗွီ ကျိုင်းတုံ-မိုင်းဖြတ် ဓာတ်အားလိုင်း မိုင် ၄၀ နှင့် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ မိုင်းဖြတ်ဓာတ်အားခွဲရုံ စီမံကိန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်နှင့် ကိုရီးယားလွှတ်တော် ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် မြန်မာ-ကိုရီးယားလွှတ်တော် ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ-ကိုရီးယား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၇) ဦးဇင်မင်းထက်နှင့် အတွင်းရေးမှူးအဖြစ် ဗိုလ်မှူးဇော်ဝင်းထွဋ်တို့အပါအဝင် အဖွဲ့ဝင် ခုနစ်ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်၏အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အမျိုးသားလွှတ်တော်နှင့် ကိုရီးယားလွှတ်တော် ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်းနှင့် အသင်းတွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ အမည်ပြင်ဆင်ခြင်းကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး ခေါ် ဦးတင်ဦး**က အဆိုပြုဥပဒေ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(က)ကို ဥပဒေကြမ်းကော်မတီက အဆိုပြုပြင်ဆင်ချက်အတိုင်း ဟု လက်ခံထားရာ မိမိအနေဖြင့် ၎င်းမှာ အဓိပ္ပာယ်ဖွင့်ဆိုချက်မမည်ဘဲ မူလစာသား၊ မူလအဓိပ္ပာယ်သာဖြစ်နေပါကြောင်း၊ ယင်းအပိုဒ်ကို အထူးရှင်းလင်းရန် မလိုအပ်၍ ပယ်ဖျက်သင့်ပါကြောင်း၊ ထည့်သွင်းထားမည်ဆိုပါကလည်း ပီပြင်ရှင်းလင်းသော ဖွင့်ဆိုချက်တစ်ရပ် အသစ်ရေးသင့်ပါကြောင်း၊ အဆိုပြုဥပဒေ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(ခ)ကို ဥပဒေကြမ်းကော်မတီက ဝန်ဆောင်မှုလုပ်ငန်းနောက်တွင် အခြားလုပ်ငန်းကို ထပ်ဖြည့်ထားရာ အခြားလုပ်ငန်းဆိုသည်မှာ ရှင်းရှင်းလင်းလင်းမရှိပါကြောင်း၊ အဆိုပြုပြင်ဆင်ချက်အတိုင်းဆက်ထားခြင်းဖြင့် လုံလောက်ပြည့်စုံသည်ဟု ယူဆပါကြောင်း။

အဆိုပြုဥပဒေကြမ်း အခန်း(၇)၊ ပုဒ်မ ၁၃ ပါ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ကို ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်ဟု ဖော်ပြထားခြင်းသည် မြန်မာစာဖြင့် လိုရင်းအဓိပ္ပာယ်ကို ကျစ်လျစ်သိပ်သည်းရှင်းလင်းစွာရေးသားထားခြင်းအပေါ် ဗဟိုကော်မတီ၏ သဘောတူချက်ရယူပြီး သတ်မှတ်ချက်နှင့်အညီဟူသောစကားရပ်ဖြင့် ထပ်မံအကျယ်ချဲ့ဖြည့်စွက်ရန် မလိုတော့ဟု ယူဆပါကြောင်း၊ အဆိုပြု ဥပဒေကြမ်း အခန်း(၇)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဇ)တွင် ပြဋ္ဌာန်းထားသော သာမန်ချေးငွေ၊ အတိုးနှုန်းသက်သာသော ချေးငွေ၊ အတိုးမဲ့ချေးငွေများ ရရှိရန်နှင့် ပြန်လည်ပေးဆပ်ရန် မလိုသော အကူအညီငွေများ ထောက်ပံ့ပေးနိုင်ရန် ချေးငွေဆိုင်ရာ၊ သတင်းအချက်အလက်ဆိုင်ရာ ဌာနကို တည်ထောင်ခြင်း အပိုဒ်တွင် ကော်မတီက ပြန်လည်ပေးဆပ်ရန်မလိုသော အကူအညီငွေများ ထောက်ပံ့ပေးချေနိုင်ရေး စကားရပ်များကို ဖြုတ်ပယ်ရန် ဥပဒေကြမ်းကော်မတီ၏ သဘောထားမှတ်ချက်ကို သဘောမတူပါကြောင်း၊ ဥပဒေကြမ်း၏ ရည်ရွယ်ချက် ခြောက်ရပ်နှင့် အခြေခံမူ ကိုးချက်အရ အကျိုးဝင်နိုင်မည့် အသေးစားစီးပွားရေးလုပ်ငန်းများ၌ ပြန်လည်ပေးဆပ်ရန်မလိုသော ငွေကြေးအကူအညီပေးရေးလုပ်ငန်းများ လိုအပ်လာနိုင်သဖြင့် ဤစကားရပ်များကို အဆိုပြုပြဋ္ဌာန်းချက်ပါအတိုင်း ပြန်ထားသင့်ပါကြောင်း ဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဒေါ်သီဂီဝင်းရွှေ**က အခန်း(၁) ပုဒ်မ ၂၊ ပုဒ်မခွဲ(ည)ပါ အေဂျင်စီ၏ အဓိပ္ပာယ်ဖော်ပြချက်ကို "အေဂျင်စီဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အဖွဲ့အစည်းကိုခေါ်သည်"ဟု ပြင်ဆင်ရန်သင့်၊ မသင့် အကြံပြုတင်ပြအပ်ပါကြောင်း၊ အင်္ဂလိပ်စာအရေးအသား ဖြည့်စွက်ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ အခန်း(၆) ပုဒ်မ ၁၁၊ ပုဒ်မခွဲ ဋ၊ ဏ၊ ဗ၊ ဘ၊ အခန်း(၁၂) ပုဒ်မ ၂၃၊ ပုဒ်မခွဲ(င)၊ အခန်း(၁၆) ခေါင်းစဉ်များတွင် မူလအဆိုပြုပြဋ္ဌာန်းချက်များတွင်ပါဝင်သည့် အင်္ဂလိပ်စာလုံးဖြင့် သုံးနှုန်းထားရှိမှုများကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်တွင် ပယ်ဖျက်ထားသည်ကို တွေ့ရှိရပါကြောင်း၊ သို့သော်အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ (ဖ)တွင်မူ အင်္ဂလိပ်စာလုံးဖြင့် ဖြည့်စွက်သုံးနှုန်းထားသည်ကိုတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဥပဒေကြမ်းတစ်ခုလုံးတွင် အင်္ဂလိပ်စာလုံးပါသည့် စကားရပ်များကို ပယ်ဖျက်ရန် သို့မဟုတ် ထည့်သွင်းမည်ဆိုလျှင်လည်း အဓိပ္ပာယ်ပိုမိုလေးနက်စေရန် မူလပြဋ္ဌာန်းချက်များ အတိုင်းထားရှိရန် အကြံပြုတင်ပြအပ်ပါကြောင်း။

အခန်း(၃) အခြေခံမူများ၊ ပုဒ်မ ၄ ပုဒ်မခွဲ(ဆ)၏ မူလအဆိုပြုပြဋ္ဌာန်းချက်အပေါ် ဥပဒေကြမ်းကော်မတီက "နှင့်သက်ဆိုင်သော" စကားရပ်ကိုဖြည့်စွက်ထားရာ စကားလုံးနေရာအထားအသိုကြောင့် ပြင်ဆင်ချက်အဓိပ္ပာယ် မပေါ်လွင်ဘဲဖြစ်နေသည့်အတွက် "အလုပ်အကိုင်အခွင့်အလမ်းများနှင့် သက်ဆိုင်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးခြင်းနှင့် လုပ်ငန်းခွင်သင်တန်းဖွံ့ဖြိုးတိုးတက်လာစေရေး စီမံဆောင်ရွက်ခြင်း"ဟု ဖော်ပြလျှင် ပိုမိုဆီလျော်မှန်ကန်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးပြည့်ဖြိုးစံ**က အခန်း(၅)၊ ပုဒ်မ ၇ (က) ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် နံပါတ်(၃)တွင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးဟု ရေးသားထားသည့်အပြင် ဘေးတွင်လည်း အဖွဲ့ဝင်များဟု ဖော်ပြထားသောကြောင့် အများကိန်းများဖြစ်ခဲ့ပါက ဝန်ကြီးများဟု ဖော်ပြသင့်ပါကြောင်း။ အသစ်ဖြည့်စွက်ချက် နံပါတ်(၅)တွင် "သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးအဖွဲ့ဝင်များ ဌာနများမှ ဒုတိယဝန်ကြီးများ"ဟု စကားလုံးများ ရောထွေးနေသဖြင့် စာသားကို ပိုမိုချောမွေ့အောင် ပြင်ဆင်လိုက်ပါက အဆင်ပြေမည်ဟု ထင်မြင်မိပါကြောင်း၊ အလားတူ ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲငယ်(ဖ)တွင်လည်း ရှေ့က စကားပျိုး မရှိဘဲ "ကြီးထွားလာစေရေး" ဟူ၍ အဆက်အစပ်မရှိဖြစ်နေပါသဖြင့် ဆိုလိုရင်းအဓိပ္ပာယ်တစ်ခုခု သက်ရောက်စေမည့် စာညွှန်းတစ်ခုကို ရှေ့ကထည့်လိုက်ပါက ပိုမိုဆီလျော်မည်ဟု ယူဆမိပါကြောင်း။

ဥပဒေပုဒ်မ ၂၇(က)တွင် စွန့်ဦးတီထွင်မှုနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်သည့် "အခွန်လျှော့ပေါ့ ကောက်ခံခြင်း"ကို ပယ်ဖျက်ထားသကဲ့သို့ ဥပဒေပုဒ်မ ၂၈(က)တွင်လည်း အစပျိုးစီးပွားရေးလုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရန် မူကြမ်းတွင်ပါသည့် "လုပ်ငန်း စတင်သည့်နေ့မှ သုံးနှစ်အထိ အခွန်ကင်းလွတ်ခွင့်ပေးခြင်း"ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားသည်ကိုတွေ့ရပါကြောင်း၊ နိုင်ငံသားများ လုပ်ငန်းစတင်ရာတွင် ဝန်မပိစေရန်နှင့် စေတနာအပြည့်နှင့် အကာအကွယ်ပေးနိုင်ရန်အတွက် ဥပဒေကြမ်းကော်မတီအနေဖြင့် ယင်းအချက်များကိုပြန်လည်စဉ်းစားပြီး မူရင်းဥပဒေမူကြမ်းပါ အခွန်ကင်းလွတ်ခွင့်နှင့် လျှော့ပေါ့ခွင့်များကို အခွန်ဥပဒေများနှင့်ညှိနှိုင်းပြီး ပြန်လည်ထည့်သွင်းပေးပါရန် တောင်းဆိုပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဒေါ်ဇင်ပပဦးက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြပြီး အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး နဝမနေ့ကို အောက်တိုဘာ ၁၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် ရုပ်သံဖိုင် ကြည့်ရန်

# President of the Republic of the Union of Myanmar U Min Aung Hlaing attends opening ceremony of 61st Myanmar Gems Emporium



President U Min Aung Hlaing views raw jade lots on display.



President U Min Aung Hlaing views finished gems and jewellery on display.

**Nay Pyi Taw October 9**

The opening ceremony of the 61st Myanmar Gems Emporium took place at Maniyadana Jade Hall in Nay Pyi Taw this morning, attended by President of the Republic of the Union of Myanmar U Min Aung Hlaing.

Also present at the ceremony together with the President were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Commander-in-Chief of Defence Services General Ye Win Oo, union ministers, the Nay Pyi Taw Council chairman, the Nay Pyi Taw Command commander, departmental personnel, officials of the Myanmar Gems and Jewellery Entrepreneurs Association, local and foreign merchants and invited guests.

First, the President and attendees watched a documentary video clip on jewelry manufacturing process and preparations for the 61st Myanmar Gems Emporium.

They then looked around the jade, gem and pearl lots displayed at the Maniyadana Jade Hall. The President provided necessary instructions regarding the reports submitted by officials.

The President and party visited the private showrooms which sold finished gems and jewellery, and observed the raw jade lots displayed outside the hall. The President gave necessary guidance on the reports presented by officials.

The Myanmar Gems Emporiums have been held since 1964, with the aim selling the extracted gems for earning foreign exchange for the country and providing benefits to the citizens.

At the current emporium, the floor prices of pearl lots are fixed in USD, and foreign merchants can settle their bills in USD, Chinese yuan and Thai baht, while Myanmar merchants are permitted to pay in Kyats. The floor prices of gem and jade lots are fixed in Euros; international buyers can make their payments in USD, Euros, Chinese yuan and Thai baht; and local merchants in Kyats. The minimum floor price for pearl lots is USD 1,000, while the reserve price for gem lots is Euros 500. For jade, the minimum price is set at USD 1,000 for finished lots and USD 5,000 for raw lots.

The emporium is selling a total of 700 pearl lots, 160 gem lots and 3073 jade lots in accord with the open tender rules to internal and international merchants until 17 October. Private showrooms at the Maniyadana Hall are also selling finished gems and jewellery. MNA



President U Min Aung Hlaing observes finished gems and jewellery at private showrooms.

# President Congratulates Myanmar's Pawsan Rice on Winning World's Best Rice Award

I am especially delighted and proud that Myanmar's high-quality Pawsan rice has once again won the World's Best Rice Award for the second time at the International World Rice Conference 2026, held in Manila, the Philippines.

Winning such a prestigious international award is a remarkable achievement that recognizes Myanmar rice's quality, aroma, flavour and outstanding characteristics on the world stage, in keeping with the saying, "A New Era for Myanmar Pawsan Rice". It also enhances Myanmar's international reputation and national pride.

This achievement is also the fruit of Myanmar's agricultural development, the hard work and dedication of farmers, and the perseverance of all those involved throughout the rice production and supply chain. I believe that further improving the quality of Myanmar rice, expanding access to international markets and increasing the production of value-added rice products will make greater contributions to the country's economic development and improve the socioeconomic well-being of farmers.

I would like to extend my special congratulations and commendation to all farmers, rice producers, rice millers, traders, exporters and relevant organizations in Myanmar's rice sector for achieving this proud and remarkable success.

I wish Myanmar's Pawsan rice continued success in maintaining and enhancing its world-class reputation, securing a stronger foothold for Myanmar's agricultural products in global markets, and contributing further to the country's economic development.

**President**
**Republic of the Union of Myanmar**

# Statements Exchanged by President U Min Aung Hlaing of the Republic of the Union of Myanmar and Malaysian Prime Minister Dato' Sri Anwar bin Ibrahim during their Meeting with the Media

## Speech delivered by President of the Republic of the Union of Myanmar U Min Aung Hlaing

I would like to extend my greetings and best wishes for peace, prosperity and well-being to Malaysian Prime Minister Dato' Sri Anwar bin Ibrahim, the representatives of both sides, and all members of the media. I am here on an official visit at the invitation of the Malaysian Prime Minister. Although this is my first visit to Malaysia since assuming the responsibilities of the President, it is my fifth visit to an ASEAN member country.

I have visited Malaysia three times in the past, all during my service in the Tatmadaw. During this current visit, I have observed the significant progress, development and beauty of Malaysia, as well as the beauty and vibrancy of Kuala Lumpur. I have noticed that the country has changed considerably compared with my previous visits. In this regard, I would like to commend Malaysia for its progress and development.

By 2028, our two countries will mark the 70th anniversary of the establishment of diplomatic relations. In this regard, I also had the opportunity to discuss with the Malaysian Prime Minister ways to further organize commemorative activities to mark this important milestone.

Our two countries are among those that were once under the same colonial rule. We are both countries on the Southeast Asian peninsula and have maintained close relations. In addition, Malaysia was among the countries that initially supported and advocated for Myanmar's membership in ASEAN in 1997. Therefore, I would like to emphasize that Myanmar and Malaysia are partner countries that have enjoyed longstanding cooperation within ASEAN.

I believe that today's discussions between our two countries will contribute to further strengthening the bonds of friendship and enhancing bilateral cooperation. After reviewing a wide range of areas, we were also able to discuss practical areas in which the two countries can cooperate.

In particular, we discussed the potential for broadening cooperation in parliamentary affairs, the economy, trade and investment, agriculture and livestock breeding, science and technology, combatting drugs and online fraud, human resource development, and people-to-people contacts.

**Your Excellency and representatives from both sides and media personnel,**

Malaysia ranks fourth among Myanmar's trading partners and ninth in terms of investment. I would like to emphasize that cooperation between business communities of the two countries during this visit presents an opportunity to further promote bilateral trade and investment. During our discussions, we also placed particular emphasis on economic, trade and investment cooperation, which serves as a key pillar of bilateral relations.

Similarly, to further increase bilateral trade, we will promote cooperation in agriculture, marine products, textiles and food, value-added production, reducing trade barriers, facilitating mutual market access, and jointly gaining greater access to the global halal market. In particular, we welcome Malaysia's technology and investment in the agriculture and infrastructure sectors. We also discussed expanding cooperation in the areas of palm oil and rubber,



President U Min Aung Hlaing delivers a speech.

as well as food production technologies

Cooperation in promoting linkages among MSMEs and in the digital economy sector would also be enhanced. The two sides had also held positive discussions on expanding air services between the two countries in order to support economic, trade and investment activities and further strengthen bilateral relations. I belief that enhanced economic cooperation between the two countries would create tangible economic benefits and employment opportunities for their peoples. In this regard, I extend my invitation to Malaysian businesspeople from various sectors to invest in Myanmar, which offers a wide range of opportunities. Building on the existing visa exemption arrangements and direct air connectivity between the two countries, there was also considerable potential to promote travel, cultural exchanges and people-to-people contacts between Myanmar and Malaysia.

**Your Excellency and representatives from both sides and media personnel,**

During the meeting, the two sides had placed particular emphasis on labour cooperation, which is an important area of bilateral relations, as well as issues concerning the rights of Myanmar workers. The role of Myanmar migrant workers in contributing to Malaysia's economic and infrastructure development and said that the two sides had agreed to work closely with the Malaysian government to ensure their workplace safety, access to their rights and protections, and improved social welfare and support.

In addition, we discussed measures to ensure that workers enter through legal channels and work in an orderly manner, protect them from exploitation, facilitate visa and work permit procedures, and effectively implement the bilateral labour agreements and memoranda of understanding (MoUs). We were also able to discuss the repatriation of Myanmar nationals who are currently being held at immigration detention centres in Malaysia, following the verification and confirmation of their Myanmar citizenship. I would also like to say that I will make arrangements to ensure that those whose nationality has been verified can be repatriated as soon as possible. As the current period offers favourable weather conditions, I would also like to say that I will dispatch Myanmar Navy vessels to facilitate their prompt repatriation. In this regard, I would also like to request the Malaysian government to grant the necessary permission for this arrangement. I hope that the Minister of Labour accompanying my delegation will also have an opportunity to meet and discuss matters with Malaysia's Minister of Human Resources. The contributions and efforts of Myanmar workers living and working in Malaysia are highly important to the economies and friendship between the two countries. I would also like to express my appreciation for the assistance and care provided by the Malaysian government to Myanmar workers.

**Your Excellency and representatives from both sides and media personnel,**

We have designated the fight against online fraud, cybercrime and drugs in Myanmar as a national responsibility and are taking action under a zero-tolerance policy. During our discussions, we also agreed to place particular emphasis on and work closely together to prevent and combat drug-related offences and online fraud, which pose serious threats to the security and stability of both our countries and the region, as well as to the social and economic well-being of our peoples. We will enhance information sharing and coordination and cooperation between law enforcement agencies to effectively prevent and combat transnational crimes, including the illegal production, transportation and trafficking of drugs.

In addition, we will ensure real-time cooperation between the police forces and security agencies of the two countries to eradicate online fraud operations and cybercrime networks that are causing harm to the public. We also had positive discussions on preventing and combating human trafficking, as well as on the safe rescue and protection of victims. I would like to assure you that we will continue to work actively and closely with Malaysia to create a safe and secure regional environment free from drugs and online fraud. As we are also providing assistance and facilitating the repatriation of Malaysian nationals who are facing difficulties in Myanmar, we were able to discuss ways to ensure smooth and effective cooperation on immigration, labour, repatriation and assistance and rescue matters concerning the nationals of both countries.

**Your Excellency and representatives from both sides and media personnel,**

I believe that this visit will help accelerate and further promote the bonds of friendship, mutual understanding and cooperation between our two countries. I would like to reiterate my desire to work together with the Malaysian government and people to further strengthen and advance relations between our two countries. I would also like to inform you that, on this occasion, I have invited the Honourable Prime Minister of Malaysia to pay a friendship visit to Myanmar when an appropriate opportunity arises.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Statements Exchanged by President U Min Aung Hlaing of the Republic of the Union of Myanmar and Malaysian Prime Minister Dato' Sri Anwar bin Ibrahim during their Meeting with the Media

## Speech delivered by Malaysian Prime Minister Dato' Sri Anwar bin Ibrahim

I would like to express gratitude to Your Excellency President U Min Aung Hlaing and members of the Myanmar delegation for accepting my invitation and for visiting Malaysia.

We discussed many issues, particularly matters concerning cooperation between our two countries. Our two countries have enjoyed longstanding and strong relations over the years.

In recent times, however, some obstacles have emerged in our bilateral relations. But now is the time for us to further enhance and strengthen our cooperation.

Within the ASEAN mechanisms, I understand that Your Excellency and your government have made considerable efforts, and we recognize and appreciate those efforts. I have also seen the changes in your country's policies aimed at improving relations between our two countries.

As a country with diverse ethnic groups and a complex situation, Myanmar faces a range of challenges. Therefore, when we approach issues concerning your country, we need to take these circumstances into consideration and develop a better understanding of them.

I would like to express my sincere thanks for the very open, frank and straightforward discussions we had today. I believe that this has helped us deepen our mutual understanding and will enable us to further strengthen and advance our relations going forward.

What we need to address is how to enhance cooperation between our two countries in areas such as trade, investment, food, energy and capacity building. We need to increase our cooperation year by year. In terms of economic opportunities, we need to work together to achieve growth of around 140 per cent.

You also mentioned that when my Foreign Minister, Mr. Hasan, was in Myanmar and met with his counterpart, the Myanmar Foreign Minister, the discussions and engagements were highly productive and produced very good results. Mr. President, I would like to express my appreciation for your cooperation and support in this regard.



Malaysian Prime Minister Dato' Sri Anwar bin Ibrahim delivers a speech.

One issue we need to address in the current situation is the misunderstanding surrounding matters such as democratic reform and domestic issues. There are still some misunderstandings regarding these matters. When I met you in Bangkok following the earthquake in Myanmar, you accepted and supported certain policy measures. For example, in terms of medical treatment, anyone could receive medical care without discrimination. I also observed that you had changed your policies and were making efforts to prevent further violence from occurring. I also conveyed these matters to my friends among the ASEAN leaders. Therefore, the question is how we can put such mechanisms into practice. What I said to the ASEAN leaders at the time was that the implementation of these mechanisms ultimately depended on them.

The second issue is the repatriation of Myanmar nationals. Based on my experience, I know that no country would normally be willing to accept such a large number of people for repatriation. However, the Myanmar government has accepted them, and we have to recognize and appreciate this. A total of 10,493 people have already been repatriated to Myanmar by aircraft and Myanmar Navy vessels. However, this is subject to the records maintained by the respective Ministries of Home Affairs of the two countries. Under the existing rules, regulations and agreements, I still have around 3,000 people remaining. These groups will also be accepted back by Myanmar in the near future.

I understand that if they have not committed any crimes and have been cleared through the necessary procedures, your side is prepared to accept them for repatriation. Thank you for handling this matter so openly and for your cooperation. Your visit is extremely important to me. It is also important for other countries and for the region as a whole. Therefore, I would like to express my sincere appreciation for accepting my invitation and coming to Malaysia on this visit.

First of all, I remember what you said when we first met in Bangkok. I found you to be very open and willing to listen to the views of others, and that is how I have come to understand and see you. During this visit, we will make every effort to pursue all possible areas of cooperation. In particular, we will focus on further strengthening our cooperation. Myanmar is part of our family, especially within the ASEAN family. At the bilateral level, we will continue to promote cooperation between Myanmar and Malaysia. Thank you.

# Systematic demolition of illegal buildings used in online scam/ gambling continues in Shwe Kokko (Part-II)

**Nay Pyi Taw October 9**

The government has placed emphasis on combat against online scams and gambling as a national responsibility and raided them effectively to completely prevent them from taking hold in the country in coordination with neighboring governments as well as local forces.

After classifying 25 buildings into machinery-demolition, four into detonation and 34 into manual demolition floor by floor due to their proximity to residential buildings out of the remaining 63 buildings to be demolished in Shwe Kokko (Part-II), systematic demolition ha been going on since 6 October.

In doing so, one five-storey building out of five to be demolished with the use of machinery was levelled down, completing 85 percent of demolition tasks so far. Preparations of explosives are being carried in one six-storey building and systematic demolition plans are underway to bring down the 62 remaining buildings.

The government has placed a special emphasis on obliteration of online scams and gambling, which pose a threat to global socioeconomic space and national security, in cooperation with neighboring and regional countries. 100

**Systematic demolition of illegal buildings used for online gambling operations in Shwe Kokko Section 2 continues.**





**Demolition underway using heavy machinery.**





**Rigging detonation cords for controlled demolition.**

# Suspect arrested for cyberattacks on government and private online services and a publicly used private digital payment system



Cyber attacker suspect arrestee Wai Phyo Aung (aka) Aung Myo, 36, son of U Hla Kyi.

**Nay Pyi Taw October 9**

The government is implementing the development of an e-Government system to deliver public services more quickly and efficiently. It is systematically developing public service platforms and digital infrastructure, including government services that directly interact with the public and network systems that facilitate coordination among departments. It is also placing emphasis on promoting the development of private online services and private digital payment systems.

In implementing the development of the e-Government system, cybercrime offenders who engage in the unauthorized acquisition, use, disruption, disclosure, transmission or distribution of information, cyber resources and critical information infrastructure are being identified and subjected to effective legal action in accordance with cybersecurity laws.

In 2026, government departmental networks, private online service providers and some private digital payment systems were subjected to cyberattacks. It was reported that the attackers threatened to disclose users' personal information unless money was paid and used online platforms to distribute such information as a means of intimidation. Following investigations to identify and arrest those offenders, Wai Phyo Aung (aka) Aung Myo, who was involved in the cyberattacks, was arrested on 10 September 2026.

Investigations revealed that Wai Phyo Aung (aka) Aung Myo, who committed the cyberattacks, carried out the following attacks to illegally obtain data and subsequently demanded money by threatening to withhold the data or disseminated personal information online as a means of intimidation. In around the first week of June 2026, he obtained data from student accounts at an international college based in Myanmar and from a Myanmar-based job search website. He obtained the data on students from a foreign university based in Myanmar in around the second week of June, the data from a vehicle rental brokerage website in around the second week of July, the data from a telecommunications website and the website of a private digital payment system in around the second week of August, and the data from a government online service website in around the first week of September. The investigation found that he illegally accessed and acquired the data through cyberattacks, demanded money by threatening to withhold the data, and threatened to disclose personal information by distributing it online.

As the government is working to develop the e-Government system, cyberattacks involving the illegal acquisition of personal information, extortion through threats to withhold the information unless money is paid, and threats to disclose personal information online have significantly affected the government's efforts to develop the e-Government system, as well as national security, stability and peace. Therefore, effective legal action is being pursued against the arrested cybercrime suspect, Wai Phyo Aung (aka) Aung Myo, in accordance with the law.

The people is also informed that, as the government is placing emphasis on developing the e-Government system, anyone who has information about individuals planning to launch cyberattacks against the country's information infrastructure, private online service providers or private digital payment systems may report such information confidentially to the relevant security organizations. Furthermore, those who commit cyberattacks against online services under the e-Government system; steal state and citizens' information through cyberattacks; demand money under threats to return the stolen information; or threaten to disclose illegally obtained national security-related information and personal data by distributing it online will continue to be identified and subjected to effective legal action.

100

# Farmers complete harvesting of green gram in YeU Township

**YeU October 9**

Statistics of YeU Township Agriculture Department stated that local farmers have reaped all plantations of green gram in YeU Township of Sagaing Region this year.

YeU Township planted 1,054 acres of green gram during this year's monsoon crop season. Harvesting of the green gram fields began in September, and 100 percent of the cultivated area has been harvested as of today, with an average yield of 13.60 baskets per acre.

"This year, 1,054 acres of green gram were planted in YeU Township during the monsoon crop season. At present, all of the cultivated acres have been fully harvested. Regarding green gram cultivation, we have provided awareness and training to encourage expanded cultivation and have educated farmers on the use of quality and pure seeds to achieve higher yields," said Daw Aye Nyein Thant, Head of the YeU Township Agriculture Department.

This year, the YeU Township Agriculture Department provided farmers growing green gram with guidance on obtaining quality and pure seeds suitable for local conditions, following proper cultivation practices, preventing pest infestations, using fertilizers systematically, and achieving higher yields.

During this year's monsoon crop season, the department has also been working in cooperation with farmers growing various pulse crops to provide the necessary quality and pure seeds, agricultural inputs, and post-harvest technology, with the aim of improving crop yields and quality.

206

# British nuclear subs have only fire hoses as drone defense – media

**London October 9**

British sailors are drilling to fend off potential drone attacks against £4 billion ($5.3 billion) Vanguard-class subs using fire hoses as the only onboard "air defense weapon," The Sun has reported.

The hoses, known as "center fed reels" are placed on submarine decks as a precaution when the vessels are moored at the British naval base Clyde in Scotland, the UK's most sensitive military site, the tabloid reported on Thursday, citing anonymous sources. The equipment has pistol-grip nozzles that would allow sailors to direct water at approaching drones.

"You have to use what you've got," the tabloid cited one of its sources as saying.

The Royal Navy's four Vanguard-class ballistic missile submarines are the only British platforms equipped to carry and launch Trident II nuclear missiles, which deliver the UK's only operational nuclear weapons. According to The Sun, the Navy insists that layered defenses, including "physical barriers, patrols, surveillance, monitoring, and counter-drone capabilities," protect the subs.

The report comes as the Royal Navy is facing what a former senior commander has described as its worst crisis in 350 years.

The UK's entire fleet of nuclear-powered Astute-class attack submarines are not fit for combat duty, retired chief of the Naval Staff, Lord Alan West, told The Sun earlier this year. Five of the vessels are facing maintenance and availability delays, while the sixth, according to the Royal Navy, is still undergoing sea trials ahead of returning to service.

Xinhua

# U.S. county sues to block Trump's Triumphal Arch project

**Washington October 9**

Local authorities in Arlington County, Virginia, on Thursday sued to block construction of U.S. President Donald Trump's planned Triumphal Arch project.

Arlington County is located in Northern Virginia just across the Potomac River from Washington, D.C.

The county government filed the lawsuit in the U.S. District Court for the Eastern District of Virginia, arguing that the Trump administration's planned 250-foot-tall arch violates environmental laws and requires further review.

"As contemplated, the Arch will dwarf Paris's Arc de Triomphe and directly obstruct the line of sight between the Lincoln Memorial and Arlington National Cemetery that was deliberately created to symbolize the nation's post-Civil War reunification," the complaint said.

Construction of the Arch on Memorial Circle will "cause significant harm" to Arlington County and its residents, as the site lies within a busy traffic corridor, according to the five-person Arlington County Board.

The complaint also noted that construction of the Arch will "harm public safety" in Arlington by clogging thoroughfares needed for emergency transport services.

"It threatens to increase noise and air pollution in Arlington by necessitating the diversion of certain flights into and out of Reagan National Airport," it continued.

According to the complaint, the National Park Service failed to take a "hard look" at the environmental impacts of the Arch project, as required by law.

The county filed the lawsuit to halt the agency's "feverish pace" toward construction of the Arch and to ensure that the "hard look" mandated by the National Environmental Policy Act is completed before the agency commences "disruptive and harmful ground-disturbing activities."

Xinhua

# ရွှေပဲပုပ်ကို စားဖွယ်မျိုးစုံအသုံးပြုပုံများ အပိုင်း (၃)

မူမူ (မလှိုင်)

ပဲပုပ်သည် နိုင်ငံအတွင်းထွက်ရှိသော ပဲမျိုးစုံ သီးနှံများအနက် ပြည်ပနိုင်ငံ အထူးသဖြင့် တရုတ်နှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့ရောင်းချပြီး နိုင်ငံခြားငွေ အများဆုံးရှာဖွေပေးနိုင်မည့် ပဲသီးနှံတစ်မျိုးအဖြစ် တဖြည်းဖြည်းနေရာဝင်ရောက်လာသော သီးနှံဖြစ်သည်။ ထို့ပြင် ပဲပုပ်ကို အစားအသောက်မျိုးစုံပြုလုပ် စားသောက်နိုင်ပြီး အာဟာရပြည့်စုံ ကျန်းမာရေး အထောက်အကူပြု ဆီကိုပါထုတ်၍အသုံးပြုနိုင်သည်။

ပဲပုပ်၏ ကျန်းမာရေးအကျိုးကျေးဇူးများနှင့် အသုံးပြုမှုများကို လေ့လာကြည့်လျှင် ပဲပုပ်ကြိတ်ဖတ်သည် ပဲပုပ်ဆီထုတ်ယူမှုမှထွက်ပေါ်လာသော လက်ကျန်ဖတ်တစ်ခုဖြစ်ပြီး တိရစ္ဆာန်အစာနှင့် လူ့အစားအစာများတွင် အသုံးပြု၍ရသော အာဟာရအင်အားကြီးတစ်ခုဖြစ်သည်။ ပဲပုပ်၏ပရိုတင်းဓာတ်မြင့်မားမှုကြောင့် ကြက်မွေးမြူရေးနှင့် နွား၊ ဝက်မွေးမြူရေးအတွက် မရှိမဖြစ်လိုအပ်သည်။ လူများအတွက် တိုဟူးကဲ့သို့ အစားအစာအဖြစ် ပြောင်းလဲသွားပြီး တည်တံ့သည့် ပရိုတင်းရင်းမြစ်တစ်ခု ဖြစ်လာသည်။ ပဲပုပ်၏ ဈေးနှုန်းသက်သာမှုနှင့် အမျိုးမျိုးအသုံးပြုနိုင်မှုကြောင့် လူကြိုက်များသည်။ ပဲပုပ်မှုန့်သည် အစားအစာအပြင် ကပ်စေးကော်စေးများမှစ၍ ဇီဝလောင်စာများထိ အသုံးပြုနိုင်သည်။ ပဲပုပ်၏ အာဟာရဓာတ်ပါဝင်မှုများပြားခြင်းသည် နှလုံးကျန်းမာရေး၊ ကြွက်သားကြီးထွားမှုနှင့် အခြားအရာများကို ပံ့ပိုးပေးသဖြင့် အာဟာရအတွက်တန်ဖိုးရှိသော ဖြည့်စွက်ပစ္စည်းတစ်ခုဖြစ်သည်။ ထို့ကြောင့် ဒေသတွင်း တောင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပဲပုပ်ကိုကုန်ကြမ်းအတိုင်း ရောင်းချခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ထုပ်ပိုးမှုနည်းပညာနှင့် အစားအသောက် ဘေးကင်းလုံခြုံရေး စံချိန်စံညွှန်းများ ပိုမိုမြင့်မားလာစေရန် စနစ်တကျကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ချက်ရှိနေသည်။

**ပဲပုပ်ကြိတ်ဖတ်(Soy Meat)**

ပဲပုပ်အသားသည် ပဲပုပ်မှ ထုတ်လုပ်ထားသော အပင်အခြေပြု ပရိုတင်းတစ်မျိုးဖြစ်ပြီး တိရစ္ဆာန်အသား၏ အထူအထပ်၊ အရသာနှင့် ပုံစံကိုမျှတစွာ ထပ်တူပြုမိတ္တူကူးနိုင်ရန် ရည်ရွယ်ပြုလုပ်ထားသည်။ ပဲပုပ်အသားကို Textured Vegetable Protein (TVP) သို့မဟုတ် Soy Protein Isolate (SPI) ဟုလည်း သိကြသည်။ အခြေခံဆုံးပုံစံဖြစ်သော TVP သည် အဆီဖြုတ်ထားသော ပဲပုပ်မှုန့်မှပြုလုပ်ပြီး ပိုမိုရှုပ်ထွေးသောထုတ်ကုန်များဖြစ်သည့် ပဲပုပ်ဘာဂါများတွင် ဆီ၊ ရောနှောပစ္စည်းများနှင့် အရောင်များပါဝင်ကာ အမဲသား၊ ကြက်သား သို့မဟုတ် ဝက်သားတို့၏ အရသာနှင့် စိုပြည်မှုကို ပုံတူထားပြုလုပ်နိုင်သည်။

ပဲပုပ်အသားပြုလုပ်ပုံနည်းလမ်းမှာ အသားအတုထုတ်ခြင်းဖြစ်ပြီး ပဲပုပ်ပရိုတင်းကို အပူမြင့် ၁၃၀ဒီဂရီစင်တီဂရိတ်မှ ၁၅၀ ဒီဂရီစင်တီဂရိတ်နှင့် ဖိအားမြင့်စက်ဖြင့်ဖိအားပေးသည်။ ဤလုပ်ငန်းစဉ်သည် ပရိုတင်းများကိုပြန်လည်ညှိနှိုင်းပြီး ကြွက်သားအထည်နှင့် ဆင်တူသော အမျှင်ကြီးများအဖြစ် ပြန်လည်ညှိနှိုင်းပေးခြင်းဖြစ်သည်။ ပုံသွန်းပြီးနောက် ထုတ်ကုန်ကို ခြောက်သွေ့အောင်ပြုပြင်ပြီး သိုလှောင်ရန်ပြင်ဆင်ရသည်။ အခြောက်ခံသိုလှောင်ထားသော ပဲပုပ်အသားတုကို မချက်ပြုတ်မီရေဖြင့် အစိုဖြစ်ရန် ပြန်လည်ရေစိမ်ပေးရသည်။ အသားတုဖြစ်သော ပဲပုပ်ထုတ်ကုန်တချို့ကို ဆီ၊ မုန့်မှုန့်နှင့် သဘာဝအရောင်များဖြည့်စွက်ပေးကာ ပိုမိုကောင်းမွန်သော အရသာ၊ အပြင်အဆင်နှင့် ပြုပြင်ပေးပြီး စားသုံးကြသည်။

အာဟာရအားဖြင့် ပဲပုပ်အသားတုသည် ပြည့်စုံသော ပရိုတင်းဖြစ်ပြီး အရေးကြီးသော အမိုင်နိုအက်စစ်ကိုးမျိုးစလုံးပါဝင်သော်လည်း Methionine သည် တိရစ္ဆာန်အသားထက် အနည်းငယ်နည်းပါးသည်။ အမဲသားနှင့်နှိုင်းယှဉ်လျှင် ပဲပုပ်ဖြင့်ပြုလုပ်ထားသောအသားတုသည် ကိုလက်စထရောမပါဘဲ အဆီဓာတ်နည်းပြီး အမျှင်ဓာတ်ပိုများသည်။ အချို့သော ပဲပုပ်ထုတ်ကုန်များတွင် သံ၊ ဇင့်နှင့် ဗီတာမင် B12 တို့ဖြင့် တိရစ္ဆာန်အသားအာဟာရနှင့် ကိုက်ညီအောင် ဖြည့်စွက်ပြုပြင်ထားသည်။




အမျိုးအစားများနှင့် အသုံးပြုမှုများကိုလေ့လာလျှင် ဟင်းသီးဟင်းရွက်ပရိုတင်း (TVP)ကိုအခြောက်ခံထားသောအမှုန့်များ၊ အပိုင်းပိုင်းဖြတ်ထားသော အသားလွှာအဖြစ်ရောင်းချပြီး ချက်ပြုတ်ရန်မတိုင်မီ ပြန်လည်ရေစိုခံထားသည်။ ပဲပုပ်ပရိုတင်း ကွန်စထရက် (SPC) နှင့် ပဲပုပ်မှထုတ်သည့် ပရိုတင်းအိုင်ဆိုလိတ် (SPI)တို့သည် ပရိုတင်းပါဝင်မှုမြင့်မားပြီး ပြုပြင်ထုတ်လုပ်ထားသော အစားအစာများနှင့် အသားတုဆင်တူသောနေရာများတွင် အသုံးပြုသည်။ အဆင်သင့်စားသုံးရန် ပြုပြင်ထားသော ဈေးကွက်ထဲရှိ ပဲပုပ်အသားတုထုတ်ကုန်များသည် မူရင်းအသားပုံစံအတိုင်း ကြိုတင်အရသာပေးထားပြီး ပုံသဏ္ဌာန်တူပြုလုပ်ပေးထားကာ အရောင်ပြောင်းထားသော ချက်ရန်အဆင်သင့် အနေအထားဖြစ်စေသည်။

ပဲပုပ်အသားတုသည် အဆီနည်းပြီး ကိုလက်စထရောမပါသောကြောင့် နှလုံးကျန်းမာရေးအတွက် အကျိုးကျေးဇူးများ ပေးစွမ်းသည်။ ပဲပုပ်အသားတုသည် အမဲသားထက် ဈေးနှုန်းသက်သာသော သက်ရောက်မှုရှိပြီး ဘေးထွက်ဆိုးကျိုး နည်းပါးသည်။ အကျဉ်းချုပ်အားဖြင့် ပဲပုပ်အသားတုသည် တိရစ္ဆာန်အသားအစား အာဟာရဓာတ်ပြည့်ဝပြီး အမျိုးမျိုးအသုံးပြုနိုင်သော၊ တာရှည်ခံသော အသားအစားထိုး အစားအစာဖြစ်ကာ အမျိုးမျိုးသောအစားအစာနှင့် ချက်ပြုတ်မှုအတွက် သင့်တော်စွာ အသုံးပြုနိုင်သည်။

**ပဲပုပ်တမ်ပီ – Soy Tempeh**
**(ပဲစိမ်းပြား၊ ပဲစိမ်းကြော်၊ ပါပလာ)**

ပဲပုပ်ကို ပဲကပ်ကြော်၊ ဗယာကြော်၊ ပဲစိမ်းကြော်၊ ပါပလာကြော်အဖြစ်လည်း ပြုပြင်စားသုံးနိုင်သည်။ Soy Tempeh – ပဲပုပ်တမ်ပီဟု ခေါ်ဝေါ်သုံးစွဲကြပြီး မြန်မာတို့စားသုံးနေကျဖြစ်သော ပဲစိမ်းပြား၊ ပဲစိမ်းကြော်၊ ပါပလာတို့နှင့်ဆင်တူသည်။ ပဲပုပ်တမ်ပီသည် ကျန်းမာရေးအကျိုးကျေးဇူးများစွာ ပေးစွမ်းသည်။ အထူးသဖြင့် ပရိုတင်းဓာတ်မြင့်မားသည်။ ပဲပုပ်တမ်ပီသည် ပရိုတင်းအပြည့်အစုံရရှိနိုင်သော အမိုင်နိုအက်စစ်ကိုးမျိုးစလုံးပါဝင်သဖြင့် ပရိုတင်းစားသုံးမှုတိုးမြှင့်လိုသူများအတွက် ရွေးချယ်မှုကောင်းတစ်ခုဖြစ်သည်။ အာဟာရဓာတ်များစွာပါဝင်၍ ဗီတာမင်များ၊ သတ္တုဓာတ်များနှင့် ပရီဘိုင်အိုတစ်များပါဝင်ပြီး အစာအိမ်ကျန်းမာရေးနှင့် အစာခြေမှုကို ပံ့ပိုးပေးသည်။ နှလုံးကျန်းမာရေးအတွက် ပဲပုပ်တမ်ပီထဲရှိ Isoflavones များသည် ကိုလက်စထရောလျော့နည်းစေပြီး သွေးတိုးကိုလျော့နည်းစေကာ နှလုံးကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည်။ ပဲပုပ်တမ်ပီ၏ အမျှင်ဓာတ်ပါဝင်မှုသည် အစာခြေမှုကို ကူညီပေးပြီး ကိုယ်အလေးချိန်ထိန်းချုပ်ရာတွင်ကူညီနိုင်သည်။ ကယ်လ်စီယမ်ဓာတ် ကောင်းစွာရရှိမှုတစ်ခုဖြစ်ပြီး အရိုးကျန်းမာရေးအတွက် အကျိုးရှိသည်။ ပဲပုပ်တမ်ပီကို အသင့်စားအစာထဲ ထည့်သွင်းစားသုံးခြင်းသည် အထူးသဖြင့် သက်သတ်လွတ်စားသူများအတွက် အာဟာရပြည့်ဝသော ဖြည့်စွက်မှုတစ်ခုဖြစ်နိုင်သည်။

**ပဲပုပ်တိုဟူး၏ အကျိုးကျေးဇူးများ**

ပဲပုပ်ကို တိုဟူး၊ ပဲအခဲ ခေါ် ပဲပြားလည်းပြုလုပ်စားသုံးလေ့ရှိကြသည်။ ပဲတိုဟူးသည် အမျိုးမျိုး အသုံးပြုနိုင်၍ အာဟာရပြည့်ဝသော အစားအစာဖြစ်ပြီး ကျန်းမာရေးအကျိုးကျေးဇူး များစွာကို ပေးစွမ်းသည်။ ပဲပုပ်တိုဟူးကို အစားအစာထဲ ထည့်သွင်းသုံးစွဲခြင်း၏ အဓိကအားသာချက်တချို့မှာ–

**ပရိုတင်းဓာတ်မြင့်မားခြင်း**– ခန္ဓာကိုယ်အတွက် လိုအပ်သော အမိုင်နိုအက်စစ် ကိုးမျိုးစလုံးကိုပေးစွမ်းသော အပင်ပရိုတင်းဖြစ်သည်။ သက်သတ်လွတ် အစားအစာ စားသုံးသူများအတွက် အကောင်းဆုံး ရွေးချယ်မှု အစားအစာတစ်ခုဖြစ်သည်။

**နှလုံးကျန်းမာရေး** – တိုဟူးထဲရှိ Isoflavones များသည် ကိုလက်စထရောကိုလျော့နည်းစေပြီး နှလုံးရောဂါဖြစ်ပွားမှုအန္တရာယ်ကို လျော့နည်းစေသည်။ တိုဟူးကိုပုံမှန်စားသုံးခြင်းသည် ကိုလက်စထရော ပရိုဖိုင်များတိုးတက်စေပြီး နှလုံးရောဂါဖြစ်ပွားမှု အန္တရာယ်လျော့နည်းစေသည်။

**ကင်ဆာအန္တရာယ်လျော့နည်းစေခြင်း** – တိုဟူးထဲရှိ Isoflavones သည် ကင်ဆာရောဂါကိုလျော့ပါးစေပြီးနောက် သေဆုံးမှုနှုန်းကိုလျော့နည်းစေကာ အချို့ကင်ဆာများကို ကာကွယ်ပေးနိုင်သည်။ အရိုးကျန်းမာရေးအတွက် ခန္ဓာကိုယ်တွင်း ကယ်လ်စီယမ်ထိန်းသိမ်းမှုကို မြှင့်တင်ပေးပြီး Isoflavones ပါဝင်မှုကြောင့် အရိုးပျက်စီးမှုဖြစ်နိုင်ခြေကို လျော့နည်းစေသည်။

**အစာအိမ်ကျန်းမာရေး** – တိုဟူးထဲရှိ Isoflavones များသည် အနာရောဂါလျော့နည်းစေပြီး အစာအိမ်ကျန်းမာရေးကို မြှင့်တင်ပေးနိုင်သည်။ တိုဟူးထဲရှိ Isoflavones များတွင် ရောင်ရမ်းမှုလျော့နည်းစေသော အာနိသင်များပါဝင်ပြီး နာတာရှည်ရောဂါများဖြစ်ပွားမှုအန္တရာယ်ကို လျော့နည်းစေနိုင်သည်။ ပဲတိုဟူးကို အစားအစာထဲ ထည့်သွင်းစားသုံးခြင်းက အာဟာရဓာတ်၊ အနံ့နှင့်အရသာ တိုးတက်စေပြီး ချက်ပြုတ်ရာမှာ အမျိုးမျိုးအသုံးပြုနိုင်မှုကို ပေးစွမ်းနိုင်သည်။

**တိုဟူးပြုလုပ်ပုံအဆင့်ဆင့်–**

(က) **ပဲပြင်ဆင်ခြင်း**– ခြောက်သွေ့သောပဲများကိုသန့်ရှင်းပြီး ရေထဲတွင်စိမ်၍ ရေဓာတ်ပြန်လည်ဖြည့်တင်းသည်။

(ခ) **အမှုန့်နှင့် ရေနွေးငွေ့ပေးခြင်း**– စိမ်ထားသော ပဲများကို အမှုန့်ပြုလုပ်ပြီး ပဲနို့ထုတ်ရန် ပြုတ်သည်။

(ဂ) **အတုံးအခဲပြုလုပ်မှု** – မဂ္ဂနီဆီယမ်ကလိုရိုက် သို့မဟုတ် ကယ်လ်စီယမ်ဆာလ်ဖိတ်ကဲ့သို့သော ခဲလွယ်ပစ္စည်းများကို ထည့်သွင်း၍ ရေကိုခွဲထုတ်သည်။

(ဃ) **ဖိနှိပ်ခြင်း** – ချဉ်ရည်များကို အစုလိုက်အပြုလိုက်ဖိထားပြီး ရေထုတ်ပမာဏနှင့် အသုံးပြုသော ပျစ်ခဲပမာဏပေါ်မူတည်၍ တိုဟူး၏အရည်အသွေးကို သတ်မှတ်သည်။

တိုဟူးသည် ပရိုတင်းဓာတ်မြင့်ပြီး အရေးကြီးသော အမိုင်နိုအက်စစ်များပါဝင်သဖြင့် အာဟာရပြည့်ဝသော အစားအစာတစ်မျိုးဖြစ်သည်။ တိုဟူးသည် အဆီ၊ ကာဗိုဟိုက်ဒရိတ်များနှင့် ကယ်လ်စီယမ်၊ သံဓာတ်ကဲ့သို့သော သတ္တုဓာတ်များကိုလည်း ပေးစွမ်းသည်။ တိုဟူးကို အသားပြုတ်၊ အသားကြော်၊ အသားကင် သို့မဟုတ် ဟင်းခါးအရည်များဖြင့် ပေါင်းစပ်စားနိုင်ပြီး အစားအစာအမျိုးမျိုးနှင့် အနံ့အရသာကောင်းစွာ ကိုက်ညီအောင်ပြုပြင်စားသုံးနိုင်သည်။ ပဲပုပ်သည် တိုဟူး၏ အခြေခံပါဝင်ပစ္စည်းဖြစ်ပြီး ပဲပုပ်နို့ကို အချဉ်ဖောက်၍ ဆီတိုဟူးများအဖြစ် ပြောင်းလဲနိုင်သည်။

မြန်မာနိုင်ငံတွင် ရှမ်းရိုးရာအစားအစာတစ်ခုအဖြစ် ရှမ်းမုန့်လာချဉ်နှင့် ဆီတိုဟူးမှာခွဲ၍မရသော စားသောက်ဖွယ်ရာအဖြစ် ရှိနေသည်။ မြန်မာ့အစားအစာကဏ္ဍတွင် ပဲပုပ်၊ ပဲပြား၊ ပဲခဲ၊ တိုဟူးမှာ မီးဖိုချောင်သုံး အိမ်ရှင်မတို့အကြိုက် အလွယ်တကူ ချက်ပြုတ်စားသောက်ဖွယ်ရာတွင် ပါဝင်လျက်ရှိသည်။ ထိုသို့ အာဟာရပြည့် ကျန်းမာရေးအထောက်အကူပြု စားဖွယ်စုံအမျိုးမျိုးအဖုံဖုံကို ပြုပြင်၍ ဖန်တီးခွင့်ရှိသော ရွှေပဲပုပ်သီးနှံကို ဥတုရာသီကိုက်ညီမျှတသောဒေသများတွင် တိုးချဲ့စိုက်ပျိုးထုတ်လုပ်ကြခြင်းဖြင့် စိုက်ပျိုးထုတ်ကုန်ကဏ္ဍတိုးတက်စေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ရတနာပစ္စည်းများထုတ်လုပ်မှုအဆင့်ဆင့်နှင့် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြစဉ်။

❑ မြန်မာ့ကျောက်မျက်ရတနာပြပွဲမှ

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက် လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ပြည်ပကုန်သည်များနှင့်ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည်ရတနာပစ္စည်း များ ထုတ်လုပ်မှုအဆင့်ဆင့်နှင့် ၆၁ ကြိမ် မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင် ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများ သည် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ၌ရောင်းချရန် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ကျောက်မျက်အတွဲများနှင့် ပုလဲ အတွဲများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူ များ၏တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတ က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင် များသည် ပုဂ္ဂလိကကျောက်မျက်ရတနာ အရောင်းပြခန်းများ ဖွင့်လှစ် ရောင်းချနေမှုကိုလိုက်လံကြည့်ရှုအားပေးပြီး ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထား သည့် ကျောက်စိမ်းရိုင်းအတွဲများကို လိုက်လံ ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်သမ္မတ က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိ ရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော်ထုတ်လုပ်ထားသည့် ကျောက်မျက် ရတနာများကိုရောင်းချနိုင်မည့် မြန်မာ့ ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ် မှစတင်၍ကျင်းပခဲ့သည်။ ယခုပြပွဲတွင် ပုလဲအတွဲများအတွက် ကြိမ်ခင်းဈေးကို အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားရှိပြီး ငွေပေးချေမှုကို ပြည်ပရတနာကုန်သည်များ က အမေရိကန်ဒေါ်လာ၊ ယွမ်ငွေ၊ ထိုင်းဘတ် ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာ ကုန်သည်များက ကျပ်ငွေဖြင့် လည်းကောင်း ပေးချေရမည်ဖြစ်ကြောင်း၊ ကျောက်မျက်၊ ကျောက်စိမ်းအတွဲများအတွက် ကြိမ်ခင်း ဈေးကို ယူရိုငွေဖြင့် သတ်မှတ်ထားရှိပြီး ပြည်ပရတနာကုန်သည်များက အမေရိကန် ဒေါ်လာ၊ ယူရို၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း(နေပြည်တော်)မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် စိုးစံကိုယ်ပိုင် အထက်တန်းကျောင်း (နေပြည်တော်)မှ ကျောင်းတာဝန်ခံ ဆရာမ ဒေါ်ဝါဝါမြင့် ဦးဆောင်သည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ယနေ့မွန်းလွဲ ပိုင်းတွင် လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။



ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လှိုက်လှဲ နွေးထွေးစွာ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး လွှတ်တော်၏ဖွဲ့စည်းပုံနှင့် ပြည်သူတစ်ဦးချင်းစီက ဆန္ဒမဲပေး၍ လွှတ်တော်ကိုယ်စားလှယ်များကိုရွေးကောက် တင်မြှောက်နိုင်သည့် အခြေအနေများ၊ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးဖြစ်ရန် လိုအပ်သည့် အရည်အချင်းများနှင့် ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များ၊ လွှတ်တော်၏ အဓိကတာဝန်များဖြစ်သည့် ဥပဒေပြုခြင်း၊ ပြည်သူကို ကိုယ်စားပြုခြင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များ နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းကိစ္စ ရပ်များ၊ လွှတ်တော်တွင်ဖွဲ့စည်းထားရှိသည့် ကော်မတီများ၏ဖွဲ့စည်းပုံနှင့် လွှတ်တော်၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြု ရသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသေး စိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ များက လွှတ်တော်တွင် လက်ရှိဆောင်ရွက် နေသည့်ကိစ္စရပ်များ၊ လွှတ်တော်မှ နိုင်ငံတော် နှင့် ပြည်သူများအတွက် ဆောင်ရွက်ပေးနိုင် မည့်ကိစ္စရပ်များနှင့် အခြားသိရှိလိုသည်များ ကိုမေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နှင့် ပြည်သူ့လွှတ်တော် သတင်းထုတ်ပြန်ရေး အဖွဲ့ဝင်များက အသေးစိတ်ပြန်လည် ဖြေကြားသည်။ ဆက်လက်၍ စိုးစံကိုယ်ပိုင် အထက်တန်းကျောင်း (နေပြည်တော်)မှ ကျောင်းသား၊ ကျောင်းသူများသည် လွှတ်တော်အဆောက်အအုံ (B)ဆောင်ရှိ သင်တန်းခန်းမ၌ လွှတ်တော်သရုပ်ပြအစည်း အဝေး(Mock Parliament) လေ့ကျင့်ဆောင် ရွက်မှုအစီအစဉ်ကို စိတ်ပါဝင်စားစွာပါဝင် ဆောင်ရွက်ခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တက်ရောက်လာကြသည့် စိုးစံ ကိုယ်ပိုင်အထက်တန်းကျောင်း (နေပြည် တော်)မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌဒေါက်တာ လှတင့်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလှဆွေ၊ပြည်သူ့လွှတ်တော် သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ် ကြသည့် ဒေါက်တာ နန္ဒာလှမြင့်၊ဦးသိန်းထွန်း ဦး၊ ဒေါက်တာ ကျော်ဆွေ၊ ဦးကောင်းသက်စံ၊ ဒေါ်နန်းရီရီဝင်းနှင့် ပြည်သူ့လွှတ်တော် ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

⚐ **ရှေ့ဖုံးမှအဆက်**

ဖွဲ့လုံ့လအသီးအပွင့်လည်းဖြစ်ပါသည်။မြန်မာ့ဆန်၏အရည်အသွေးကို ပိုမို မြှင့်တင်ခြင်း၊ နိုင်ငံတကာဈေးကွက်များသို့ ပိုမိုထိုးဖောက်ဝင်ရောက်ခြင်း နှင့် တန်ဖိုးမြှင့်ဆန်ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်ခြင်းတို့မှတစ်ဆင့် နိုင်ငံ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်ရေးတို့ကို ပိုမိုအထောက်အကူပြုနိုင်မည်ဟု ယုံကြည် ပါသည်။

ယခုကဲ့သို့ ဂုဏ်ယူဖွယ်ရာအောင်မြင်မှုကို ဖော်ဆောင်နိုင်ခဲ့ကြသည့် မြန်မာ့ဆန်စပါးကဏ္ဍမှ တောင်သူလယ်သမားများ၊ ဆန်စပါးထုတ်လုပ်သူ များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးကို အထူးချီးကျူးဂုဏ်ပြုအပ် ပါသည်။

မြန်မာ့ပေါ်ဆန်းဆန်၏ ကမ္ဘာ့အဆင့်မီဂုဏ်သတင်းကို ဆက်လက် ထိန်းသိမ်းမြှင့်တင်နိုင်ကြပြီး မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ ကမ္ဘာ့ဈေးကွက် တွင် ပိုမိုနေရာရရှိကာ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက် အထောက်အကူပြုနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် ခင်းကျင်းပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများ၊ ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

များက ကျပ်ငွေဖြင့်လည်းကောင်း ပေးချေသွားရမည်ဖြစ်ကြောင်း၊ ပုလဲအတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ အမေရိကန်ဒေါ်လာ ၁၀၀၀ ဖြစ်ပြီး ကျောက်မျက်အတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ ယူရို ၅၀၀ ဖြစ်ကြောင်း၊ ကျောက်စိမ်းအချောထည်အတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ အမေရိကန်ဒေါ်လာ ၁၀၀၀ နှင့် ကျောက်စိမ်းအရိုင်း အတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ အမေရိကန်ဒေါ်လာ ၅၀၀၀ ဖြစ်ကြောင်း သိရသည်။

ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲ ၇၀၀၊ ကျောက်မျက်အတွဲ ၁၆၀ နှင့် ကျောက်စိမ်းအတွဲ ၃၀၇၃ တွဲတို့ကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်ဖြစ်ကာ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပုဂ္ဂလိကကျောက်မျက်ရတနာအချောထည် အရောင်းပြခန်းများလည်း ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်းနှင့် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို အောက်တိုဘာ ၁၇ ရက်ထိ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

PPIB News

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းနီ(တိုင်းလျှန်/တိုင်းလိုင်) အမျိုးသားများညီညွတ်ရေးကောင်စီတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟုယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၄ ဖြင့် ၁၂-၄-၂၀၂၄ တွင် ကမ်းလှမ်းဖိတ်ခေါ်ထားရှိသည်။

ရှမ်းနီ (တိုင်းလျှန်/ တိုင်းလိုင်) အမျိုးသားများညီညွတ်ရေးကောင်စီအနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် ပူးပေါင်းပါဝင်ဆွေးနွေးလိုသည့်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းနီ(တိုင်းလျှန်/တိုင်းလိုင်)အမျိုးသားများညီညွတ်ရေးကောင်စီတို့တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ရှမ်းနီ(တိုင်းလျှန်/တိုင်းလိုင်)အမျိုးသားများညီညွတ်ရေးကောင်စီဥက္ကဋ္ဌ စဝ်ဆေခွန်းအောင်၊ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ဆေစိုင်းကမ်၊ အတွင်းရေးမှူး စဝ်ဆေစိုင်းထူး၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် စဝ်ဆေအောင်ထွန်းနှင့် စဝ်ဆေကောင်းဆိုင်၊ တွဲဖက်အတွင်းရေးမှူး စဝ်ဆေဝမ်းဖုတို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ရှမ်းနီ(တိုင်းလျှန်/တိုင်းလိုင်) အမျိုးသားများညီညွတ်ရေးကောင်စီနှင့် နေပြည်တော်၌ တရားဝင်တွေ့ဆုံမှုသည် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ဒေသတွင်းအကြမ်းဖက်အဖွဲ့များ မရှိစေရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အချို့လက်နက်ကိုင်အဖွဲ့များသည် နယ်မြေဒေသရှိ သဘာဝသယံဇာတများရယူလိုမှုဖြင့် စီးပွားရေးအကျိုးအမြတ်ပေါ်မူတည်၍ ဆောင်ရွက်နေကြကြောင်း၊ တိုင်းရင်းသားများ၏ နိုင်ငံရေးလိုလားချက်ဆန္ဒများအပေါ် တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း၊ ပဋိပက္ခများဖြစ်ပွားနေသည့် ဒေသများတွင် ပဋိပက္ခဒဏ်ခံစားနေရသူများမှာ အနာဂတ်နိုင်ငံတော်အတွက် လူသားအရင်းအနှီးများဖြစ်သော အမျိုးသမီး၊ ကလေးသူငယ်များအပါအဝင် ပြည်သူများသာဖြစ်ကြောင်း၊ ရှမ်းနီ(တိုင်းလျှန်/တိုင်းလိုင်) ဒေသတွင် လမ်း၊ တံတားနှင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က စီမံကိန်းများချမှတ်ဆောင်ရွက်ပေးနေကြောင်း၊ အခြေခံအဆောက်အအုံများ ပြည့်စုံမှုရှိမှသာ လူမှုဘဝရပ်တည်ရေး၊ ပညာရေး၊ ကျန်းမာရေးများကောင်းမွန်မည်ဖြစ်ကြောင်း၊ SNUC/SNA အဖွဲ့သည် ငြိမ်းချမ်းရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းဖြစ်သဖြင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းနီ(တိုင်းလျှန်/တိုင်းလိုင်) အမျိုးသားများညီညွတ်ရေးကောင်စီ ဥက္ကဋ္ဌ စဝ်ဆေခွန်းအောင်က SNUC/SNA အနေဖြင့် ဒေသတည်ငြိမ်ရေး၊ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့ဖြစ်ကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ပါဝင်ခွင့်ရသဖြင့် ဝမ်းသာဂုဏ်ယူပါကြောင်း၊ မိမိတို့အဖွဲ့၏ အားနည်းချက်များအပေါ် လက်တွဲခေါ်ဆောင်ပေးသွားရန်တင်ပြလိုကြောင်း၊ ရှေ့ဆက်ပြီး နိုင်ငံတော်နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ(NSPNC)နှင့် စတုတ္ထအကြိမ် တရားဝင်တွေ့ဆုံဆွေးနွေးမှုအပေါ် ပြန်လည်သုံးသပ်ချက်နှင့် ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်ကတိပြုချက်(မူကြမ်း)ကို စိစစ်သုံးသပ်အတည်ပြုနိုင်ရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ လိုအပ်ချက်များနှင့် တရားဝင် ကုန်သွယ်မှု၊ ထုတ်လုပ်မှုလုပ်ငန်းများဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး ရှမ်းနီ(တိုင်းလျှန်/တိုင်းလိုင်) အမျိုးသားများညီညွတ်ရေးကောင်စီကို နိုင်ငံရေးအရ တရားဝင်အသိအမှတ်ပြုရေး၊တပ်ပိုင်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ရှမ်းနီ(တိုင်းလျှန်/တိုင်းလိုင်)လူမျိုးများ၏သမိုင်းကြောင်းအရ ပျံ့နှံ့နေထိုင်မှု၊ မှတ်ပုံတင်အရ လူမျိုးအမည် အသုံးအနှုန်း၊ ဒေသအသိအမှတ်ပြုလိုမှုတို့နှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်သို့တင်ပြဆောင်ရွက်နိုင်မည့်အခြေအနေများကိုအမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီက အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် သဘောတူညီထားသည့် **“ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်ကတိပြုချက်”**ကို လက်မှတ်ရေးထိုးကြပြီး နှစ်ဖက်ခေါင်းဆောင်များက အပြန်အလှန်လဲလှယ်ကြသည်။



ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ရှမ်းနီ(တိုင်းလျှန်/တိုင်းလိုင်) အမျိုးသားများ ညီညွတ်ရေးကောင်စီနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးခဲ့မှုများတွင် ဆွေးနွေးတင်ပြခဲ့သော ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ NCA အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲ၊ ငြိမ်းချမ်းရေးဆိုင်ရာဆွေးနွေးပွဲများသို့တက်ရောက်ခြင်းဖြင့် ငြိမ်းချမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်းတို့နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး မှတ်တမ်းကို လက်မှတ်ရေးထိုးအတည်ပြုကြသည်။

ယင်းနောက် ရှမ်းနီ(တိုင်းလျှန်/တိုင်းလိုင်) အမျိုးသားများ ညီညွတ်ရေးကောင်စီဥက္ကဋ္ဌ စဝ်ဆေခွန်းအောင်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်၍ ဆွေးနွေးပွဲကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းသစ်များ

မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ သံတမန်ရေးရာ အရှိန်အဟုန်တွေကို လေ့လာကြည့်လိုက်တဲ့အခါ အာဆီယံ ဒေသတွင်း မိတ်ဖက်နိုင်ငံတွေနဲ့ ပူးပေါင်း ဆောင်ရွက်မှုတွေက တကယ်ကိုအရေး ပါလှတယ်ဆိုတာကို တွေ့ရပါတယ်။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စား လှယ်အဖွဲ့ဟာ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အန်နဝါဘင် အီဘရာဟင်ရဲ့ ဖိတ်ကြားချက်အရ အောက်တိုဘာ ၇ ရက် နံနက်ပိုင်းမှာ မလေးရှားနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် စတင်သွားရောက် ခဲ့ပြီဖြစ်ပါတယ်။

ဒီခရီးစဉ်က နှစ်နိုင်ငံကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်ခိုင်မာ စေဖို့ရည်ရွယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ မြန်မာ နိုင်ငံရဲ့ သံတမန်ရေးရာသမိုင်းကြောင်းမှာ အာဆီယံအဖွဲ့ဝင် အိမ်နီးချင်းမိတ်ဖက် နိုင်ငံတွေနဲ့ ချစ်ကြည်ရေးကိုရှေးရှုပြီး အစဉ်တစိုက် ကြိုးပမ်းအားထုတ်ခဲ့တာကို အားလုံးအသိပဲဖြစ်ပါတယ်။

**ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြိုဆိုခြင်း**

မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့လိုက်ပါလာတဲ့ အထူးလေယာဉ်ဟာ မလေးရှားနိုင်ငံရဲ့ မြို့တော် ကွာလာလမ်ပူ မြို့ကို ဒေသစံတော်ချိန် ၁၂ နာရီခွဲခန့်မှာ ရောက်ရှိခဲ့ကြပါတယ်။ ရောက်ရှိချိန်မှာ မလေးရှားနိုင်ငံရဲ့ ပထဝီဝင်ရာသီဥတု အခြေအနေနဲ့အတူ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးရဲ့ သွင်ပြင်လက္ခဏာတွေက ခမ်းနားထည်ဝါ မှုတွေနဲ့ ပြည့်နှက်နေတာကို တွေ့ရှိရ ပါတယ်။

မလေးရှားနိုင်ငံဆိုတာ အရှေ့တောင် အာရှကျွန်းဆွယ်မှာတည်ရှိပြီး အမြဲစိမ်းစို တဲ့ အပူပိုင်းမုတ်သုံရာသီဥတုကို ပိုင်ဆိုင် ထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒီလို စည်ကားသိုက်မြိုက်တဲ့ မလေးရှားနိုင်ငံရဲ့ မြေပေါ်ကို မြန်မာကိုယ်စားလှယ်အဖွဲ့ ရောက်ရှိလာတာဟာ နှစ်နိုင်ငံချစ်ကြည် ရေးအတွက် အလွန်ပဲမင်္ဂလာရှိတဲ့ အစပျိုး မှုတစ်ခုဖြစ်ပါတယ်။

လေဆိပ် ဆိုက်ရောက်ရာနေရာမှာ မလေးရှားနိုင်ငံအစိုးရအဖွဲ့ရဲ့ အဆင့်မြင့် ပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး မစ္စတာ ဒါတွတ်ဆရီ ဂျိုဟာရီ အဗ္ဗဒူလ်ဂါနီက ဦးဆောင်ပြီး ဂုဏ်ပြုကြိုဆိုခဲ့ကြပါတယ်။ ဒ့ါပြင် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာ နိုင်ငံ သံအမတ်ကြီး ဦးအောင်ကျော်မိုးနဲ့ ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ညီညီဦးနဲ့ တာဝန်ရှိသူတွေ ကလည်း လေဆိပ်မှာ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်။ အဲဒီလို ကြိုဆိုနှုတ်ဆက်စဉ် ကော်ဇောနီရဲ့ တစ်ဖက်တစ်ချက်စီမှာ မလေးရှားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က နေရာယူအလေးပြုပြီး




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မလေးရှားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ခရီးဦးဂုဏ်ပြုကြိုဆိုစဉ်။ (၇-၁၀-၂၀၂၄)

နွေးထွေးလှိုက်လှဲစွာ ခရီးဦးဂုဏ်ပြုကြိုဆို နေတဲ့မြင်ကွင်းဟာ နှစ်နိုင်ငံအပြန်အလှန် လေးစားမှုနဲ့ ချစ်ကြည်ရင်းနှီးမှုကို ဖော်ညွှန်းပြသလျက်ရှိနေပါတယ်။

**နှစ်နိုင်ငံ စီးပွားရေးဆွေးနွေးပွဲနှင့် သမ္မတကြီး၏ အမှာစကား**

အခုလို တရားဝင်ခရီးစဉ်ရဲ့ အဓိက အရေးပါလှတဲ့ အစိတ်အပိုင်းတစ်ခု ကတော့ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆွေးနွေးပွဲကြီး ကျင်းပခြင်း ပဲဖြစ်ပါတယ်။ ဆွေးနွေးပွဲကို မလေးရှား နိုင်ငံရဲ့ စီးပွားရေးနှလုံးသည်းပွတ်ဖြစ်တဲ့ ကွာလာလမ်ပူမြို့ရှိ နာမည်ကြီး Inter Continental Kuala Lumpur Hotel မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။

ကွာလာလမ်ပူမြို့ဆိုတာ ခေတ်မီ မိုးမျှော်တိုက်ကြီးတွေနဲ့ သမိုင်းဝင် အဆောက်အအုံတွေ သမူဟကျကျ သဟဇာတဖြစ်စွာတည်ရှိနေတဲ့ အရှေ့ တောင်အာရှရဲ့ စီးပွားရေးဗဟိုချက်မကြီး တစ်ခုဖြစ်ပါတယ်။ ဒီလိုခမ်းနားတဲ့ နေရာမှာ နှစ်နိုင်ငံကြားစီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲကို ကျင်းပနိုင် တာဟာ အနာဂတ်စီးပွားရေး မိတ်ဖက် ဆက်ဆံရေးအတွက် ကြီးမားတဲ့ခြေလှမ်း သစ်တစ်ရပ်ဖြစ်လာစေမှာ အမှန်ပါပဲ။

ဆွေးနွေးပွဲကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UM-FCCI)နဲ့ မလေးရှားနိုင်ငံ ကုန်သည်စက်မှု အသင်းချုပ် (NCCIM)တို့က ဦးစီးကျင်းပ ပြုလုပ်ခဲ့ကြတာဖြစ်ပါတယ်။ နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်ကိုယ်တိုင် တက် ရောက်အားပေးခဲ့ပြီး နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးပူးပေါင်းဆောင် ရွက်မှုများ မြှင့်တင်နိုင်ရေးဆိုင်ရာတွေနဲ့ ပတ်သက်ပြီး လမ်းညွှန်အမှာစကားပြော ကြားခဲ့ပါတယ်။ နိုင်ငံတော်သမ္မတက နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုနဲ့စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင် ရေးဆိုင်ရာတွေနဲ့ပတ်သက်ပြီး အဖွင့် အမှာစကားကို အကျယ်တဝင့်ပြောကြား ခဲ့ပါတယ်။

**ဒီလိုအဆင့်မြင့် တရားဝင်ခရီးစဉ်တွေကတစ်ဆင့် မြန်မာ-မလေးရှားနှစ်နိုင်ငံကြား သံတမန်ရေးရာနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေရဲ့ သစ်လွင်တဲ့အခန်းကဏ္ဍ အတွက် ခိုင်မာတဲ့အုတ်မြစ်ကောင်းများကို စိုက်ထူပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ မဝေးတော့တဲ့ အနာဂတ်ကာလမှာ နှစ်နိုင်ငံပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် ယခုခရီးစဉ်ရဲ့ အသီးအပွင့်များကို လက်တွေ့ကျကျ ခံစားကြရတော့မည်ဖြစ် . . .**

သမ္မတကြီးရဲ့အမှာစကားမှာ မိမိတို့ နှစ်နိုင်ငံဟာ တူညီတဲ့သမိုင်းကြောင်းတွေ ရှိပြီး ပထဝီအနေအထားအရ အရှေ့တောင် အာရှကျွန်းဆွယ်မှာ အတူတည်ရှိနေတဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေလည်း ဖြစ်ကြ တယ်ဆိုတာကို ထည့်သွင်းပြောကြားခဲ့ပါ တယ်။ ဒီအချက်က နှစ်နိုင်ငံကြား သံတမန်ရေးရာနဲ့ မိတ်ဖက်ဆက်ဆံရေး သမိုင်းကို ပိုမိုခိုင်မာစေတဲ့ အခြေခံ အုတ်မြစ်ဖြစ်ပါတယ်။

ယနေ့အချိန်အခါမှာ နှစ်နိုင်ငံ ဆက်ဆံရေးဟာ နိုင်ငံရေးနဲ့ သံတမန် ရေးရာကဏ္ဍတွေအပြင် စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွေ ဆီကို တိုးချဲ့လာခဲ့ပြီဖြစ်ပါတယ်။ ဒ့ါပြင် ဆက်သွယ်ရေး၊ နည်းပညာ၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ ပညာရေးနဲ့ ယဉ်ကျေးမှု စတဲ့ကဏ္ဍတွေအထိပါ တဖြည်းဖြည်း ပိုမိုကျယ်ပြန့်လာလျက်ရှိတာကို တွေ့ရပါ တယ်။ ဒါကြောင့် အနာဂတ်မှာ မြန်မာ-မလေးရှား နှစ်နိုင်ငံဆက်ဆံရေး ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး ပိုမိုခိုင်မာ အားကောင်းစေတဲ့ စီးပွားရေးမိတ်ဖက် ဆက်ဆံရေးတစ်ရပ်အဖြစ် တည်ဆောက် သွားဖို့ အချိန်အခါကောင်းကို ရောက်ရှိ လာပြီဖြစ်ကြောင်း သမ္မတကြီးက တိုက်တွန်းပြောကြားခဲ့ပါတယ်။

**ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာများ**

ယခုလို ကမ္ဘာကြီးမှာ စီးပွားရေးနဲ့ နည်းပညာ တိုးတက်ပြောင်းလဲမှုတွေ အချိန်နဲ့တစ်ပြေးညီ ဖြစ်ပေါ်နေချိန်မှာ ဒေသတွင်းနဲ့ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှု တွေကို ရင်ဆိုင်နိုင်ဖို့အတွက် စီးပွားရေး ခံနိုင်ရည်စွမ်းအားရှိရေးက အလွန်ပဲ အရေးကြီးလှပါတယ်။ နှစ်နိုင်ငံကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ လက်ရှိမှာ မလေးရှားနိုင်ငံဟာ မြန်မာ နိုင်ငံရဲ့ အရေးပါတဲ့ ကုန်သွယ်ဖက်နိုင်ငံ တစ်နိုင်ငံဖြစ်နေပါတယ်။

ပြီးခဲ့တဲ့နှစ်မှာ နှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏဟာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၆၆၂ ဘီလီယံရှိခဲ့ပြီး ယခုနှစ် ဩဂုတ်လထိ ၁ ဒသမ ၀၁ ဘီလီယံကျော်ရှိခဲ့ပါတယ်။ ဒီကိန်းဂဏန်း အချက်အလက်တွေက နှစ်နိုင်ငံကုန်သွယ် မှု အလားအလာကောင်းတွေကို ရှင်းလင်း စွာဖော်ပြနေပါတယ်။ မြန်မာနိုင်ငံကနေ လယ်ယာထွက်ကုန်တွေ၊ ရေထွက်ကုန် တွေ၊ ရော်ဘာနဲ့ ကုန်ကြမ်းတွေအပြင် ချုပ်ပြီးအထည်တွေကို မလေးရှားနိုင်ငံကို တင်ပို့လျက်ရှိပါတယ်။ တစ်ဖက်မှာလည်း မလေးရှားနိုင်ငံကနေ စက်ဆီ၊ ချောဆီနဲ့ ရေနံထွက်ပစ္စည်းတွေ၊ စားအုန်းဆီနဲ့ စားသောက်ကုန်တွေကို တင်သွင်းလျက်ရှိ ပါတယ်။ ဒ့ါပြင် စက်မှုကုန်ချောတွေ၊ အီလက်ထရောနစ်ပစ္စည်း၊ ပလတ်စတစ် ကုန်ကြမ်းပစ္စည်းတွေအပြင် ဓာတု ကုန်ကြမ်းနဲ့ ဆေးဝါးပစ္စည်းတွေကိုလည်း အပြန်အလှန် တင်သွင်းလျက်ရှိကြ ပါတယ်။

ဒီလိုကုန်သွယ်မှုပုံစံက ထုတ်ကုန် အချင်းချင်း အပြန်အလှန်ဖြည့်ဆည်းပေး နိုင်တဲ့ သဘောသဘာဝရှိနေခြင်း ဖြစ်ပါ တယ်။ နှစ်နိုင်ငံကြား ကုန်သွယ်မှု ပမာဏကိုမြှင့်တင်ဖို့နဲ့ တန်ဖိုးမြှင့်ထုတ် ကုန်တွေရဲ့ အချိုးအစားကို တိုးမြှင့်နိုင်ဖို့ အတွက် အစိုးရနဲ့ပုဂ္ဂလိက ကဏ္ဍတို့ အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြ ဖို့လိုအပ်ကြောင်း သမ္မတကြီးကထောက်ပြ ခဲ့ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံက ထွက်ရှိတဲ့ ကုန်ကြမ်းနဲ့ လယ်ယာ၊ မွေးမြူ ရေးနဲ့ရေထွက်ကုန်တွေကို အရည်အသွေး၊ ထုပ်ပိုးမှုနဲ့ အစားအစာဘေးကင်းလုံခြုံမှု တို့မှာ တိုးတက်အောင်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတကာ စံချိန်စံညွှန်း တွေနဲ့ကိုက်ညီအောင် တန်ဖိုးမြှင့်ထုတ် ကုန်တွေအဖြစ် ပြောင်းလဲထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်တွေကို ပိုမိုတင်ပို့ နိုင်ရေးအတွက် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

**စိုက်ပျိုးမွေးမြူရေးနှင့် အထူးစီးပွားရေး ဇုန်များပူးပေါင်းဆောင်ရွက်မှု**

ရင်းနှီးမြှုပ်နှံမှုဆိုတာ နှစ်နိုင်ငံ ဆက်ဆံရေးနဲ့ စီးပွားရေးပူးပေါင်းဆောင် ရွက်မှု ပိုမိုခိုင်မာအားကောင်းဖို့အတွက်

စာမျက်နှာ ၁၉ သို့

**စာမျက်နှာ ၁၈ မှအဆက်**

အဓိကကျတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေပါတယ်။ လက်ရှိအခြေအနေအရ မလေးရှားနိုင်ငံဟာ မြန်မာနိုင်ငံမှာ နဝမမြောက် ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်ထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်နေပါတယ်။ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်တန်ဖိုးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၃၂ ခုကို မြန်မာနိုင်ငံမှာ မလေးရှားနိုင်ငံက ဆောင်ရွက်လျက်ရှိပါတယ်။

မလေးရှား ရင်းနှီးမြှုပ်နှံသူတွေအတွက် မြန်မာနိုင်ငံမှာ ကုန်ကြမ်းအရင်းအမြစ်နဲ့ ထုတ်လုပ်မှုအခြေခံတွေ အလုံအလောက်ရှိနေတာဟာ ကြီးမားတဲ့ အားသာချက်တစ်ခုဖြစ်ပါတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်ဖို့အတွက်လည်း သမ္မတကြီးက ဖိတ်ခေါ်ပြောကြားခဲ့ပါတယ်။ မလေးရှားနိုင်ငံဟာ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုနဲ့ တန်ဖိုးမြှင့်စားသုံးဆီ ထုတ်လုပ်ခြင်းလုပ်ငန်းတွေမှာ အတွေ့အကြုံနဲ့ နည်းပညာတွေကို ပိုင်ဆိုင်ထားပြီးသားဖြစ်ပါတယ်။

ဒီနည်းပညာတွေကို မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေးအရင်းအမြစ်တွေနဲ့ ပေါင်းစပ်ပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုကို အောင်မြင်စွာ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါ့ပြင် ဟင်းသီးဟင်းရွက်ဆီထုတ်လုပ်မှု လုပ်ငန်းတွေကိုလည်း မြန်မာနိုင်ငံတစ်ဝန်းမှာ တိုးချဲ့ဆောင်ရွက်နိုင်ဖို့ မလေးရှားရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်ခဲ့ပါတယ်။မြန်မာနိုင်ငံမှာ မြေဧရိယာကျယ်ပြန့်စွာပိုင်ဆိုင်ပြီး စားကျက်မြေတွေများစွာရှိတာကြောင့် မွေးမြူရေးနဲ့ အသားငါးထုတ်လုပ်တဲ့ လုပ်ငန်းတွေကိုလည်း ကောင်းစွာဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

မလေးရှားနိုင်ငံရဲ့ Halal အစားအစာဈေးကွက်ကို ဝင်ရောက်နိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီတဲ့ ထုတ်လုပ်မှုစနစ်တွေကို အတူတကွ ဖော်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-မလေးရှား နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ (Myanmar–Malaysia High Level Business Dialogue 2026) သို့ တက်ရောက်၍ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။ (၇-၁၀-၂၀၂၆)

တိရစ္ဆာန်အစာထုတ်လုပ်ရေး၊ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုနဲ့ အသားထုတ်လုပ်မှုလုပ်ငန်းတွေမှာပါ မလေးရှားနိုင်ငံရဲ့ နည်းပညာပူးပေါင်းဆောင်ရွက်မှုတွေကို ရယူနိုင်မှာဖြစ်ပါတယ်။ ဒီကဏ္ဍမှာ Halal Certification နဲ့ Food Traceability စနစ်တွေကို ပူးပေါင်းဖော်ဆောင်နိုင်ပါက ကြီးမားတဲ့အခွင့်အလမ်းတွေ ပေါ်ထွက်လာမှာဖြစ်ပါတယ်။

အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေနဲ့ အထူးစီးပွားရေးဇုန်တွေမှာလည်း ရင်းနှီးမြှုပ်နှံနိုင်တဲ့ အခွင့်အလမ်းတွေများစွာရှိနေဆဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သီလဝါ၊ ထားဝယ်နဲ့ ကျောက်ဖြူအထူးစီးပွားရေးဇုန်တွေ တည်ရှိနေပြီး သီလဝါအထူးစီးပွားရေးဇုန်က လက်ရှိမှာ အအောင်မြင်ဆုံးဖြစ်နေပါပြီ။ ထားဝယ်နဲ့ ကျောက်ဖြူအထူးစီးပွားရေးဇုန်တွေကလည်း အနာဂတ်မှာ မဟာဗျူဟာမြောက် အရေးပါလာမယ့် စီမံကိန်းကြီးတွေဖြစ်ပါတယ်။ ဒါကြောင့် မလေးရှားလုပ်ငန်းရှင်တွေအနေနဲ့ ဒီဇုန်တွေမှာ လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ သမ္မတကြီးက ဖိတ်ခေါ်ခဲ့ပါတယ်။

အသေးစား၊အလယ်အလတ်စားနဲ့ အလတ်စား စီးပွားရေး(MSME)လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နှစ်နိုင်ငံအကြား ချိတ်ဆက်ဆောင်ရွက်မှုတွေ ပြုလုပ်ရန်လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။ မလေးရှားနိုင်ငံရဲ့ E-commerce နဲ့ Digital Business အတွေ့အကြုံတွေကို မြန်မာ MSME ထုတ်ကုန်တွေနဲ့ ချိတ်ဆက်ပေးခြင်းဖြင့် အာဆီယံဈေးကွက်ကို အွန်လိုင်းကနေ တစ်ဆင့် ဝင်ရောက်နိုင်မှာဖြစ်ပါတယ်။ ဒါ့ပြင် မလေးရှားနိုင်ငံမှာ မြန်မာရွှေ့ပြောင်းလုပ်သားတွေများစွာ ရှိနေတာကြောင့် ဘဏ္ဍာရေးဝန်ဆောင်မှုနဲ့ ငွေလွှဲလမ်းကြောင်း(Remittance channel)ကိစ္စရပ်တွေကိုလည်း တရားဝင် လုံခြုံစိတ်ချရအောင် ဖော်ဆောင်ပေးဖို့ တိုက်တွန်းခဲ့ပါတယ်။

**နည်းပညာ၊ ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍတိုးမြှင့်ရေး**

မလေးရှားနိုင်ငံဟာ သဘာဝထွက်ကုန်စီးပွားရေးစနစ်ကနေ ဆီမီးကွန်ဒတ်တာ၊ ဉာဏ်ရည်တု(AI)နဲ့ ဒေတာစင်တာတည်ဆောက်ခြင်းစတဲ့ ခေတ်မီစက်မှုစီးပွားရေးစနစ်ဆီကို အောင်မြင်စွာ ကူးပြောင်းနေပြီဖြစ်ပါတယ်။ နည်းပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတွေအတွက် မြန်မာနိုင်ငံမှာ အကြီးမားဆုံး အိုင်စီတီနည်းပညာဆိုင်ရာ အချက်အချာဒေသတစ်ခုဖြစ်တဲ့ ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းကို ပြင်ဦးလွင်မြို့အနီးတစ်ဝိုက်မှာ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။

အဆိုပါစီမံကိန်းဧရိယာဟာ ဟက်တာ ၂၈၀၀ ကျော် သို့မဟုတ် ဧက ၇၀၀၀ ခန့် ကျယ်ဝန်းပါတယ်။ ဒီကြီးမားတဲ့ ဧရိယာအတွင်းမှာ အိုင်တီလုပ်ငန်းသစ်တွေနဲ့ ဆော့ဖ်ဝဲရေးသားတဲ့ ကုမ္ပဏီတွေအတွက် High-Tech Zone တွေကို တည်ဆောက်နိုင်ဖို့ အခွင့်အလမ်းတွေ ရှိနေပါတယ်။ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍတွေမှာလည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်သွားဖို့ သမ္မတကြီးက အလေးပေးပြောကြားခဲ့ပါတယ်။ မလေးရှားနိုင်ငံဟာ ပညာရေးကုန်ကျစရိတ် သင့်တင့်မှုနဲ့ နိုင်ငံခြားကျောင်းသားတွေကို ဆွဲဆောင်နိုင်မှုတို့ကြောင့် ဒေသတွင်း ပညာရေးဗဟိုချက်တစ်ခုဖြစ်လာနေတာကို တွေ့ရပါတယ်။ ဒါကြောင့် မလေးရှားရဲ့ နိုင်ငံတကာပညာရေးအတွေ့အကြုံတွေကို အသုံးချပြီး မြန်မာနိုင်ငံမှာ ပညာရေးလုပ်ငန်းတွေ တည်ထောင်ခြင်းနဲ့ ပူးတွဲသင်တန်းတွေ ဖွင့်လှစ်နိုင်မှာဖြစ်ပါတယ်။ ကျန်းမာရေးကဏ္ဍမှာလည်း ဆေးရုံဆေးခန်းလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေးနဲ့ Medical Tourism ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အလားအလာတွေရှိနေပါတယ်။

**လုပ်ငန်းရှင်များ၏ တင်ပြဆွေးနွေးမှုနှင့် သံရုံးဝန်ထမ်းများကို တွေ့ဆုံခြင်း**

စီးပွားရေးဆွေးနွေးပွဲရဲ့ ဒုတိယပိုင်းမှာ မလေးရှားနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေက သက်ဆိုင်ရာကဏ္ဍအလိုက် အကျယ်တဝင့် ဆွေးနွေးတင်ပြခဲ့ကြပါတယ်။ နိုင်ငံတကာဆိပ်ကမ်းလုပ်ငန်းတွေ၊ စိုက်ပျိုးရေး၊ စွမ်းအင်နဲ့ နည်းပညာကဏ္ဍတွေအပြင် သံမဏိနဲ့ သတ္တုရိုင်း ထုတ်လုပ်မှုလုပ်ငန်းတွေကို တင်ပြခဲ့ကြပါတယ်။

မလေးရှားလုပ်ငန်းရှင်တွေနဲ့ အစိုးရတာဝန်ရှိသူတွေကြား မူဝါဒတွေ လိုက်လျောညီထွေ ဖြစ်စေရေးနဲ့ လက်တွေ့ကျတဲ့ အကြံပြုချက်တွေကိုလည်း တင်ပြဆွေးနွေးခဲ့ကြပါတယ်။ ဒီတင်ပြချက်တွေက နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုတွေကို ပိုမိုမြန်ဆန်စွာ အကောင်အထည်ဖော်ရန်အတွက် များစွာ အထောက်အကူပြုမှာ ဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေရဲ့ တင်ပြချက်တွေအပေါ် နိုင်ငံတော်သမ္မတက ရင်းရင်းနှီးနှီးပြန်လည်သုံးသပ်ဆွေးနွေးခဲ့ပါတယ်။ လက်ရှိမှာ မြန်မာနိုင်ငံဟာ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ခိုင်ခိုင်မာမာလျှောက်လှမ်းနေပြီဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့ပါတယ်။ ဥပဒေပြဋ္ဌာန်းချက်တွေနဲ့ အာမခံချက်ပေးထားပြီးဖြစ်လို့ မလေးရှားလုပ်ငန်းရှင်တွေအနေနဲ့ ယုံကြည်စိတ်ချစွာနဲ့ လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။

စီးပွားရေးဆွေးနွေးပွဲတွေ ပြီးဆုံးတဲ့နောက်မှာတော့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ဟာ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးနဲ့ စစ်သံရုံးတို့က ဝန်ထမ်းတွေနဲ့ မိသားစုဝင်တွေကို ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံခဲ့ပါတယ်။

သံရုံးကိုရောက်ရှိလာချိန်မှာ ဝန်ထမ်းတွေနဲ့ မိသားစုဝင်တွေက နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး သံအမတ်ကြီးနဲ့ စစ်သံမှူးတို့က လုပ်ငန်းဆောင်ရွက်ချက်တွေကို ရှင်းလင်းတင်ပြခဲ့ကြပါတယ်။ အဲဒီနောက်မှာ သမ္မတကြီးက သံရုံးဝန်ထမ်းတွေနဲ့ မိသားစုဝင်တွေအတွက် အားပေးစကားပြောကြားခဲ့ပြီး နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာကို မြှင့်တင်ထိန်းသိမ်းကြဖို့ မှာကြားခဲ့ပါတယ်။ ဒါ့ပြင် မလေးရှားနိုင်ငံအတွင်း ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားတွေရဲ့ ဘေးကင်းလုံခြုံရေးနဲ့ အလုပ်သမားအခွင့်အရေးတွေကို ဥပဒေနဲ့အညီ အပြည့်အဝကာကွယ်စောင့်ရှောက်ပေးကြဖို့လည်း တိုက်တွန်းခဲ့ပါတယ်။ တွေ့ဆုံပွဲအပြီးမှာ နိုင်ငံတော်သမ္မတက သံရုံး၊ စစ်သံရုံးဝန်ထမ်းတွေ၊ မိသားစုဝင်တွေနဲ့ ပညာတော်သင်သင်တန်းသားတွေအတွက် လက်ဆောင်ပစ္စည်းတွေနဲ့ ချီးမြှင့်ငွေတွေကို ကိုယ်တိုင်ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။ (၇-၁၀-၂၀၂၆)

အမိနိုင်ငံတော်အတွက် လုပ်ငန်းတာဝန်ပေါင်းများစွာကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့တဲ့ နိုင်ငံတော်သမ္မတရဲ့ မလေးရှားနိုင်ငံသို့ တရားဝင်ခရီးစဉ် ပထမဆုံးနေ့ရက်ဟာ အောင်မြင်စွာ ပြီးဆုံးခဲ့ပြီဖြစ်ပါတယ်။ ဒီလိုအဆင့်မြင့် တရားဝင်ခရီးစဉ်တွေကတစ်ဆင့် မြန်မာ-မလေးရှားနှစ်နိုင်ငံကြား သံတမန်ရေးရာနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေရဲ့ သစ်လွင်တဲ့အခန်းကဏ္ဍအတွက် ခိုင်မာတဲ့အုတ်မြစ်ကောင်းများကို စိုက်ထူပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ မဝေးတော့တဲ့ အနာဂတ်ကာလမှာ နှစ်နိုင်ငံပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် ယခုခရီးစဉ်ရဲ့ အသီးအပွင့်များကို လက်တွေ့ကျကျ ခံစားကြရတော့မည် ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပါတယ်။ ။

**ရဲခေါင်**

## ပြည်ထောင်စုဝန်ကြီးတာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၆၉/၂၀၂၆**
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)
**ပြည်ထောင်စုဝန်ကြီးတာဝန်မှ အနားယူခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၅၊ ပုဒ်မခွဲ(ခ) ပါ ပြဋ္ဌာန်းချက်အရ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းအား တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၇၀/၂၀၂၆**
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)
**ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းအား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၇၁/၂၀၂၆**
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)
**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၉၊ ပုဒ်မခွဲ(ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၆) နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၅ တို့အရ အောက်ပါပုဂ္ဂိုလ်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

( ၁ ) ဒေါက်တာမျိုးဝင်းအောင်
( ၂ ) ဦးစောမျိုးမျိုး

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယဝန်ကြီးများကို တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၇၂/၂၀၂၆**
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)
**ဒုတိယဝန်ကြီးများကို တာဝန်မှ အနားယူခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၅၊ ပုဒ်မခွဲ(ခ) ပါ ပြဋ္ဌာန်းချက်အရ အောက်ပါ ဒုတိယဝန်ကြီးများကို တာဝန်မှအနားယူခွင့်ပြုလိုက်သည်-

(၁) ဒေါက်တာဇော်မြင့် ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန
(၂) ဒေါက်တာအေးထွန်း ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌတာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၇၃/၂၀၂၆**
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)
**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌတာဝန်မှ အနားယူခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ) ပါ ပြဋ္ဌာန်းချက်အရ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်အား တာဝန်မှအနားယူခွင့် ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၂၆ ခုနှစ် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၆ ခုနှစ် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများ အလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြပြီး ပြပွဲတွင်ရောင်းချမည့် ပုလဲအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက ပုလဲအတွဲအမှတ်(၁)မှ အတွဲအမှတ်(၂၄၀) ထိတင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲ ၂၀၅ တွဲ ရောင်းချရကြောင်း ကြေညာသည်။





ပြပွဲ တတိယနေ့တွင် ပုလဲအတွဲအမှတ်(၂၄၁)မှ အတွဲအမှတ်(၄၆၀)ထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ယခုပြပွဲကို အောက်တိုဘာ ၈ ရက်မှ ၁၇ ရက်ထိ ကျင်းပလျက်ရှိရာ ပုလဲအတွဲ ၇၀၀ ကို အောက်တိုဘာ ၉ ရက်မှ ၁၁ ရက်ထိလည်းကောင်း၊ ကျောက်မျက်အတွဲ ၁၆၀ ကို အောက်တိုဘာ ၁၂ ရက်တွင် လည်းကောင်း၊ အုပ်စု(အေ၊ ဘီ၊ စီ)အဖြစ် သုံးအုပ်စုခွဲခြားထားသည့် ကျောက်စိမ်းအတွဲ ၃၀၇၃ တွဲကို အောက်တိုဘာ ၁၃ ရက်မှ ၁၇ ရက်ထိ လည်းကောင်း ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ကျောက်စိမ်းအတွဲ ၃၀၇၃ တွဲကို ကျောက်ရည်ကျောက်သွေးကောင်းမွန်မှု၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်မှု စသည့် အခြေအနေများအရ (အေ၊ ဘီ) အုပ်စုနှင့် MSME လုပ်ငန်းရှင်များကို အားပေး မြှင့်တင်ရန်ရည်ရွယ်၍ (စီ)အုပ်စုအဖြစ် အုပ်စု သုံးစု ခွဲခြားထားခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ပရတနာကုန်သည်များအနေဖြင့် (စီ) အုပ်စုဝင် ကျောက်စိမ်းရိုင်းအတွဲများမှလွဲ၍ ကျန်ရတနာအတွဲများအားလုံးကိုဝယ်ယူနိုင်ပြီး ငွေပေးချေမှုအတွက် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလက်ခံသည့် နိုင်ငံခြားငွေ အမျိုးအစားတို့ကို အသုံးပြုရမည်ဖြစ်သည်။ ပြည်တွင်းရတနာကုန်သည်များအနေဖြင့်လည်း ပုလဲအတွဲ၊ ကျောက်မျက်အတွဲနှင့်အုပ်စု(ဘီနှင့်စီ)တို့မှ ကျောက်စိမ်းရိုင်းအတွဲများအတွက် မြန်မာကျပ်ငွေကို အသုံးပြုနိုင်ပြီး (အေ)အုပ်စုမှ ကျောက်စိမ်းရိုင်းအတွဲများအတွက် နိုင်ငံခြားငွေကို အသုံးပြုရမည်ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို အောင်မြင်စွာကျင်းပ၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အကျိုးစီးပွားဖြစ်ထွန်းစေရန် ကြိုးစားဆောင်ရွက်လျက်ရှိသကဲ့သို့ အဖိုးတန်ကျောက်မျက် သယံဇာတများကို ရေရှည်တည်တံ့စေရန်နှင့် မြန်မာ့မြေအလှတရားကို ထာဝရရှင်သန်စေရန်အတွက် သယံဇာတ စီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးစီးကော်မတီ (၁/၂၀၂၄) အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

စိုက်ပျိုးရေး၊မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့်အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးစီးကော်မတီ (၁/၂၀၂၄)အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံ၍စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များ၊ ဇေယျာသီရိခရိုင်၊ ပျဉ်းမနားခရိုင်၊ လယ်ဝေးခရိုင်၊ ဥတ္တရခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ တောင်ငူခရိုင် အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ စိုက်ပျိုးရေး၊မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက နိုင်ငံတော်သမ္မတက ၂၀၂၄ ခုနှစ် မေ ၉ ရက်တွင် ကျင်းပခဲ့သည့် အစည်းအဝေး၌ ချမှတ်ပေးခဲ့သော လမ်းညွှန်ချက်များနှင့်အညီ နေပြည်တော်ကိုဗဟိုပြု၍ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ တောင်ငူခရိုင်အပါအဝင် သက်ဆိုင်ရာ ခရိုင် ခုနစ်ခုတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရန်နှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း။

ထို့ပြင် နေပြည်တော်ကို Green City, Clean City, Smart City ဖြစ်လာစေရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်လုပ်မှုများတွင် စံပြဒေသဖြစ်လာစေရန်၊ ကျေးလက်ဖွံ့ဖြိုးရေးမူ ငါးချက်နှင့်အညီ ကျေးရွာများ၏ လူမှုစီးပွားဘဝနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ဒေသအလိုက် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး၊ သီးထပ်စိုက်ပျိုးရေးနှင့်မြေယာများကို အကျိုးရှိစွာ အသုံးချရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကို အခြေခံသည့် Agro-based Industry နှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ရမည်းသင်းခရိုင်တွင် စပျစ်စိုက်ပျိုးထုတ်လုပ်မှု တိုးချဲ့ရေး၊ မိတ္ထီလာခရိုင်တွင် ဝါအခြေခံ စက်မှုလုပ်ငန်းဖွံ့ဖြိုးရေး၊ တောင်ငူခရိုင်တွင် ဒေသနှင့်ကိုက်ညီသော ဘဲမွေးမြူရေးလုပ်ငန်းများဖော်ဆောင်ရေးတို့ကို ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ထို့ပြင် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ အသား၊ ဥနှင့် နို့ထွက်ပစ္စည်းများ ပြည်တွင်းဖူလုံရေး၊ မွေးမြူရေးသွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ခေတ်မီစိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်များ၊ မြေဩဇာနှင့်ရေကို စနစ်တကျအသုံးပြုရေး၊ မျိုးစေ့ထုတ်လုပ်ရေးနှင့် အကျိုးတူလယ်ယာစနစ်များကို မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ထို့တူ မိတ္ထီလာနှင့် ရမည်းသင်းခရိုင်များတွင် နွေရာသီရေရှားပါးမှုမဖြစ်ပေါ်စေရေး ကြိုတင်စီမံခြင်း၊ ဆည်နှင့်တာတမံများမှရေကို အကျိုးရှိစွာအသုံးချခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်နှင့် မြို့နယ်များတွင် စနစ်ကျသော Town Plan များ ရေးဆွဲအကောင်အထည်ဖော်ပြီး အများပြည်သူအပန်းဖြေနိုင်သည့် ပန်းခြံများ၊ စိမ်းလန်းစိုပြည်ရေးဇုန်များတိုးချဲ့ခြင်း၊ သစ်တောနှင့် ရေအရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ စွန့်ပစ်ရေများကို စနစ်တကျ သန့်စင်ပြန်လည်အသုံးပြုခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍသည် အရေးပါသည့်အတွက် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေး၊ ဒေသထွက်ကုန်များ ဈေးကွက်သို့အချိန်မီရောက်ရှိရေး၊ ပညာရေးနှင့်ကျန်းမာရေး ဝန်ဆောင်မှုများ လက်လှမ်းမီရေးတို့အတွက် ဆက်သွယ်ရေးအခြေခံအဆောက်အအုံများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အလားတူ အယ်လ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူဒဏ်၊ ရေရှားပါးမှုနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အခက်အခဲများကို ကြိုတင်ကာကွယ်နိုင်ရန် သောက်သုံးရေနှင့် စိုက်ပျိုးရေများကို ချွေတာသုံးစွဲခြင်း၊ ရေသိုလှောင်စုဆောင်းခြင်း၊ စားရေရိက္ခာများ ကြိုတင်ပြင်ဆင်ထားရှိခြင်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ မပြတ်တောက်စေရေးစီမံဆောင်ရွက်ခြင်းတို့ကို အလေးထားလုပ်ဆောင်ရန် လိုအပ်ပါကြောင်း။

ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများအနေဖြင့် နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSME၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများအလိုက် စနစ်တကျပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ခရိုင် ခုနစ်ခုလုံးတွင် ဒေသ၏အားသာချက်များကို အခြေခံ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်လုပ်မှုတိုးတက်ရေး၊ ဒေသထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ရေးနှင့်ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာရေးတို့ကိုဦးတည်ပြီး သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းကော်မတီများနှင့် ဒေသခံပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဦးစီးကော်မတီအတွင်းရေးမှူး နေပြည်တော်ကောင်စီဝင်က စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့်အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် သာမန်ဖွံ့ဖြိုးမှုမဟုတ်ဘဲ အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အမှန်တကယ်အကောင်အထည်ပေါ်လာစေရန် ဦးစားပေးနယ်မြေများကို စနစ်တကျသတ်မှတ်ရန်နှင့် ဈေးကွက်ရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ ကိန်းဂဏန်းများမှန်ကန်စေရေးနှင့် မြေပြင်တွင် အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပံ့ပိုးပေးသွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ရန်အတွက် ဒေသအလိုက်အားသာသည့် ထုတ်ကုန်များတိုးတက်အောင်ဆောင်ရွက်သွားရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးမည့်အခြေအနေ၊ နေပြည်တော်ကို ဗဟိုပြု၍ ကုန်စည်၊ စုဆောင်း၊ ဖြန့်ဖြူး၊ သယ်ယူပို့ဆောင်ရေးနှင့်စီးပွားရေးဝန်ဆောင်မှုဗဟိုအဖြစ် အကောင်အထည်ဖော်သွားနိုင်မည့် အခြေအနေ၊ ကျေးလက်ဝင်ငွေ တိုးတက်ရေးနှင့် စံနမူနာပြကျေးရွာများ ထူထောင်၍ ဒေသတွင်း ဈေးကွက်တည်ငြိမ်ရေး ဆောင်ရွက်သွားမည့်အခြေအနေ၊ အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူအဖွဲ့အစည်းများ ပူးပေါင်း၍ ရေရှည်တည်တံ့သော အထူးဒေသကြီးဖြစ်လာစေရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာများ Green , Clean , Smart City ဖြစ်စေရေး ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးများနှင့် သက်ဆိုင်ရာခရိုင်အလိုက် တာဝန်ရှိသူများက နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များနှင့်အညီ အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းဆွေးနွေးမှုများအပေါ် ဦးစီးကော်မတီဥက္ကဋ္ဌက ဒေသအလိုက်အားသာချက်များကို ထိရောက်စွာအသုံးချခြင်း၊ အချက်အလက် မှန်ကန်မှုအပေါ်အခြေခံစီမံခြင်း၊ ရာသီဥတုဆိုင်ရာအန္တရာယ်များကို ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးကြပ်အကောင်အထည်ဖော်ခြင်းတို့ဖြင့် အထူးဖွံ့ဖြိုးရေးဒေသများ၏ ရည်မှန်းချက်နှင့်လုပ်ငန်းတာဝန်များကို ခရိုင်အလိုက် အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကိုဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၃၀** အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အမှတ် (၂၇) ၆ မိုင်ခွဲ ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့** နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့ရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ(အားလုံး) ပြည့်စုံစွာ ဖော်ပြတိုင်ကြားနိုင်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါအကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူကလက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့်စပ်လျဉ်း၍စိစစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

# ၁၅၂ နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

၁၅၂ နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ကျင်းပရာ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ဆရာ ကျောင်းသားလူငယ်များ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ယနေ့ကျင်းပသည့် အခမ်းအနားသည် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (Universal Postal Union) ကို စတင်တည်ထောင်နိုင်ခဲ့သည့် အောက်တိုဘာ ၉ ရက်ကို ကမ္ဘာ့စာပို့တိုက်နေ့အဖြစ်သတ်မှတ်ခဲ့ပြီး ကမ္ဘာ့စာပို့တိုက်သမဂ္ဂနှင့် ကမ္ဘာတစ်ဝန်းရှိ စာပို့လုပ်ငန်းလုပ်ကိုင်သူများ၊ စာပို့ဝန်ထမ်းများကို ဂုဏ်ပြုသည့်အနေဖြင့် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း။

ယခုနှစ် ၁၅၂ နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့အခမ်းအနား အတွက် ဆောင်ပုဒ်သည် ''ONE POSTAL NETWORK, INFINITE POSSIBILITIES'' "တစ်ခုတည်းသော စာပို့ကွန်ရက်၊ အကန့်အသတ်မဲ့ အခွင့်အလမ်းများ" ဖြစ်ပြီး စာပို့လုပ်ငန်းသည် လူတစ်ဦးချင်းစီ အချင်းချင်းချိတ်ဆက်ပေးခြင်းမှသည် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများကို ပေးအပ်ခြင်းထိ ကမ္ဘာတစ်ဝန်းရှိ အခွင့်အလမ်းသစ်များဆီသို့ တံခါးဖွင့်လှစ်ပေးလျက်ရှိသည်ကို ဆိုလိုပါကြောင်း၊ မြန်မာ့စာတိုက်လုပ်ငန်း၏ ရည်မှန်းချက်ဖြစ်သည့် "လူတိုင်းအတွက် မြန်မာ့စာတိုက် (Myanmar Post for Everyone)" ဟူသည့် ရည်မှန်းချက်နှင့်အညီ မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် စာပို့ကွန်ရက်ကို နည်းပညာအဆင့်မြှင့်တင်ပြီး လုပ်ငန်းသစ်များထပ်မံတိုးချဲ့ကာ ဝန်ဆောင်မှုအသစ်များ ဆောင်ရွက်လျက်ရှိကြောင်း၊ နောင်တွင်လည်း မြန်မာတစ်နိုင်ငံလုံးရှိ စာတိုက်ရုံးပေါင်း ၈၀၀ ကျော်ဖြင့် ဖြန့်ကြက်ချိတ်ဆက်ထားသည့် အကြီးမားဆုံးစာတိုက်ကွန်ရက်ကို အသုံးပြု၍ နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြုနိုင်မည့် ဝန်ဆောင်မှုကောင်းများပေးနိုင်ရေး ပိုမိုအားထုတ် ကြိုးပမ်းဆောင်ရွက်သွားစေလိုပါကြောင်း၊ စာပို့တိုက်လုပ်ငန်းများတွင် ဒစ်ဂျစ်တယ်နည်းပညာများ ထိထိမိမိ အသုံးပြု၍ ခေတ်နှင့်လျော်ညီအောင် ပြုပြင်ပြောင်းလဲကာ နိုင်ငံတကာဈေးကွက်သို့ အောင်မြင်စွာချိတ်ဆက်နိုင်မည်ဖြစ်ကြောင်းနှင့် ၂၈ ကြိမ်မြောက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂညီလာခံက ချမှတ်ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှုနည်းဗျူဟာများ၊ သဘောတူညီချက်များနှင့် နိုင်ငံတကာမှ စာပို့တိုက်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ နည်းပညာတိုးတက်မှု အခြေအနေများကို စာပို့တိုက်ကဏ္ဍ ကြီးကြပ်ဆောင်ရွက်သူ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန မြန်မာ့စာတိုက်လုပ်ငန်းနှင့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူတို့က မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်၍ မိမိတို့နိုင်ငံ၏ စာပို့တိုက်ကဏ္ဍပိုမိုတိုးတက်လာနိုင်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂဌာနချုပ် ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့လာသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့သဝဏ်လွှာ ဗီဒီယိုမှတ်တမ်းနှင့် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းများကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် ၅၅ ကြိမ်မြောက် အသက် ကိုးနှစ်ပြည့်ပြီး အသက် ၁၅ နှစ်နှင့်အောက် နိုင်ငံတကာ လူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ၌ ပထမဆုရရှိသည့် ရခိုင်ပြည်နယ် စစ်တွေမြို့မှ မပြုံးသက်ပိုင်ထွန်း၊ ဒုတိယဆုရရှိသည့် နေပြည်တော် ပျဉ်းမနားမြို့မှ မစုမြတ်နဒီ၊ တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအနောက်ပေါင်းတည်မြို့နယ်မှ မဖြိုးရတနာဇော်နှင့် အထူးဆုရရှိသည့် မွန်ပြည်နယ် မော်လမြိုင်မြို့မှ မအေးယမုံသွယ်တို့ကို ဂုဏ်ပြုဆုများပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က နိုင်ငံတကာ လူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)အတွက် အကဲဖြတ်ပေးကြသော အကဲဖြတ်အဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ၁၅၂ နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်ပြခန်းတွင် ခင်းကျင်းပြသထားသည့် စာပို့တိုက်လုပ်ငန်းများ ကာလအလိုက်အဆင့်ဆင့်တိုးတက် ပြောင်းလဲလာခြင်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ စာအုပ်စာတမ်းများ၊ လုပ်ငန်းဆိုင်ရာပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

❖ **U-18 ပြေးခုန်ပစ်ပြိုင်ပွဲမှ**

ကျင်းပခဲ့သည်။

အခမ်းအနားသို့ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ဇင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်ထင်၊ ဒေါ်စန်းစန်းနွယ်၊ ဦးရဲတင့်၊ ဦးညီညီ၊ ဒေါက်တာသန့်ဇော်လွင်၊ အားကစားရေးရာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့နှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ယနေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး(မီတာ ၁၀၀၊ မီတာ ၁၅၀၀၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ သုံးဆင့်ခုန်၊ လုံးတံပစ်) ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ အမျိုးသမီး လုံးတံပစ်ပြိုင်ပွဲ၊ အမျိုးသားလုံးတံပစ်ပြိုင်ပွဲနှင့် အမျိုးသမီးသုံးဆင့်ခုန်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများ၊ အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့သူများကို ညွှန်ကြားရေးမှူးချုပ်များကလည်းကောင်း၊ အမျိုးသမီး မီတာ ၁၅၀၀ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်ကလည်းကောင်း၊ အမျိုးသား မီတာ ၁၅၀၀ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို ဒုတိယဝန်ကြီး ဦးညီညီကလည်းကောင်း၊ အမျိုးသမီး မီတာ ၁၀၀ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို ဒုတိယဝန်ကြီး ဦးရဲတင့်ကလည်းကောင်း၊ အမျိုးသား မီတာ ၁၀၀ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်ကလည်းကောင်း၊ အမျိုးသမီး မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို ဒုတိယဝန်ကြီး ဦးကျော်ထင်ကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့်ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး အမျိုးသား မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ပြိုင်ပွဲတစ်လျှောက် ရမှတ် ၉၂ မှတ်ဖြင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးအသင်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ဇင်ကလည်းကောင်း၊ အမျိုးသားသံလုံးပစ်ပြိုင်ပွဲတွင် ၂၀၀၆ ခုနှစ် ကချင်ပြည်နယ်အသင်းမှ ဒီရဲဂူ၏ စံချိန် 14.43 မီတာထက် သာလွန်၍ စံချိန် 14.54 မီတာဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည့် ရှမ်းပြည်နယ်အသင်းမှ ဟိန်းသူရမိုးနှင့် ပြိုင်ပွဲတစ်လျှောက် ရမှတ် ၇၇ မှတ်ဖြင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိခဲ့သည့်မန္တလေးတိုင်းဒေသကြီးအသင်းတို့ကို ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်ကလည်းကောင်း ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့သည်။



ထို့နောက် ပြိုင်ပွဲတစ်လျှောက် ရမှတ် ၁၅၃ မှတ်ဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိခဲ့သည့် ရှမ်းပြည်နယ်အသင်းကို ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက တိုင်းဒေသကြီးနှင့်ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ စုပေါင်းတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့သည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၆ ရက်မှ ၉ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း စုစုပေါင်း ဦးရေ ၃၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)



☆ ကျောဖုံးမှအဆက်

ဒြပ်ရှိနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ စုံလင်စွာတည်ရှိခြင်းသည် လူမျိုးတစ်မျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် မေ ၇ ရက်တွင် UNESCO ၏ ၂၀၀၃ ခုနှစ် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပဋိညာဉ်စာချုပ်၌ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်းလည်း ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ အတွင်းရေးမှူးနှင့် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ပညာရှင်အဖွဲ့ဥက္ကဋ္ဌတို့က အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများ၊ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပညာရှင်အဖွဲ့ ညှိနှိုင်းအစည်းအဝေးရလဒ်များ၊ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသူများက ဒေသအလိုက်၊ ကဏ္ဍအလိုက်ဆောင်ရွက်လျက်ရှိသည့် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆက်စပ်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆို



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် အောက်တိုဘာ ၉**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးတို့အတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်ပန်းကုံးများ၊ အောင်သပြေခက်များကမ်း၍ လည်းကောင်း၊ အတီး၊ အမှုတ်၊အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(ဌာန)

## ၉-၁၀-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၈ ~ ၃၆၇၀ | ၅၅၈.၅ ~ ၅၅၈.၇ | ၁၂၅.၄ ~ ၁၂၅.၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၄,၆၇၁,၃၀၀.၈၈ | ၉,၇၂၆,၈၅၁.၃၈ | ၆၁,၃၅၅,၁၁၇.၃၉ | - |

**၂၀၂၆ ခုနှစ် အောက်တိုဘာ ၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

၂၀၂၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့

World Food Day 2026

"ယနေ့တီထွင်ဆန်းသစ်မှ အာဟာရပြည့်ဝ အနာဂတ်လှ"

(Innovate today. Nourish tomorrow.)

အောက်တိုဘာလ ၁၆ ရက်နေ့






❍ မြန်မာ့ပေါ်ဆန်းမှ

လမ်းညွှန်ဆောင်ပုဒ်နှင့်အညီ ယခုလို နိုင်ငံတကာ အသိအမှတ်ပြုဆုရရှိခြင်းအတွက် နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများ၊ ပေါ်ဆန်းစိုက်ပျိုးသော တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးပညာရှင်များ၊သုတေသီများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုမ္ပဏီများနှင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့်ဆက်လက်၍ ပူးပေါင်းကြိုးပမ်းဆောင်ရွက်နေမှုများကို ဂုဏ်ယူစွာ အသိအမှတ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

၂။ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၇ ရက်မှ ၁၀ ရက်ထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပသော နိုင်ငံတကာ ဆန်စပါးညီလာခံနှင့် ဆက်စပ်ဆွေးနွေးပွဲများ၊ ပြပွဲများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့၏ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေး ကိုယ်စားလှယ်အဖွဲ့နှင့် ဆန်ပို့ကုန်ကုမ္ပဏီများ စုစုပေါင်းကိုယ်စားလှယ် ၅၅ ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။ အသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်အနေဖြင့် Myanmar Rice Outlook 2026 ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့ပြီး မြန်မာ့ဆန်ပြခန်းကို ခင်းကျင်းပြသခဲ့ပါသည်။ ခရီးစဉ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တိုးမြှင့်တင်ပို့နိုင်ရေး၊ မလေးရှားနိုင်ငံနှင့် အာဖရိကနိုင်ငံတို့သို့ ဆန်တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို ဆွေးနွေးခဲ့ပြီး ပါဝင်တက်ရောက်သော ကုမ္ပဏီများအနေဖြင့် အရောင်းအဝယ်စာချုပ်များချုပ်ဆိုနိုင်ရေး ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် နိုင်ငံတော်၏ လမ်းညွှန်မှုများနှင့်အညီ မြန်မာ့လယ်ယာထွက်ကုန်တန်းမြင့်ဆန်များကို ယခုဘဏ္ဍာနှစ် ၂၀၂၆-၂၀၂၇ တွင် တန်ချိန် သုံးသန်းပို့ကုန်ရည်မှန်းချက်ထားပြီး အဆိုပါရည်မှန်းချက်ကို ပြည့်မီကျော်လွန်စေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

## ထူးခြားသည့် နေ့အပူချိန်များ

(၉- ၁၀ -၂၀၂၆)

| | | | | |
|---|---|---|---|---|
| ချောက် | ၃၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဘီးလင်း | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| နေပြည်တော် | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။**

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၉**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တာဝန်ရှိသူတစ်ဦးက ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းကို စုပေါင်းတံခွန်စိုက်ဒိုင်း ချီးမြှင့်ပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တာဝန်ရှိသူတစ်ဦးက ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းကို စွယ်စုံတံခွန်စိုက်ဒိုင်း ချီးမြှင့်ပေးအပ်စဉ်။



တာဝန်ရှိသူတစ်ဦးက ဆုရရှိသူများကို ဆုများ ချီးမြှင့်ပေးအပ်စဉ်။







၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

● **အားကစားပြိုင်ပွဲများမှ**

ထို့နောက် တက်ရောက်လာကြသူများက အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ လေးယောက်လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ လေးယောက်လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အသင်းလိုက် ဗိုလ်လုပွဲ ပွဲစဉ်များကို ကြည့်ရှုအားပေးကြပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အသင်းလိုက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် စံချိန်ချိုးဆု၊ အမျိုးသားတံခွန်စိုက်ဒိုင်းဆုကို ရွှေ ခုနစ်ခု၊ ငွေ ငါးခု ၊ ကြေး သုံးခု ရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်း၊ အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုကို ရွှေ ၁၂ ခု၊ ငွေ ခြောက်ခု၊ ကြေး ခြောက်ခုရရှိသော ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ကို တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုများနှင့် တံခွန်စိုက်ဒိုင်းဆုများကို ချီးမြှင့်ကြပြီး အမျိုးသား၊ အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်းဆုကို ရွှေ ၁၄ ခု၊ ငွေ ၁၉ ခု၊ ကြေး ကိုးခုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တာဝန်ရှိသူတစ်ဦးက စုပေါင်းတံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်းနှင့် ငွေသားဆုများ ချီးမြှင့်ပေးအပ်သည်။

အလားတူ ၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ကာကွယ်ရေးဦးစီးချုပ်ရုံး ဝင်းအတွင်းရှိ စံပယ်(၆) အားကစားရုံ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူများ၊ အရာရှိစစ်သည်မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ အလွတ်တန်း လေးယောက်တွဲအဖွဲ့လိုက် ဗိုလ်လုပွဲပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အသက် ၂၅ နှစ်အောက် နှစ်ယောက်တွဲအဖွဲ့လိုက်၊ သုံးယောက်တွဲအဖွဲ့လိုက်၊ အလွတ်တန်းနှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ လေးယောက်တွဲ အဖွဲ့လိုက်၊ ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် တံခွန်စိုက်ဒိုင်းရရှိသည့် အသင်းများကို တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုများနှင့် တံခွန်စိုက်ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ စွယ်စုံတံခွန်စိုက်ဒိုင်းဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တာဝန်ရှိသူတစ်ဦးက စွယ်စုံတံခွန်စိုက်ဒိုင်းဆု ချီးမြှင့်ပေးအပ်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(B)၌ အမျိုးသား၊ အမျိုးသမီး ကွာတားအဆင့်ပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ၃၃ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌ အမျိုးသားဗန်တိုအတိုက် (က)တန်း၊ အမျိုးသားဗန်တိုအတိုက် (ခ)တန်း၊ အမျိုးသား ပန်ကြပ်ဆီလပ်အတိုက် (ခ)တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသမီး ပန်ကြပ်ဆီလပ်အတိုက် အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားနှစ်လက်အတိုက် (က)တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားတစ်လက်အတိုက် (က)တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသမီး ဓားတစ်လက်အတိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသားလေးယောက်အတွဲတိုက်စွမ်းရည်ပြပြိုင်ပွဲများ၊အမျိုးသားငါးယောက်အတွဲတိုက်စွမ်းရည်ပြပြိုင်ပွဲများကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ စိန်ပန်းခန်းမ(၂)၌ ၂၀၂၆ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ကရာတေးပြိုင်ပွဲကို ကီလိုတန်းအလိုက် လူသစ်တန်း၊ အကြီးတန်းကုမိတဲ့ပြိုင်ပွဲ ပွဲစဉ်များအသီးသီးယှဉ်ပြိုင်ကစားကြသည်။

၅၆ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် လူသစ်တန်း၊ အလွတ်တန်းနှင့် (က)အဆင့်အကြို ဗိုလ်လုပွဲစဉ်များကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊အရာရှိစစ်သည်မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုဖြစ်ပွားခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုဖြစ်ပွားခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ်။

**နေပြည်တော် အောက်တိုဘာ ၉**

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ် (Land Depression)၏ အရှိန်ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက် ညနေပိုင်းမှစတင်၍ မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းပြီး မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်-လောင်းလုံး-ကျောက်နီမော်-ရှင်မော်လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်း၊ မြေပြိုကျ၍ လမ်းပိတ်ခြင်း၊ လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များပိတ်ဆို့ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ထားဝယ်-လောင်းလုံး-ကျောက်နီမော်-ရှင်မော်လမ်းမကြီးပေါ်ရှိ ပြိုကျ၍ လမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့သည့်နေရာများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာရပ်ကွက်များတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများ ပါဝင်သော ကူညီကယ်ဆယ်ရေးများသည် လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အပျက်အစီးများ ဖယ်ရှားခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊လမ်းပေါ်ရှိ မြေစိုင်ခဲများ ဖယ်ရှားခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး သောက်သုံးရေများဖြန့်ဝေပေးသည်။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များက လောင်းလုံးမြို့ဝန်းကျင်ဒေသရှိ သဗျာ၊ ပညင်း၊ ညှင်းမှော်၊ ပြင်းထိန်၊ ပိန်းရှောင်၊ စန်းလှမ်းကျေးရွာတို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီမြို့ အောက်ကင်းကျေးရွာရှိရေဘေးသင့်ဒေသခံပြည်သူများကိုလည်း နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တို့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေပြန်လည်ကျဆင်းသည့် မြို့ရွာ၊ ရပ်ကွက်များ၌ နုန်းများ၊ အမှိုက်များ ဖယ်ရှားရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့ပြီး ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ငဝန်မြစ်ရေသည် အောက်တိုဘာ ၁ ရက်တွင် လေးမျက်နှာမြို့နယ်၊ အောက်တိုဘာ ၂ ရက်တွင် ကျောင်းကုန်းမြို့နယ်၊ အောက်တိုဘာ ၅ ရက်တွင် ကျုံပျော်မြို့နယ်၊ အောက်တိုဘာ ၇ ရက်တွင် ငါးသိုင်းချောင်းမြို့တို့၌ ရေများပြန်လည်ကျဆင်းသွားခဲ့ပြီး ယနေ့တွင် ရေကြည်မြို့နယ်အတွင်း ရေများပြန်လည်ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေပြန်လည်ကျဆင်းသွားသည့်နေရာများတွင် နုန်းများ၊ အမှိုက်များ ဖယ်ရှားရှင်းလင်းပေးစဉ်။

# ကေဗွီ ၂၃၀ ရွှေတောင်-ဥသျှစ်ပင်ဓာတ်အားလိုင်း၊ ၆၆ ကေဗွီ ဥသျှစ်ပင်-မြန်အောင် ဓာတ်အားလိုင်းနှင့် ကေဗွီ ၂၃၀ ကမာနတ်-စစ်တောင်း-သထုံ ဓာတ်အားလိုင်းတို့ကို ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်မည်



ကေဗွီ၂၃၀ကမာနတ်-စစ်တောင်း ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရမည့် မှတ်တမ်းဓာတ်ပုံ။




ကေဗွီ ၂၃၀ စစ်တောင်း-သထုံ ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရမည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့ ဧရိယာများသို့ စဉ်ဆက်မပြတ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ကေဗွီ ၂၃၀ ရွှေတောင်-ဥသျှစ်ပင် ဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ ဥသျှစ်ပင်-မြန်အောင်ဓာတ်အားလိုင်းတို့တွင်မလိုလားအပ်သည့်ဓာတ်အားပြတ်တောက်ခြင်းများ မဖြစ်ပေါ်စေရေးအတွက် အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီမှညနေ ၃ နာရီထိ ဓာတ်အားပိတ်၍ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း မြန်အောင်၊ ကနောင်၊ ကြံခင်း၊ ဘက်ရဲ၊ အင်္ဂပူ၊ ထူးကြီး၊ မဲဇလီကုန်း၊ ကံမ၊ မင်းတုန်း၊ ပန်းတောင်းမြို့တို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်သည်။

အလားတူ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့ ဧရိယာများသို့ စဉ်ဆက်မပြတ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် အရေးပါသောဓာတ်အားလိုင်းဖြစ်သည့် ကေဗွီ ၂၃၀ ကမာနတ်-စစ်တောင်း-သထုံ ဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၃၄၊ ၁၈၉၊ ၂၀၁၊ ၂၁၉၊ ၂၂၆၊ ၂၇၉)တို့တွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီထိဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း ကျိုက်ထိုမြို့၊ သိမ်ဇရပ်မြို့၊ ဆောင်နိုင်ကြီးရွာတို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်သည်။

ထို့အတူ ကရင်ပြည်နယ် ဘားအံမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေး၊ ဓာတ်အားလိုင်း ကြံ့ခိုင်ကောင်းမွန်စေရေးတို့အတွက် ၂၃၀/၆၆/၁၁ ကေဗွီ ဘားအံပင်မ ဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ ဘားအံဖီဒါ(၃) နှင့်(၄ )ကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါဖီဒါများမှ ဓာတ်အားဖြန့်ဖြူးပေးထားသော အရေးကြီးနေရာများနှင့် ကျေးရွာအချို့တွင် ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ပါသဖြင့် ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ အများပြည်သူများကို ကြိုတင်ညှိနှိုင်း အကြောင်းကြားထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ **ပြန်လည်ဝင်ရောက်မှ**

ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိရာ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ကိုးဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း ၁၀ ဦးတို့သည် လက်နက်၊ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်ခဲ့ပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ အောင်ဆန်းခန်းမ၌ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးက ဥပဒေအကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် AK-47 သေနတ် တစ်လက်၊ လက်လုပ်သေနတ် သုံးလက်၊ ပစ္စတိုသေနတ် တစ်လက်၊ ခြောက်လုံးပြူးသေနတ် တစ်လက်၊ လက်ပစ်ဗုံး ငါးလုံး၊ စကားပြောစက် ငါးလုံးတို့ကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ၎င်းနောက် တိုင်းမှူးက မောင်းပြန်ရိုင်ဖယ် တစ်လက်အတွက် ငွေကျပ် သိန်း ၅၀၊ လက်လုပ်သေနတ် သုံးလက်အတွက် ငွေကျပ်သိန်း ၉၀၊ ပစ္စတိုသေနတ် တစ်လက်အတွက် ငွေကျပ် သိန်း ၂၀၊ ခြောက်လုံးပြူးသေနတ် တစ်လက်အတွက် ငွေကျပ် သိန်း ၂၀၊ လက်ပစ်ဗုံး ငါးလုံးအတွက် ငွေကျပ် ၁၅ သိန်း၊ စကားပြောစက် ငါးလုံးအတွက် ငွေကျပ် ၁၀ သိန်း၊ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူ ၁၀ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ်ငါးသိန်း စုစုပေါင်းငွေကျပ်သိန်း ၂၁၀ နှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးရာ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများကို မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်မှ အမျိုးသားတစ်ဦး၊ အင်းစိန်မြို့နယ်မှ အမျိုးသား တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှ အမျိုးသား တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ ဟိုင်းကြီးကျွန်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ မွန်ပြည်နယ် ပေါင်မြို့နယ်မှ အမျိုးသား တစ်ဦး၊ ဘီးလင်းမြို့နယ်မှ အမျိုးသား နှစ်ဦး၊ သထုံမြို့နယ်မှ အမျိုးသား တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်မှ အမျိုးသမီး တစ်ဦး၊ စုစုပေါင်း ၁၀ ဦးတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက်ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိသဖြင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ များစွာကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ



**နေပြည်တော် အောက်တိုဘာ ၉**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့ရှိ နယ်မြေခံ တပ်ရင်း၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊ အတီး၊ အမှုတ်၊အက၊အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုကြစဉ်။

(၅၀၁)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၉**

အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် လူငယ်လူရွယ်များ၏ အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်း (လယ်သာ) နှင့် အခြေခံပညာအလယ်တန်းကျောင်း (ရွာတော်)တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်း ရုပ်ရှင်ကို စိတ်ပါဝင်စားစွာ ကြည့်ရှုကြသည်။ ယင်းနောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို မုန့်များ ပေးဝေကြသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့်ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ၎င်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များ မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"သမီးနာမည်က ပါရမီဖြိုးဝေဖြစ်ပါတယ်ရှင့်။ သမီးတို့က အခြေခံပညာအလယ်တန်းကျောင်း ရွာတော်ကျောင်းကနေပြီးတော့ စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာတာပဲဖြစ်ပါတယ်ရှင့်။ စစ်သမိုင်းပြတိုက်မှာ ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေကို လေ့လာခဲ့ပြီးဖြစ်ပါတယ်ရှင့်။ ကြည်းတပ်မှာဆိုရင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ အသုံးအဆောင်တွေ၊ပြီးရင် စစ်လက်နက်တွေ အများအပြားတွေ့ရှိခဲ့ရတယ်။ အဲ့ဒါလဲ သမီးတို့ မှတ်စုစာအုပ်တွေထဲမှာရေးမှတ်ခဲ့တယ်။ ရေတပ်မှာဆိုရင်လဲ သင်္ဘောတွေ၊ မြန်မာနိုင်ငံရဲ့မြေပုံအကြောင်းတွေကိုလဲ သမီးတို့လေ့လာခဲ့ပါတယ်။ လေတပ်မှာဆိုရင် သမီးတို့ လေယာဉ်တွေအကြောင်းတွေ၊ လေယာဉ်တွေရဲ့ အမျိုးအစားတွေကိုလဲ လေ့လာခဲ့ပြီးဖြစ်ပါတယ်။သမီးအဲ့ဒီလိုမျိုး လာရောက်လေ့လာရတဲ့အတွက် မမြင်ဖူးတဲ့အရာတွေ အကုန်လုံးကိုလဲ ဗဟုသုတအနေနဲ့တွေ့ခဲ့ရပါတယ်။ ပြီးတော့ သမီးတို့သမိုင်းစာအုပ်ထဲမှာ သင်ခဲ့တဲ့အရာတွေလဲ အပြင်မှာ မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရတာပဲဖြစ်ပါတယ်။ သမီးတို့ကို အခုလိုမျိုး လာရောက်ဖို့အတွက် စီစဉ်ပေးတဲ့ လူကြီးတွေကိုလဲ ကျေးဇူးတင်ပါတယ်။ ဒီလိုမျိုး မစီစဉ်ပေးခဲ့ရင်လဲ သမီးတို့ရောက်ဖြစ်မှာမဟုတ်ပါဘူး။ ဒီလိုမျိုး ဗဟုသုတတွေလဲ မြင်တွေ့ရမှာမဟုတ်ဘူး။ အဲ့ဒီအတွက်လဲ အရမ်းကိုဝမ်းသာပြီးတော့ ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။





"သမီးရဲ့ နာမည်ကတော့ မချိုချိုဖြိုးစင်ဖြစ်ပါတယ်။ နေပြည်တော် အခြေခံပညာအလယ်တန်းကျောင်းရွာတော်မှာ ပညာသင်ကြားနေတဲ့ G-9 ကျောင်းသူပဲဖြစ်ပါတယ်။ ဒီနေ့မှာဆိုရင် သမီးတို့က စစ်သမိုင်းပြတိုက်ကို လာရောက်ပြီးတော့ လေ့လာကြတယ်။ စစ်သမိုင်းပြတိုက်မှာဆိုရင် ကြည်းတပ်ရှိမယ်၊ ရေတပ်ရှိမယ်၊ လေတပ်ရှိမယ်။ ကြည်းတပ်မှာဆိုရင် ဗိုလ်ချုပ်အောင်ဆန်းတို့ရဲ့ စစ်သမိုင်းအကြောင်းတွေ၊လေတပ်မှာဆိုရင် ဗိုလ်ချုပ်အောင်ဆန်းတို့ အရင်ကအသုံးပြုခဲ့တဲ့ မော်တော်ယာဉ်အကြောင်းတွေ၊ ရေတပ်မှာဆိုရင်လဲ အရင်ကအသုံးပြုခဲ့တဲ့ သင်္ဘောအကြောင်းကို သိရှိလေ့လာခဲ့ရပါတယ်။ ဒီလို စစ်သမိုင်းပြတိုက်ကို လေ့လာရတဲ့ အကျိုးကျေးဇူးကတော့ မသိသေးတဲ့အကြောင်းအရာတွေ သိရတယ်။ ဒီနိုင်ငံကို ဘယ်လိုလွတ်လပ်ရေးရအောင်လုပ်ခဲ့တာလဲဆိုတာ အကုန်လုံးကိုလဲသိခဲ့ရတယ်။ သမီးတို့ကို ဒီလို စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာဖို့ နိုင်ငံတော်ကနေ စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်"ဟုပြောသည်။

(၅၀၁)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ထိုင်းနိုင်ငံသား လေးဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၂ ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၉**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ထိုင်းနိုင်ငံသား လေးဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၂ ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးတို့၏ ကြီးကြပ်မှုဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးကောင်းမြတ်ကျော်နှင့်တာဝန်ရှိသူများက ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဌာနမှ Deputy Inspector Pol.Capt Kiattisak Jeefu နှင့် တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများနှင့်အတူ စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်အတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသား တစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား တစ်ဦး၊ ယူဂန်ဒါ နိုင်ငံသား နှစ်ဦး၊ ဘူရွန်ဒီနိုင်ငံသား သုံးဦး၊ အီသီယိုးပီးယားနိုင်ငံသား သုံးဦး၊ ပါကစ္စတန်နိုင်ငံသား သုံးဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား လေးဦး၊ အိန္ဒိယနိုင်ငံသား ငါးဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၂၂ ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် (အောက်တိုဘာ ၉ ရက်)ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၅၂၉၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၄၀၈၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်း များနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၀၇ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁)အရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၄၈၅ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၇၂၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပြည်ပနိုင်ငံသား ၂၂ ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိစဉ်။

# လူမှုကွန်ရက်ပေါ်တွင် တပ်မတော်သားတစ်ဦးကဲ့သို့ အယောင်ဆောင်ကာ ပြည်သူ့စစ်မှုထမ်းများ ပြန်လည်ထုတ်ပေးနိုင်ကြောင်း လိမ်လည်ဖော်ပြ၍ ငွေကြေးလိမ်လည်နေသူများကို ဖမ်းဆီးရမိ



ဖမ်းဆီးရမိတရားခံ “ဗိုလ်ကြီးသူရဇော်” နှင့် “ဗိုလ်ကြီး” TikTok Account တို့ဖြင့် ငွေကြေးလိမ်လည်သူ တိုးလှိုင်ဝင်း၏ မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိတရားခံ “မင်းကိုကို” TikTok Account ဖြင့် ငွေကြေးလိမ်လည်သူ စိုးသူရအောင်၏ မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိတရားခံ “ဗိုလ်ကြီးထက်ကောင်းနိုင်” TikTok Account ဖြင့် ငွေကြေးလိမ်လည်သူ နိုင်လင်းဦး၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၉**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။ထိုသို့ ထုတ်ပြန်ကြေညာထားသော်လည်း တပ်မတော်၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ လူမှုကွန်ရက်ပေါ်တွင် တပ်မတော်သားတစ်ဦးကဲ့သို့အယောင်ဆောင်ပြီး “ပြည်သူ့စစ်မှုထမ်းများကို ပြန်လည်ထုတ်ပေးနိုင်ကြောင်း” လိမ်လည်ဖော်ပြကာ ငွေကြေးလိမ်လည်မှုများ ကျူးလွန်လျက်ရှိသည့်အတွက် ပြည်သူအချို့အနေဖြင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များအရ သိရသည်။

အဆိုပါ ငွေကြေးလိမ်လည်သူများကို ဖမ်းဆီးနိုင်ရေးဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၃ ရက်တွင် “ဗိုလ်ကြီးသူရဇော်”နှင့် “ဗိုလ်ကြီး” TikTok Account တို့ဖြင့် ငွေကြေးလိမ်လည်သူ တိုးလှိုင်ဝင်းကို တောင်ငူမြို့၌လည်းကောင်း၊ စက်တင်ဘာ ၁၇ ရက်တွင် “မင်းကိုကို” TikTok Account ဖြင့် ငွေကြေးလိမ်လည်သူ စိုးသူရအောင်ကို ရွှေကျင်မြို့နယ်ရှိ ၎င်း၏ နေအိမ်၌လည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်တွင် “ဗိုလ်ကြီးထက်ကောင်းနိုင်” TikTok Account ဖြင့် ငွေကြေးလိမ်လည်သူ နိုင်လင်းဦးကို မြောင်းမြမြို့၌လည်းကောင်း စုစုပေါင်း တရားခံ သုံးဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများကို စိစစ်ဖော်ထုတ်ချက်များအရ တိုးလှိုင်ဝင်း၊ စိုးသူရအောင်နှင့် နိုင်လင်းဦးတို့သည် လူမှုကွန်ရက် အကောင့်အတုများဖြင့် တပ်မတော်သားတစ်ဦးကဲ့သို့ အယောင်ဆောင်ကာ လူမှုကွန်ရက်ပေါ်၌တွေ့ရှိရသော တပ်မတော်အရာရှိများ၏ ဓာတ်ပုံများနှင့် ရုပ်သံဖိုင်များကို ၎င်းတို့၏ လူမှုကွန်ရက်အကောင့်အတုများတွင် ပြန်လည်အသုံးပြုဖော်ပြပြီး ပြည်သူ့စစ်မှုထမ်းများကို ပြန်လည်ထုတ်ပေးနိုင်ကြောင်း လိမ်လည်ဖော်ပြ၍ ၎င်းတို့ထံသို့ ဆက်သွယ်လာသူများကို ယုံကြည်အောင်လိမ်လည်ပြောဆိုကာ ငွေကြေးလိမ်လည်မှုများ ကျူးလွန်ခဲ့ကြောင်း တွေ့ရှိရသဖြင့် ၎င်းတို့ သုံးဦးကို တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မိဘပြည်သူများအနေဖြင့် တပ်မတော်၏ဂုဏ်သိက္ခာကျဆင်းစေရန် တပ်မတော်သားတစ်ဦးကဲ့သို့ အယောင်ဆောင်ကာ ပြည်သူ့စစ်မှုထမ်းများ ပြန်လည်ထုတ်ပေးနိုင်ကြောင်းဖော်ပြ၍ ငွေကြေးလိမ်လည်နေသူများကိုသိရှိပါက သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်းနှင့် ထိုကဲ့သို့ ငွေကြေးလိမ်လည်နေသူများကိုဆက်လက်ဖော်ထုတ်၍ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(၅၀၁)**

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၉**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်ထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေးနှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများ စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုပြမြေပုံ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိဖြိုချဖျက်ဆီးရန်ကျန်အဆောက်အအုံ၆၃ လုံးကို ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခြင်းများကို အောက်တိုဘာ ၆ ရက်မှစ၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးရမည့် အဆောက်အအုံများအနက် ငါးထပ်အဆောက်အအုံတစ်လုံးကို ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့ထိ ၈၅ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ခြောက်ထပ် အဆောက်အအုံ တစ်လုံးကိုလည်း ယမ်းပြင်ယမ်းကပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၆၂ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (Online Scam)များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများ မဖြိုဖျက်မီတွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများ စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုကိုတွေ့ရစဉ်။

# အစိုးရ၏ Online ဝန်ဆောင်မှုလုပ်ငန်းများ၊ ပုဂ္ဂလိက Online ဝန်ဆောင်မှုလုပ်ငန်းများနှင့် အများပြည်သူအသုံးပြုလျက်ရှိသော ပုဂ္ဂလိကဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်တို့အပေါ် ဆိုက်ဘာတိုက်ခိုက်ခဲ့သူကို ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၉**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုမြန်ဆန်ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် e-Government စနစ် ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်လျက်ရှိသည်။ ပြည်သူလူထုနှင့်တိုက်ရိုက်ထိတွေ့ရသော အစိုးရ၏ဝန်ဆောင်မှုများ၊ ဌာနဆိုင်ရာများကြား ချိတ်ဆက်ဆောင်ရွက်သည့် ကွန်ရက်စနစ်များအပါအဝင် ပြည်သူ့ဝန်ဆောင်မှုပေးသည့် ပလက်ဖောင်းများနှင့် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများကို စနစ်တကျတည်ဆောက်လျက်ရှိသကဲ့သို့ ပုဂ္ဂလိက Online ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပုဂ္ဂလိကဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။

e-Government စနစ်ကို ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သတင်းအချက်အလက်များ၊ ဆိုက်ဘာအရင်းအမြစ်များနှင့် အရေးကြီးသတင်း အချက်အလက်ဆိုင်ရာ အခြေခံလုပ်ငန်းများကို ခွင့်ပြုချက်မရှိဘဲ ရယူမှု၊ အသုံးပြုမှု၊ နှောင့်ယှက်မှု၊ ထုတ်ဖော်ရေးသားမှု၊ပေးပို့ဖြန့်ဝေမှုများ လုပ်ဆောင်လျက်ရှိသည့် ဆိုက်ဘာရာဇဝတ်မှုပြစ်မှုကျူးလွန်သူများကိုဖော်ထုတ်၍ ဆိုက်ဘာလုံခြုံရေးဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၆ ခုနှစ်အတွင်း အစိုးရဌာနဆိုင်ရာကွန်ရက်များ၊ ပုဂ္ဂလိက Online ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပုဂ္ဂလိကဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်အချို့သည် ဆိုက်ဘာတိုက်ခိုက်မှုများခံခဲ့ရပြီး ဝန်ဆောင်မှုသုံးစွဲသူများ၏ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များကို ဆိုက်ဘာတိုက်ခိုက်သူများက ခြိမ်းခြောက်၍ ငွေကြေးတောင်းခံခြင်း၊ Online မှတစ်ဆင့်ဖြန့်ဝေ၍ ခြိမ်းခြောက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသဖြင့် စိစစ်ဖော်ထုတ်၍ ဖမ်းဆီးအရေးယူနိုင်ရေးဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၀ ရက်တွင် ဆိုက်ဘာတိုက်ခိုက်မှုများ ကျူးလွန်ခဲ့သူ ဝေဖြိုးအောင် ခေါ် အောင်မျိုးကို ဖမ်းဆီးရမိခဲ့သည်။

ဆိုက်ဘာတိုက်ခိုက်မှု ကျူးလွန်ခဲ့သူ တရားခံ ဝေဖြိုးအောင် ခေါ် အောင်မျိုးသည် ၂၀၂၆ ခုနှစ် ဇွန်လ ပထမပတ်ခန့်တွင် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံတကာကောလိပ်တစ်ခုမှ ကျောင်းသားများ၏ Account များမှ အချက်အလက်များနှင့် မြန်မာနိုင်ငံအခြေစိုက် အလုပ်အကိုင်ရှာဖွေရေး Website တစ်ခုမှ အချက်အလက်များကိုလည်းကောင်း၊ ဇွန်လ ဒုတိယပတ်ခန့်တွင် မြန်မာနိုင်ငံအခြေစိုက် ပြည်ပတက္ကသိုလ်တစ်ခုမှ ကျောင်းသားများ၏ အချက်အလက်များကိုလည်းကောင်း၊ ဇူလိုင်လ ဒုတိယပတ်ခန့်တွင် မော်တော်ယာဉ်ငှားရမ်းခြင်း အကျိုးဆောင်လုပ်ငန်း Website တစ်ခုမှ အချက်အလက်များကိုလည်းကောင်း၊ ဩဂုတ်လ ဒုတိယပတ်ခန့်တွင် Telecom Website တစ်ခုမှ အချက်အလက်များနှင့် ပုဂ္ဂလိကဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်တစ်ခု၏ Website မှ အချက်အလက်များကိုလည်းကောင်း၊ စက်တင်ဘာလ ပထမပတ်ခန့်တွင် အစိုးရ၏ Online ဝန်ဆောင်မှု Website တစ်ခုမှ အချက်အလက်များကို လည်းကောင်း ဆိုက်ဘာတိုက်ခိုက်မှုများ ပြုလုပ်၍ အချက်အလက်များကိုတရားမဝင်ရယူကာ ၎င်းအချက်အလက်များကို ပြန်လည်ရယူစေရန် ခြိမ်းခြောက်၍ ငွေကြေးတောင်းခံရယူခြင်း၊ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များကို Online မှတစ်ဆင့် ဖြန့်ဝေခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် e-Government စနစ် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိရာ ထိုကဲ့သို့ ဆိုက်ဘာတိုက်ခိုက်မှုများပြုလုပ်၍ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များကို တရားမဝင်ရယူခြင်း၊ ပြန်လည်ရယူစေရန် ငွေကြေးများ ခြိမ်းခြောက်တောင်းခံခြင်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို Online မှတစ်ဆင့် ဖြန့်ဝေ၍ ခြိမ်းခြောက်ခြင်းများသည် နိုင်ငံတော်အစိုးရ၏ e-Government စနစ်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်မှုများနှင့် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို များစွာသက်ရောက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဆိုက်ဘာရာဇဝတ်မှု ကျူးလွန်ခဲ့သည့် ဖမ်းဆီးရမိတရားခံ ဝေဖြိုးအောင် ခေါ် အောင်မျိုးကို တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မိဘပြည်သူများ အနေဖြင့်လည်း နိုင်ငံတော်အစိုးရက e-Government စနစ်ဖွံ့ဖြိုးတိုးတက်စေရန် အလေးထားဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ သတင်းအချက်အလက် အခြေခံအဆောက်အအုံများ၊ ပုဂ္ဂလိက Online ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပုဂ္ဂလိကဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်များကို ဆိုက်ဘာတိုက်ခိုက်မှုပြုလုပ်ရန်ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိသူများကိုသိရှိပါက သက်ဆိုင်ရာလုံခြုံရေး အဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာသတင်းပေးပို့နိုင်ကြောင်းနှင့် e-Government စနစ်တွင် ပါဝင်သည့် Online ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ဆိုက်ဘာတိုက်ခိုက်ခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ သတင်းအချက်အလက်များကို ဆိုက်ဘာတိုက်ခိုက်မှုပြုလုပ်၍ ခိုးယူခြင်း၊ ၎င်းအချက်အလက်များကို ငွေကြေးများဖြင့် ပြန်လည်ရယူစေရန် ခြိမ်းခြောက်တောင်းခံခြင်း၊ တရားမဝင်ခိုးယူရရှိထားသည့် နိုင်ငံတော်လုံခြုံရေးဆိုင်ရာအချက်အလက်များနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို Online မှတစ်ဆင့်ဖြန့်ဝေ၍ ခြိမ်းခြောက်သူများကိုလည်း ဆက်လက်ဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။ (၅၀၁)



ဖမ်းဆီးရမိသည့် ဆိုက်ဘာတိုက်ခိုက်မှုများ ကျူးလွန်ခဲ့သူ ဝေဖြိုးအောင် ခေါ် အောင်မျိုး ၃၆ နှစ် (ဘ) ဦးလှကြည်

# (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာ့ဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) ပဥ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) ပဥ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) ပဥ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) ပဥ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) ပဥ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) ပဥ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၄၀၀,၀၀၀ | ကျပ် |
| (င) ပဥ္စမဆု | ၃၀၀,၀၀၀ | ကျပ် |
| (စ) အထူးဆု(၁) | ၂၀၀,၀၀၀ | ကျပ် |
| (ဆ) အထူးဆု(၂) | ၂၀၀,၀၀၀ | ကျပ် |
| (ဇ) အထူးဆု(၃) | ၂၀၀,၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၅၀၀,၀၀၀ | ကျပ် |
| (င) ပဥ္စမဆု | ၄၀၀,၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော
ကြံ့၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။






ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

ကုန်ဆုံးသွားသောစွမ်းအားများ DAGON MALTA FRESH နဲ့ ပြည့်စွမ်းထား







ပင်ရင်းအရောင်း- ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာတောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့၊ အမှတ်(၃)နေ မောင်ဝင်းထိုက် (ဘ) ဦးစိုးဝင်း (၉/မခန (နိုင်)၂၀၄၆၀၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-440624624

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်၊ အမှတ်(၃)ဘုန်းတော်ကြီးသင်အမက၊ ရေချမ်းအိုးကျောင်း၊ Grade-2 တွင် ပညာသင်ကြားနေသော မောင်ကောင်းလင်းခန့်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးငြိမ်းဦးကိုကို** ဖြစ်ပါကြောင်း။

ဦးငြိမ်းဦးကိုကို(၉/တသန(နိုင်)၁၈၈၅၅၁)

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်နေ မသက်ဝေနှင်း(၈/မမန(နိုင်)၃၀၉၁၉၃)၏ဖခင်အမည် **ဦးထက်အောင် (ခ) ဦးသိန်းဟန်**သည် တစ်ဦးတည်းဖြစ်ပါကြောင်း။**ဦးထက်အောင် (ခ) ဦးသိန်းဟန်**

(၈/မမန(နိုင်)၁၃၉၇၀၅)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ Smile ကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော မောင်သန့်ဇင်အောင်၏ဖခင်အမည်မှန်မှာ **ဦးအောင်ထွန်း** ဖြစ်ပါကြောင်း။ **ဦးအောင်ထွန်း(၉/ပသက(နိုင်)၀၈၆၄၈၉)**

## ပျောက်ဆုံးကြောင်း

မြစ်သားမြို့နယ်၊ ဒါးရယ်ကောင်းကျေးရွာအုပ်စု၊ ဒါးရယ်ကောင်းကျေးရွာနေ လင်းထက်ဝင်း (ဘ) ဦးသန့်ဇင်ဦး(၉/မသန(နိုင်)၁၉၁၉၆၄)နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-768010044

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၇)ရပ်ကွက်အတွင်းရှိ အကွက်အမှတ်(၂၀)၊ ဦးပိုင်အမှတ်(၉)ရှိ ဘိုးဘပိုင်မြေကွက်ပေါ်တွင် ဦးမြဝင်းအောင်(၉/မခန(နိုင်)၁၅၄၄၂၄)မှ အလျား (၄၃'-၀")၊ အနံ (၈၀'-၀")၊ Iron Frame ၁ ထပ်နှင့် အလျား ၁၅၉'၊ အမြင့် ၅'-၆" ရှိ အုတ်ဝန်းခြံတို့အား ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ဝန်းခြံဆောက်လုပ်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(H-53)ရှိ မြေကွက်ပေါ်တွင် ဦးထွန်းလွင်၊ ဒေါ်စန်းစု (၈/ရစက(နိုင်)၀၅၃၃၉၃)ကိုင်ဆောင်သူမှ အလျား ၁၀၀'၊ အမြင့် ၅'-၆" အုတ်ဝန်းခြံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအုတ်ဝန်းခြံဆောက်လုပ်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

**အဖိုးတန်ရေချိုကို ချွေတာပါ**

## အမည်မှန်၊ မိခင်အမည်မှန်

တံတားဦးမြို့နယ်၊ တောင်ဘီလူအခြေခံပညာအထက်တန်းကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော မနှင်းဝတ်မှုန်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မနှင်းဝတ်မှုံ** ဖြစ်ပြီး မိခင် ဒေါ်စုလှိုင်မင်း၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဒေါ်စုလှိုင်နှင်း** ဖြစ်ပါကြောင်း။

မနှင်းဝတ်မှုံ၊ ဒေါ်စုလှိုင်နှင်း(၁/ဗမန(နိုင်)၀၈၀၄၉၆)

**သင့်သွေးဖြင့် အသက်ကယ်ပါ**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းအချက်အလက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ကျစေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။ ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ကြေးမုံ ယနေ့ဖတ်စရာ

နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းသစ်များ ဆောင်းပါး စာမျက်နှာ - ၁၈

လူမှုကွန်ရက်ပေါ်တွင် တပ်မတော်သားတစ်ဦးကဲ့သို့ အယောင်ဆောင်ကာ ပြည်သူ့စစ်မှုထမ်းများ ပြန်လည်ထုတ်ပေးနိုင်ကြောင်း လိမ်လည်ဖော်ပြ၍ ငွေကြေးလိမ်လည်နေသူများကို ဖမ်းဆီးရမိ စာမျက်နှာ - ၂၈

# "မြန်မာ့လက်ဖက်ယဉ်ကျေးမှု"ကို လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဆက်လက်တင်သွင်းနိုင်ရေး ယူနက်စကိုသို့ အဆိုပြုလွှာပေးပို့ထား

နေပြည်တော် အောက်တိုဘာ ၉

"မြန်မာ့လက်ဖက်ယဉ်ကျေးမှု"ကို ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ၂၀၂၆ ခုနှစ် မတ် ၂၀ ရက်တွင် ယူနက်စကိုသို့ အဆိုပြုလွှာပေးပို့ထားပြီး "ထမနဲယဉ်ကျေးမှုဓလေ့နှင့် "လွန်းရာကျော်ကြိုးကြီးချိတ်" လုပ်ငန်းတို့ကို လာမည့်နှစ်များတွင် ယူနက်စကိုသို့ လူသားမျိုးနွယ်ဆိုင်ရာဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဆက်လက်တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ယနေ့မွန်းလွဲပိုင်းတွင် ရုံးအမှတ်(၃၅) ယဉ်ကျေးမှုရာဇနာခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ ပဉ္စမအကြိမ်အစည်းအဝေးမှ သိရသည်။

ထို့ပြင် မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုး မှီတင်းနေထိုင်သည့်ပြည်ထောင်စုကြီးဖြစ်သည်နှင့်အမျှ စာမျက်နှာ ၂၃ ကော်လံ ၁ ☆




ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ရှမ်းပြည်နယ်အသင်းကို စုပေါင်းတံခွန်စိုက်ဆုဖလား ပေးအပ် ချီးမြှင့်စဉ်။

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မျိုးဆက်သစ်ပြေးခုန်ပစ်အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့်ပြေးခုန်ပစ်အားကစားနည်းပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U–18 ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ စာမျက်နှာ ၂၂ ကော်လံ ၁ ❖

# ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် PDF အမည်ခံ အဖွဲ့ဝင် ၁၀ ဦးကို မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၉

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက်အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation)များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နယ်မြေများကို အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုများအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် စာမျက်နှာ ၂၆ ကော်လံ ၁ ◆



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းထံ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက လက်နက်အပ်နှံစဉ်။

# တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေ ၁၄ ခု၊ ငွေ ၁၉ ခု၊ ကြေး ကိုးခုဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြုအသင်း စုပေါင်းတံခွန်စိုက်ဒိုင်းရရှိ



၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားစဉ်။

နေပြည်တော် အောက်တိုဘာ ၉

တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပလျက်ရှိရာ ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူများ၊ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။ စာမျက်နှာ ၂၅ ကော်လံ ၁ ●

## AFC U-17 အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာနှင့် တရုတ်-ဟောင်ကောင်အသင်းတို့၏ ခြေစစ်ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၉

AFC U–17 အမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် မြန်မာနှင့် တရုတ်–ဟောင်ကောင်အမျိုးသမီးဘောလုံးအသင်းတို့၏ခြေစစ်ပွဲစဉ်ကို အောက်တိုဘာ ၁၁ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD၊ MRTV Sports၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။ (သတင်းစဉ်)